# ဗုဒ္ဓ၏ဥပမာတထောင်

(လေးမြှိုင်)

# ဗုဒ္ဓ၏ ဥပမာတထောင်

လေးမြိုင်

ပုဏ္ဏာမိစာပေ
စာတည်းအဖွဲ့က
စီမံတင်ဆက်သည်

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက် **အမှတ် (၅၄၆၉)**

ပထမအကြိမ်ပုံနှိပ်၊ အုပ်ရေ-၃၀၀၀

တအုပ်-၃ ကျပ်

၁၃၃၄-ခု၊ ဝါခေါင်လ

၁၉၇၂-ခု၊ ဩဂုတ်လ

**ထုတ်ဝေသူ**

ဦးအုန်းမောင်၊ (၀၁၂၁၆ မြဲ)

ရွှေတည်စာပေတိုက်၊ ၆၆၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့

**ပုံနှိပ်သူ**

ဦးစိုးမောင်၊ မှတ်ပုံတင်(၀၀ဂ၀ မြဲ)

သုဓမ္မာစာပုံနှိပ်တိုက်၊ ၂၇၁၊ လမ်း-၄၀၊ ရန်ကုန်မြို့

မျက်နှာဖုံးပန်းချီ-မေစဉ်ငြိမ်းအေး

မျက်နှာဖုံးရိုက်-ကာလာမောင်ဝင်း

ပြည်လုံးကျွတ် ဖြန့်ချိရေး

စာပေလောက၊ ၁၇၃၊ ၃၃-လမ်း၊ **ရန်ကုန်မြို့**

# ဥပမာ တန်ဆောင်

ဤလူ့ဘောင်၌ လူသားတို့သည် ဖြစ်ခြင်း-ပျက်ခြင်း ဟူသော နိယာမ သဘောတရားအရ ရပ်တည်လျက် ရှိနေကြရပေသည်။

ဖြစ်ခြင်း-ပျက်ခြင်း ဟူသည်မှာလည်း အကျိုး-အကြောင်း၊ အဆိုး-အကောင်းနှင့် အမှား-အမှန်ကို အခြေခံ၍ ဖြစ်ပေါ်ရပေသည်။

ထို့ကြောင့် လူသားတို့သည် အကျိုး-အကြောင်း၊ အဆိုး-အကောင်းနှင့် အမှား-အမှန်ကို ပိုင်းပိုင်းခြားခြား သိမြင်ကြရန် လိုအပ်လေသည်။ ယင်းသို့ လူ့ဘောင်၏ အခြေခံ မူလဖြစ်သော သဘောတရားကို ပိုင်ပိုင်သိမြင်မှလည်း အမှားနှင့်အဆိုးကို ရှောင်ဖယ်နိုင်စွမ်း ရှိပေမည်။ အမှန်နှင့် အကောင်းကို ကျင့်သုံး လုပ်ဆောင်နိုင်စွမ်းလည်း ရှိပေလိမ့်မည်။

လူသားတိုင်းသည် မိမိ၏ ပြုလုပ်ဆောင်ရွက်ချက် တိုင်းကို အမှားနှင့်အဆိုးသို့ မရောက်စေဘဲ အမှန်နှင့်အကောင်းတွင်သာ ရှိနေစေပါမူ ဤလူ့ဘောင်ကြီးသည် သာယာဝပြောသော လောကနိဗ္ဗာန်ကြီး ဖြစ်နေမည်မှာ ယုံမှားဖွယ်မရှိပေ။

သာယာဝပြောသော လောကနိဗ္ဗာန်ဟူသည်မှာ လူတိုင်းသည် စား-ဝတ်-နေရေး လူမှုရေး အရပ်ရပ်၌ ကြောင့်ကြစိုးရိမ်မှုမရှိ၊

ဆင်းရဲပင်ပန်းမှုမရှိ၊ လိုချင်တပ်မက်လွန်းခြင်းမရှိ၊ နှိပ်စက် ညှဉ်းပန်း အနိုင်ကျင့်ခြင်းမရှိ၊ မနာလို ဝန်တိုခြင်းမရှိ၊ ဝင့်ဝါမောက် ကြွားခြင်းမရှိ။ လူတိုင်းသည် မည်သည့်လူမှုကိစ္စမျိုး၌ပင် ဖြစ်စေ သင့်တင့်လျောက်ပတ်မှုရှိကြ၏။ မျှတညီညွတ်မှုရှိကြ၏။ ကျေနပ်ရောင့်ရဲမှုရှိကြ၏။ ဤသည်ကား သာယာဝပြောသော လောကနိဗ္ဗာန်၏ အင်္ဂါရပ်များပေတည်း။

ရှင်တော်ဗုဒ္ဓသည် ဤကမ္ဘာလောကကြီး တခုလုံးကို သာယာဝပြောသော လောကနိဗ္ဗာန်ကြီးအဖြစ်သို့ရောက်ရှိစေရန် များစွာ လိုလားတော်မူ၏။

## အမှောင်ခွင်းသော ဗုဒ္ဓ

လောကသားတို့သည် စင်စစ် အားဖြင့် ဆင်းရဲပင်ပန်းလျက် ရှိကြ၏ဟု ဗုဒ္ဓ ရှုမြင်သုံးသပ်မိလေသည်။ ပူပန်ကြောင့်ကြခြင်း၊ ကြောက်ရွံ့ခြင်းတို့နှင့်သာ ကြုံတွေ့နေကြရသည်ဟု ရှုမြင် သုံးသပ်မိလေသည်။

ထို့ကြောင့် ဗုဒ္ဓသည် ယင်းသည့် မလိုလား အပ်သော လူမှု အနိဋ္ဌာရုံများ ကင်းပျောက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက် တော်မူခဲ့၏။

လူမှုအနိဋ္ဌာရုံများ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းကား လိုချင်မက်မောလွန်းခြင်း၊ နှိပ်စက်ညှဉ်းပန်း အနိုင်ကျင့်လိုခြင်း၊ မနာလိုဝန်တိုခြင်း၊ ဝင့်ကြွားမောက်မော်ခြင်း၊ လိမ်လည်ကောက်ကျစ်ခြင်း စသော မကောင်းမှု ဒုစရိုက်တို့ပေတည်း။ ယင်းသည့် မကောင်းမှု ဒုစရိုက်တို့ ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းကား

သူ့ဘောင်၏ အခြေခံဖြစ်သော အကျိုး-အကြောင်း၊ အဆိုး-အကောင်းနှင့် အမှား-အမှန်ကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိမြင်မှုဉာဏ်ပညာ မရှိခြင်းပေတည်း။ ဗုဒ္ဓသည် ယင်းသို့ ဆင်ခြင်တော်မူ၍ လောကသားတို့ သိမြင်မှု ဉာဏ်ပညာ ရရှိရန် အားထုတ်ဆောင်ရွက်ခဲ့၏။ လမ်းညွှန် နည်းပြ ပြုတော်မူခဲ့၏။

ဗုဒ္ဓသည် လောကအား လမ်းညွှန် နည်းပြ ပြုရာ၌ ဥပမာဆောင်၍ ပြတော်မူလေ့ရှိသည်။ ဗုဒ္ဓပိဋကတ်တော်များ၌ ဥပမာပေါင်းများစွာကို တွေ့နိုင်လေသည်။ လောက ကောင်းကျိုးအတွက် အမှန်တရားကို ညွှန်းပြရာ၌ ဗုဒ္ဓ၏ ဥပမာတို့သည် ဆီမီးတန်ဆောင်သဖွယ်ဖြစ်၏။ နားယူမှတ်သားသူအဖို့ သိသာမြင်သာအောင် ဗုဒ္ဓ၏ဥပမာတို့က ထွန်းလင်း၍ပြလေသည်။

ဗုဒ္ဓ၏ဥပမာများသည် လူသားတို့ အသိဉာဏ် တိုးပွားရေးအတွက် အစဉ်ထွန်းပလျက်ရှိမည်သာဖြစ်၏။ လောကလူ့ဘောင်ကို နည်းညွှန်လမ်းပြ ပြုခဲ့ကြသော အသိပညာရှင် အဆက်ဆက်သည် ဗုဒ္ဓ၏ဥပမာများကိုယူ၍ ဆင့်ပွား သုံးနှုန်းကြလေသည်။ ရှေးဟောင်း မြန်မာစာပေ ပျို့လင်္ကာတို့တွင်လည်း ဗုဒ္ဓ၏ ဥပမာများကို အနှံ့အပြားတွေ့နိုင်လေသည်။ မျက်မှောက်ခေတ် တိုင်အောင်ပင် စာပေတို့တွင်၎င်း၊ ရပ်ထဲရွာထဲ၌ လူမှုရေးရာ သတိပေးစကား ပြောကြားရာတွင်၎င်း ဗုဒ္ဓ၏ဥပမာများနှင့်မကင်းသည်ကို တွေ့ရလေသည်။

စာပေပညာရှင်များသည် ဗုဒ္ဓ၏ဥပမာများကို မည်သို့မည်ပုံဆောင်ယူသုံးနှုန်းကြောင်း နမူနာမျှလောက် ဖော်ပြလိုပေသည်။

## ကျောက်ခဲက ဆီမထွက်

ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့၌ 'ကျောက်စစ်သဲကို ရွှဲရွှဲဆီရည်၊ ထွက်စိမ့်သည်ဟု၊ ဆုံကျည်အဝ၊ ပွတ်မှားကြသို့'ဟု ဖွဲ့ဆို၏။

ယင်း ဥပမာစကားရပ်မှာ ဗုဒ္ဓ၏ ဥပရိပဏ္ဏာသ ပါဠိတော်၊ သုညတဝဂ်တွင် ပါရှိလေသည်။

'ဆီကိုအလိုရှိသောသူသည် ဆုံခွက်ထဲ၌ ကျောက်စရစ်-သဲကို ထည့်၍ ရေဖြင့် ဖျန်းကာဖျန်းကာ ကြိတ်ညှစ်သော်လည်း ဆီကို မရရှိနိုင်။ ထိုနည်းတူပင် မှားယွင်းသော အယူအဆ အမြင်အသိ ရှိနေသူသည် မြတ်သောအကျင့်ကို အားထုတ်ကျင့်သုံးသည် ဆိုသော်လည်း အကျိုးမရှိနိုင်'ဟူ၍ ဗုဒ္ဓ မြွက်ဆိုခဲ့လေသည်။

## ကြာရွက်ကို ရေမကပ်

သံဝရပျို့၌လည်း 'ရေပေါ်ဆီမွမ်း၊ ရေနှယ်ပြွမ်းလျက်၊ ကမ်းဝှမ်းကြာချပ်၊ ရေမကပ်သို့'ဟု ဖွဲ့ဆို၏။

ဗုဒ္ဓက စတုက္ကနိပါတ်၊ ဒေါနသုတ်တွင်- 'ရေ၌ပေါက်သော၊ ရေ၌ ကြီးပွားသော ကြာသည် ရေမှအထက်သို့ တက်၍ ရေဖြင့် မလိမ်းကျံဘဲ တည်သကဲ့သို့၊ လောက၌ဖြစ်သော၊ လောက၌ ကြီးပွားသော ငါသည် လောကကို လွှမ်းမိုး၍ ပြုပြင်စီမံခြင်း ဟူသော သင်္ခါရလောကနှင့် လိမ်းကျံကပ်ငြိခြင်း မရှိပြီ'ဟု မြွက်ဆိုတော်မူ၏။

## လေညာသို့ အမှိုက်လွှင့်ခြင်း

'အကြင်သူအား၊ တရားမရှု၊ ပြစ်မှားပြုသော်၊ တန္တုပမာ၊ လေညာရှေးရှု၊ လွှင့်သည့်မှုလျှင်၊ တူရှုမျက်နှာ၊ လွင့်ပြန်လာသို့'

ဟူ၍ ဘူရိဒတ် ဇာတ်ပေါင်းပျိုတွင် ဖွဲ့ဆိုထားသည်မှာ သံယုတ် ပါဠိတော်၊ ဖုသတိသုတ်၌ ဗုဒ္ဓ ညွှန်ပြသော ဥပမာတရပ်ပင် ဖြစ်သည်။

'အကြင်သူသည် မပြစ်မှားထိုက်သူကို ပြစ်မှားငြားအံ့၊ ပြစ်မှားသည့် မကောင်းမှုသည် ထိုသူ့ထံသို့သာ ကျရောက်၏။ လေညာသို့ ပစ်လွှင့်သော မြူမှုန့်သည် လွှင့်သူထံသို့သာ ပြန်ရောက်သကဲ့သို့တည်း' ဟူ၍ ဗုဒ္ဓက မြွက်ဆိုလေသည်။

## ရေပူ၌ အရိပ်မထင်

'ပြင်းလှ ရှူရှူ၊ ကျိုက်ကျိုက်ဆူသား၊ ရေပူ၌တွင်၊ ရိပ်မမြင်သို့' ဟု ဖွဲ့ဆိုသည်မှာလည်း – 'အငွေ့တထောင်းထောင်း ထွက်နေသော ရေပူ၌ ကြည့်သော် မိမိမျက်နှာကို ကောင်းစွာ မမြင်နိုင်ပေ။ ထို့နည်းတူပင် ဖျက်ဆီးလိုမှု ဟူသော ဒေါသ၊ ဗျာပါဒ ထကြွသောင်းကျန်းလျက်ရှိသူသည် မိမိအကျိုး၊ သူတပါးအကျိုးကို မသိမမြင်နိုင်ပေ' ဟူသော အင်္ဂုတ်တိုရ်ပါဠိတော်၊ သိင်္ဂါရဝ သုတ်၌ ဗုဒ္ဓ ညွှန်းပြသော ဥပမာစကားရပ်ပင်ဖြစ်၏။

## ကိုယ့်အလုပ် ကိုယ်လေးစားခြင်း

စလေဦးပုည၏ ကောသလ ပြဇာတ်၌ – 'တောမှူး ရန်ခွင်း– ခြသေ့မင်းသည်၊ အခင်းမလောက် – ယုန်ကိုပင် ဟောက်ကာတဲ၊ ခုန်ပေါက် ကွန့်ဝဲ၊ ဇွတ်တရကြမ်း – အားကုန်လှမ်း၍ ဖမ်းစမြဲ။ ရှုရှဲမုန်ယို–ဆင်ပြောင်ကိုလည်း၊ ထိုယုန်ငယ်အား၊ ဖမ်းသည့်နှန်နှင့် မကွဲပြား' ဟူ၍ ရေးသားဖွဲ့ဆိုထား၏။ ယင်းဖွဲ့ဆိုချက်သည် ဗုဒ္ဓ၏

ဥပမာ စကားရပ်ကို ဆောင်ယူ ဆင့်ပွားထားခြင်းပင် ဖြစ်လေသည်။

'ခြသေ့်မင်းသည် ဆင်ကိုသတ်ပုတ်မှုလည်း လေးလေး စားစား သာလျှင် သတ်ပုတ်၏။ နွားကိုသတ်ပုတ်မှုလည်း လေးလေးစားစားသာလျှင် သတ်ပုတ်၏။ ယုန်ကို သတ်ပုတ်မှုလည်း လေးလေး စားစား သာလျှင် သတ်ပုတ်၏။

ထိုသို့လေးလေးစားစားသာလျှင် သတ်ပုတ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ 'ငါ၏အားထုတ်မှု လမ်းစဉ်သည် မပျက်စီးပါစေနှင့်၊ အချည်းနှီး မဖြစ်ပါစေနှင့်'ဟု နှလုံး သွင်းသောကြောင့်တည်း။

မြတ်စွာဘုရားသည် ရဟန်းတို့ကို တရားဟောမှုလည်း လေးလေး စားစားသာလျှင် ဟော၏။ ဥပါသကာ ဒါယကာတို့ကို တရား ဟောမှုလည်း လေးလေးစားစား သာလျှင် ဟော၏။ ဒွန်းစဏ္ဍာ တံငါ မုဆိုးတို့ကို တရားဟောမှုလည်း လေးလေး စားစားသာလျှင် ဟော၏။

ထိုသို့ လေးလေး စားစားသာလျှင် ဟောတော် မူခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ မြတ်စွာ ဘုရားသည် တရားတော်ကို လေးစား သောကြောင့် ပင်တည်း' ဟု အင်္ဂုတ္တိုရ် ပါဠိတော်၊ သီဟသုတ်၌ ဗုဒ္ဓ ညွှန်းပြခဲ့လေသည်။

## ကဝါသည်၏ လုပ်ထုံး

သျှင်အဂ္ဂသမာဓိသည် သုဝဏ္ဏသျှံပျို့၌– 'ပိတ်ဖြူဆွဲဆွဲ၊ ကဝါချဝယ်၊ မောဟာမြေးထူ၊ ရမ္မက်မြူတည့်၊ ညစ်ကျူတန့်ကျား၊

စွန်းပြောက်ပြားမူ၊ သမားကာဝါ၊ စိတ်ပညာလျှင်၊ ဘာဝနာ ရေဖျန်း၊ ဖွပ်ပြန်လှန်းက’ စသည်ဖြင့် ဖွဲ့ဆိုထား၏။

ယင်းသည့် ဥပမာ စကားရပ်သည် ဗုဒ္ဓ၏ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၊ခေမကသုတ်၌ ပါရှိသော ဥပမာရပ် ဖြစ်လေသည်။

အဝတ်ညစ်ကို ကာဝါသည်ထံအပ်နှံ၏။ကာဝါသည်က ဆပ်ပြာ၊ ကသယ်မှုန့်တို့ဖြင့် စင်ကြယ်အောင် လျှော်ဖွပ်၏။ သို့သော် ထိုအထည်၌ ဆပ်ပြာနံ့၊ ကသယ်မှုန့်နံ့တို့ မကုန်စင်သေးသော်ပိုင်ရှင်သည် အဝတ်ကို သေတ္တာ-ပခြုပ်ထဲတွင် ထည့်၍ ပန်းနံ့သာတို့ဖြင့် ထုံ၍ထား၏။ ထိုအခါတွင်ကား အဝတ်သည် ဆပ်ပြာနံ့၊ ကသယ်မှုန့်နံ့တို့မှ စင်ကြယ်လေ၏။

ထိုနည်းတူပင် အကျင့်သီလနှင့် ပြည့်စုံသဖြင့် အမှန်လမ်းစဉ်၊ အမှန်တရားကို သိမြင်ရရှိထားသော ပုဂ္ဂိုလ်သည် ကိလေသာအညစ် အကြေးတို့မှ ကင်းစင်ပြီး ဖြစ်သော်လည်း ပြတ်နိုင်ခဲ-ကွာနိုင်ခဲလှသော ငါစွဲအတ္တမှာမူ ကျန်ရှိ နေတတ်ပေ၏။ ထိုသို့ရှိသော် ဖြစ်ပျက်-ကျိုးကြောင်း သဘောတရားကို အဖန်ဖန် ပွားများ တည်ဆောက်ရပေမည်။ သို့မှသာလျှင် အတ္တစွဲသည် ရှင်းရှင်း ကွာပေမည်တည်း။ ယင်းသို့ ညွှန်းပြထားလေသည်။

## မှောက်သော အိုး

ရှင်မဟာသီလဝံသ၏ ပါရမီတော်ခန်းပျို့၌ ‘ကြိမ်ခက်ဖေါင်းကန်၊ ဖျဉ်းအိုးတန်ကို၊ ပြောင်းပြန်ဦးစောက်၊ သွန်ဘိမှောက်က၊ တစက်အရည်၊ နည်းမျှမကြွင်း၊ အောက်ဟင်းလင်းလျှင်’-ဟူ၍ ဖွဲ့ဆိုလေသည်။

ဗုဒ္ဓက သံယုတ်ပါဠိတော်၊ကုမ္မသုတ်၌– ရေအိုးကို မှောက်သည် ရှိသော် ရေသည် အကြွင်းအကျန်မရှိအောင် အန်ထွက်သည်သာ တည်း။ တဖန်ပြန်၍ ဝင်တော့မည် မဟုတ်ပေ။ ထိုနည်းတူပင် အကြင်ပုဂ္ဂိုလ်သည် အသိအမြင်၌ မှန်ကန်ခြင်း၊ အကြံအစည်၊ အပြောအဆို၊ အပြုအမူတို့၌ မှန်ကန်ခြင်းတည်းဟူသော လမ်းစဉ် မှန်နှင့် ပြည့်စုံပြီးဖြစ်သော် မကောင်းမှုဟူသမျှကို စွန့်ပယ်ပြီးဖြစ်၏။ တဖန်ပြန်လည်၍ မကောင်းမှု၌ စိတ်ရောက်ခြင်းမရှိသည်သာ တည်း–ဟူ၍ ညွှန်ပြလေသည်။

## သိန်းစွန်နှင့် နှံပြီစုပ်

ရှင်မဟာရဋ္ဌသာရ၏ ဒုတိယမင်းခေါင်ထံပေး ရတု၌ 'ကျွဲခြေရာကွက်၊ ပက်စလက်ကို၊ ခဲခက်ကတုတ်၊ မြေမှို့လုပ်၍၊ နှံစုပ်ငှက်ငယ်၊ သိန်းကိုကျယ်သို့' ဟူ၍ရင်း၊

စလေဦးပုည၏ မင်းကြီး ရာဇသကြံထံပေး မေတ္တာစာ၌ 'ဒေသမှာထုံးစံ၊ သိန်းစွန်ကိုရန်တုံ့၊ ဘီလုံးငှက် အာကဥာဏ်' ဟူ၍ရင်း ဖွဲ့ဆိုရေးသားလေသည်။

ယင်းစကားရပ်ကို သံယုတ်ပါဠိတော်၊ သကုဏဂ္ဃိသုတ်၌ ဗုဒ္ဓက ဤသို့ ညွှန်းပြထားပေသည်။

ရှေး၌ ဖြစ်ခဲ့ဘူးသည်ကား– သိန်းငှက်တကောင်သည် အဟုန်ဖြင့် ပျံသန်းလာပြီးလျှင် ဗီလုံးငှက်ငယ်ကို ဖမ်းယူလေ၏။ ထိုအခါ ဗီလုံးငှက်ငယ်က–

"ယနေ့ငါသည် အမှားကြီး မှားချေပြီတကား၊မကျက်စားသင့်သော သူတပါး၏နယ်မြေ၌ လာရောက်ကျက်စားမိချေပြီတကား၊

ငါ၏ဘိုးဘွားမိဘတို့ အစဉ်အဆက် နေထိုင်ကျက်စားလာခဲ့သော ရိုးရာဒေသကို စွန့်ခွာခဲ့မိသဖြင့် ယခုလို ရန်သူက ဖမ်းဆီးခြင်းခံရတော့သည်။ အကယ်၍သာ ငါသည် ငါ့နေရာ ငါ့နယ်မြေ၌တည်ရှိခဲ့ပါမူ ဤသိန်းငှက်ကို စစ်ဆင် တိုက်ခိုက်ရမည် ဖြစ်၏။ ယခုလို ဖမ်းဆီးခြင်းခံရမည် မဟုတ်ချေတကား" ဟူ၍ ညည်းတွားမြည်တမ်းလေ၏။

ထိုအခါ သိန်းငှက်က 'ဤငှက်ငယ်မျှလောက်ကို ဘယ်အရပ်မှာပင်ရှိရှိ မလွှတ်တမ်းဖမ်းမိနိုင်သည်သာ' ဟု တွေးမိ၍ ဗိလုံးငှက်၏ ဆန္ဒအတိုင်း လွှတ်ပေးလိုက်၏။

ဗိလုံးငှက်သည် သူ၏နေရာ လယ်ကွက်သို့ ပျံသွားကာ ထွန်ကြောင်းအတွင်းရှိ ကျွဲခြေရာကွက်တွင် နားနေ၏။ ထွန်ကြောင်းမြေကျစ်စာပုံ၌ ရပ်တည်လျက် "သိန်းငှက်-လာခဲ့စမ်း၊ ငါ့ကိုဖမ်းလှဲ့စမ်း" ဟူ၍ စိမ်ခေါ်လေ၏။

သိန်းငှက်သည် အရှိန်ဖြင့် ပျံသန်းကာ ဗိလုံးငှက်ကို ထိုးသုတ်လေသည်။

ဗိလုံးငှက်ငယ်သည် သူ့ထံသို့ သိန်းငှက် ရောက်လုလုတွင် ကျွဲခြေရာကွက်ထဲသို့ ငုံ့ဆင်းနေလိုက်၏။ သိန်းငှက် ၏ ရင်အုပ်မှာ ထွန်ကြောင်း မြေကျစ်စာပုံနှင့် တိုက် ခိုက် မိ လေ ၏။ ထိုအခါ သိန်းငှက်သည် ပို၍ဒေါသမာန်တက်ကာ ထပ်မံ၍ထိုးသုတ်ပြန်၏။ ဗိလုံးငှက်မှာမူ ကျွဲခြေရာခွက်မှ တက်လာ၍ သိန်းငှက်ကို စိမ်ခေါ်လိုက်၊ ကျွဲခြေရာကွက်ထဲသို့ဆင်း၍ ရှောင်တိမ်းလိုက်ဖြင့် မပင်မပန်း ရှိနေ၏။ သိန်းငှက်ကား မကြာမီ ရင်ကွဲ၍ သေပွဲဝင်လေသည်။

ဤနည်းတူစွာပင် လူတို့သည် မိမိနှင့်မသင့်လျော်သော အရပ်ဒေသ၌ မဆည်းကပ် မမွေ့လျော်သင့်ပေ။ အကယ်၍ မိမိနှင့်မလျော်ကန်ရာ၌ မွေ့လျော် ကျက်စားမိငြားအံ့ ရာဂ၊ ဒေါသ-စသော ကိလေသာမာရ်၏ ချုပ်နှောင်ဖမ်းဆီးခြင်း ခံရမည်သာဖြစ်၏။

မသင့်လျော်သော အရပ်ဒေသ၌ မွေ့လျော်ကျက်စားခြင်းဟူသည်ကား အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အတွေ့အထိဟူသောကာမ အာရုံတို့၌ တပ်မက်တွယ်တာခြင်းပေတည်း။

## မိုးနှင့်သရက် အိုးနှင့်ကြွက်

ရှင်မဟာရဋ္ဌသာရသည် ဒုတိယမင်းခေါင်ထံပေး မေတ္တာစာ၌ '-ပမာဆိုရိုး၊ မိုးနှင့်သရက်၊ အိုးနှင့်ကြွက်သို့၊ သိခက်ခဲစွ၊ ပညာဘိမ်ညင်၊ ကြံဆင်ခြင်၍-'ဟု ဖွဲ့ဆို၏။

မန်လည်ဆရာတော်ကလည်းမဃဒေဝလင်္ကာ၌ 'မိုးနှင့်သရက်၊ အိုးနှင့်ကြွက်သို့၊ တိမ်နက်ရေတူ၊ လေးမျိုးလူကို၊ မှတ်ယူရိပ်မြွက်၊ သိနိုင်ခက်၏'ဟု ဖွဲ့ဆို၏။

လောက၌ လူ၏သဘာဝကို အမှန်အတိုင်း သိရန် ခဲယဉ်းကြောင်း ညွှန်းပြထားခြင်း ဖြစ်လေသည်။

လူကိုလေ့လာရာ၌ အမျိုးအစားခွဲခြားကာ ဥပမာနှိုင်းခိုင်း၍လည်း ဖွင့်ဆိုသေး၏။

မဃဒေဝလင်္ကာ၌- '-ချုန်းလျက် မရွာ၊ ရွာလျက် မချုန်း၊ မချုန်း မရွာ၊ ချုန်းရွာ ရွာသား၊ လေးဖြာမိုးနှယ်၊ လူဝယ်လေးဘွဲ့၊ သဘောမြဲ၏' ဟူ၍ လူကို မိုးနှင့်ဥပမာ ပြထားလေသည်။

ယင်းသည့် ဥပမာကား အင်္ဂုတ်တိုရ် ပါဠိတော်၊ ဝလာဟက ဝဂ်၌ ဗုဒ္ဓ မြွက်ဆိုထားသည့် ဥပမာစကားရပ်ပင် ဖြစ်သည်။

## မိုး ၄-မျိုး၊ လူ ၄-မျိုး

"ရဟန်းတို့၊ မိုး လေးမျိုးရှိ၏။ လူလည်း လေးမျိုး ရှိ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ-

ချုန်းသာချုန်း၍ မရွာသောမိုး၊ ရွာသာရွာ၍ မချုန်းသော မိုး၊ ချုန်းလည်း မချုန်း ရွာလည်း မရွာသောမိုး၊ ချုန်းလည်း ချုန်း၍ ရွာလည်းရွာသောမိုး ဟူ၍ မိုးလေးမျိုးတည်း။

ပြောသာပြောတတ်၍ မလုပ်တတ်သောသူ၊ လုပ်သာ လုပ်တတ်၍ မပြောတတ်သောသူ၊ ပြောလည်း မပြောတတ် လုပ်လည်း မလုပ်တတ်သူ၊ ပြောလည်း ပြောတတ် လုပ်လည်း လုပ်တတ်သော သူဟူ၍ လူ လေးမျိုးတည်း"

## အိုး ၄-မျိုး၊ လူ ၄-မျိုး

တဖန် မဇ္ဈိမဒေသလက်ာ၌ လူကို အိုးနှင့် ဥပမာတင်စား ဖွဲ့ဆိုပြန်သည်မှာ- 'မပြည့်ဘဲပိတ်၊ ပြည့်မပိတ်နှင့်၊ မပိတ် မပြည့်၊ ပိတ်ပြည့် ပြည့်သည်၊ အိုး၏မှတ်ချက်၊ လေးမျိုးထွက်၏'ဟူ၍ ဖြစ်လေသည်။

ဤ ဥပမာစကားရပ်သည်လည်း အင်္ဂုတ်တိုရ်ပါဠိတော်၊ ကုမ္ဘသုတ်၌ ဗုဒ္ဓ ညွှန်းပြထားသည့် ဥပမာပင်ဖြစ်၏။

"ရဟန်းတို့၊ အိုး လေးမျိုးရှိ၏။ လူလည်း လေး မျိုး ရှိ ၏။ အဘယ် လေးမျိုးတို့နည်း ဟူမူ-

အိုးထဲ၌ ဘာမျှမရှိဘဲ အချည်းနှီးဖြစ်လျက် ပိတ်ထားသောအိုး၊ အိုးထဲ၌ အပြည့်ရှိလျက် ဖွင့်ထားသောအိုး၊ အချည်းနှီးဖြစ်လျက် ဖွင့်ထားသောအိုး၊ အပြည့်ရှိလျက် ပိတ်ထားသောအိုးဟူ၍ အိုးလေးမျိုးတည်း။

အချို့သောသူသည် အပြောအဆို၊ အဝတ်အဆင်၊ အနေအထိုင်၊ အသွားအလာ စသည့် ကိုယ်အင်္ဂါ အပြုအမူတို့၌ ဣန္ဒြေရှိ၏။ ယဉ်ကျေးသိမ်မွေ့၏။ ကြည်ညိုစဖွယ် တင့်တယ်ခြင်းရှိ၏။ အမှန်တရားကိုကား မသိ။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန်ဟူသောသဘောသဘာဝကိုမူ ပိုင်းခြား၍မသိတတ်။ ထိုသူမျိုးသည် အချည်းနှီးဖြစ်လျက် ပိတ်ထားသောအိုးနှင့်တူ၏။

အချို့သောသူသည် အပြောအဆို၊ အဝတ်အဆင်၊ အနေအထိုင်၊ အသွားအလာ စသည့် ကိုယ်အင်္ဂါ အပြုအမူတို့၌ ဣန္ဒြေမရှိ။ ယဉ်ကျေးသိမ်မွေ့မှုမရှိ။ ကြည်ညိုစဖွယ် တင့်တယ်ခြင်းမရှိ။ အမှန်တရားကိုကား သိ၏။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန်ဟူသော သဘောသဘာဝကို ပိုင်းခြား၍ သိတတ်၏။ ထိုသူမျိုးသည် ပြည့်လျက် ဖွင့်ထားသောအိုးနှင့်တူ၏။

အချို့သောသူသည် အပြောအဆို၊ အဝတ်အဆင်၊ အနေအထိုင်၊ အသွားအလာ စသည့် ကိုယ်အင်္ဂါ အပြုအမူတို့၌လည်း ဣန္ဒြေမရှိ။ ယဉ်ကျေးသိမ်မွေ့မှုမရှိ။ ကြည်ညိုစဖွယ် တင့်တယ်ခြင်းမရှိ။ အမှန်တရားကိုလည်းမသိ။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန်ဟူသော သဘောသဘာဝကိုလည်း မသိ

တတ်။ ထိုသူမျိုးသည် အချည်းနှီးဖြစ်လျက် ဖွင့်ထားသောအိုးနှင့်တူ၏။

အချို့သောသူသည် အပြောအဆို၊ အဝတ်အဆင်၊ အနေအထိုင်၊ အသွားအလာစသည့် ကိုယ်အင်္ဂါ အပြုအမူတို့၌လည်း ဣန္ဒြေရှိ၏။ ယဉ်ကျေးသိမ်မွေ့၏။ ကြည်ညိုစဖွယ် တင့်တယ်ခြင်းရှိ၏။ အမှန်တရားကိုမူလည်း ကောင်းစွာသိ၏။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန် ဟူသော သဘောသဘာဝကိုမူလည်း ကောင်းစွာသိတတ်၏။ ထိုသူမျိုးသည် ပြည့်လျက် ပိတ်ထားသော အိုးနှင့်တူ၏။

ယင်းသို့လျှင် ဗုဒ္ဓသည် လူလေးမျိုးကို အိုးလေးမျိုးနှင့် နှိုင်းယှဉ် ထင်ဟပ်၍ ပြတော်မူလေသည်။

## ကြွက် ၄-မျိုး လူ ၄-မျိုး

တဖန် မဇ္ဈိမဒေသလက်ဝဲ၌ လူနှင့်ကြွက်ကို ဥပမာတင်စားဖွဲ့ဆိုသည်မှာ 'တဖြာအထူး၊ တွင်းတူး မအောင်း၊ တွင်းအောင်းမတူး၊ မတူး မအောင်း၊ တူးအောင်း အောင်းသား၊ မှတ်ကြောင်းခေါ်ရိုး၊ ကြွက်လေးမျိုးတည့်'ဟူ၍ ဖြစ်သည်။ ဗုဒ္ဓ၏ ဥပမာစကားရပ်ကို ဆင့်ပွား ဆောင်ယူထားခြင်းပင်တည်း။

ရဟန်းတို့၊ ဤလောက၌ ကြွက် လေး မျိုး ရှိ၏။ လူလည်း လေးမျိုးရှိ၏။ အဘယ်လေးမျိုးတို့နည်းဟူမူ-

တွင်းသာဖောက်၍ မ အောင်း သော ကြွက်၊ အောင်းရုံသာ အောင်း၍ တွင်းမဖောက်သော ကြွက်၊ တွင်းလည်း မဖောက်-

အောင်းလည်းမအောင်းသောကြွက်၊တွင်းလည်းဖောက်-အောင်းလည်း အောင်းသောကြွက် ဟူ၍ ကြွက်လေးမျိုးတို့တည်း။

ဤလောက၌ အချို့သောသူသည် ကျမ်းဂန်စာပေ အထွေထွေသော ပညာကို ဆည်းပူးသင်ကြား၏။ အမှန်တရားကိုကား မသိ။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန် ဟူသော သဘောသဘာဝကို ကောင်းစွာမသိတတ်။ တွင်းသာဖောက်၍ မအောင်းသောကြွက်နှင့် တူသူတည်း။

အချို့သောသူသည် ကျမ်းဂန်စာပေ အထွေထွေသောပညာကို ဆည်းပူးသင်ကြားခြင်းကား မရှိ။ အမှန်တရားကိုမူ ကောင်းစွာ သိ၏။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန် ဟူသော သဘောသဘာဝကို ကောင်းစွာ သိတတ်၏။ အောင်းသာ အောင်း၍ တွင်းမဖောက်သောကြွက်နှင့် တူသူတည်း။

အချို့သောသူသည် ကျမ်းဂန်စာပေ အထွေထွေသောပညာကိုလည်း ဆည်းပူးသင်ကြား၏။ အမှန်တရားကိုလည်း ကောင်းစွာသိ၏။ အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန်ကို ကောင်းစွာသိတတ်၏။ တွင်းလည်းဖောက်-တွင်းလည်း အောင်းသော ကြွက်နှင့်တူသူတည်း။

(အင်္ဂုတ်တိုရ်ပါဠိတော်၊ ဝလာဟကဝဂ်၊ မူသိကာသုတ်)]

ဤသည်တို့ကား ဗုဒ္ဓ၏ ဥပမာများကို သုံးသပ်ဆင်ခြင် ကြည့်နိုင်ရန် အမြွက်မျှလောက်သာ တင်ပြခြင်း ဖြစ်ပေသည်။ စင်စစ်အားဖြင့် ဗုဒ္ဓသည် လူ့ သဘော လူ့ သဘာဝ ကို လူသားတို့ စူးစမ်းဆင်ခြင်နိုင်ရန် ဥပမာပေါင်းများစွာပင် ညွှန်းပြခဲ့ပေသည်။

ဗုဒ္ဓ၏ ကြီးမားသော ရည်ရွယ်ချက်ကား ဤ လူ့ဘောင် လောကကြီးသည် သာယာဝပြော၍ ငြိမ်းချမ်းသော လောကနိဗ္ဗာန်ကြီး ဖြစ်တည်ရေးပင်ဖြစ်၏။

## ဗုဒ္ဓ၏ လောကအမြင်

ဤလောက၌ လူတို့သာ ပဓာနအကျဆုံးဖြစ်၏။ ထို့ကြောင့် လူသားတို့၏ အတွေးအခေါ် အမြင်အသိမှာ မှန်ကန် တည့်မတ်စေရန် အရေးကြီးလှသည်။ သို့မှသာလျှင် လူတို့၏ အကြံအစည်၊ အပြောအဆိုနှင့် ပြုလုပ်ဆောင်ရွက်ချက်ဟူသမျှသည် အမှားမရှိ၊ အဆိုးမရှိဘဲ အမှန်-အကောင်းချည့် ဖြစ်ပေါ်ပေလိမ့်မည်။ သို့ဖြစ်လျှင် လူသားတို့အတွက် မလိုလားအပ်သော လူမှုအနိဋ္ဌာရုံများ ကင်းဝေးကာ ငြိမ်းချမ်း သာယာသော လောကနိဗ္ဗာန် အဖြစ်သို့ မလွဲမသွေ ရောက်ရှိပေမည်၊

ဤလောက၌ လူသားတို့သည် စင်စစ်အားဖြင့် ဆင်းရဲပင်ပန်း၍ နေကြကုန်၏။ စိုးရိမ်ကြောင့်ကြ၍ နေကြကုန်၏။

ယင်းသို့လျှင် ဗုဒ္ဓသည် လူ့ဘောင် လောကကြီးကို ရှုမြင်သုံးသပ်တော်မူလေသည်။

လူသားတို့ဆင်းရဲပင်ပန်း နေကြခြင်း၏ အကြောင်းရင်းကား လောဘ-ဒေါသ မာန်မာန စသော တဏှာစွန်းရောက် အလိုဆိုးများပေတည်း-ဟူ၍လည်း ဗုဒ္ဓ ရှုမြင် သုံးသပ်တော် မူလေသည်။

## အနိုင်လုခြင်း အကြောင်းရင်း

ယင်းသည့် တဏှာစွန်းရောက် အလိုဆိုးများ ကြောင့်ပင် အချင်းချင်း တဦးနှင့်တဦး၊ တစုနှင့်တစု၊ တနိုင်ငံနှင့်တနိုင်ငံ ယှဉ်

ပြိုင် အနိုင် လုနေကြကုန်၏။ သာလွန်နိုင်ရေး၊ လွှမ်းမိုးနိုင်ရေး အတွက် အားထုတ်ကြိုးပမ်းနေကြကုန်၏။ ယင်းသို့ အားထုတ်ကြိုး ပမ်းရာ၌ မိမိအတွက်ကိုသာ ရှေးရှုသဖြင့် မတရားမှု၊ မမှန်ကန်မှု များ ပါဝင် လာကြကုန်သည်။ ထို့ကြောင့်လည်း အချင်းချင်းမယုံ ကြည်ခြင်း၊ မစာနာမညှာတာခြင်းများ ပါဝင်လာကြ ပြန်သည်။ ဤသည်ပင်လျှင် ဆင်းရဲပင်ပန်းမှု၊ စိုးရိမ်ကြောင့်ကြမှုများ ဖြစ် ပေါ်ရန် အကြောင်းရင်းပေတည်း-ဟူ၍ ဗုဒ္ဓ ရှုမြင်သုံးသပ်တော် မူလေသည်။

တဖန် ဗုဒ္ဓသည် လူသားတို့ ဆင်းရဲပင်ပန်းမှု၊ ကြောင့်ကြ စိုးရိမ်မှု ကင်းဝေးလျက် ချမ်းမြေ့ သာယာမှု ရှိကြရန်ကို ဆင်ခြင် သုံးသပ်တော် မူပြန်လေသည်။ လောဘ - ဒေါသ - မာန်မာန စသော တဖက်စွန်းရောက် အလိုဆိုးများ ကင်းရှင်းလျက် အချင်း ချင်း စာနာညှာတာမှု၊ ကိုယ်ကျိုး ကိုယ့်အတွက်ကိုသာ မရှေးရှုမှု ဟူသော ယထာဘူတဉာဏ် အမှန်တရား ထွန်းကားရေးကို ဗုဒ္ဓ မြင်တော်မူ၏။

ထို့ကြောင့် ဗုဒ္ဓသည် ထိုအမှန်တရားကို လူသား တကာတို့ သိမြင် သဘောပေါက်၍ ကျင့်သုံးကြရန် အားထုတ်တော် မူခဲ့ သည်။

## ဥပမာဖြင့် သိခြင်း

ယထာဘူတဉာဏ် အမှန်တရားကို လူသား တကာတို့ သိမြင် သဘောပေါက်ရန် ဗုဒ္ဓ အားထုတ်ဟောပြောရာ၌ ဥပမာများကို အသုံးပြုတော်မူကြောင်း သတိပြုမိပေသည်။

လူ့ဘောင် လောကဝ၌ အမှန်တရား ပြန့်ပွား ထွန်းကားရေး အတွက် ဗုဒ္ဓ၏ ဥပမာစကားတို့သည် လွန်စွာထိရောက်၍ အကျိုး များလှကြောင်းကိုလည်း သတိပြုမိပေသည်။

လူသားတို့အား အမှန်လမ်းကို ညွှန်းပြရာ၌ ဗုဒ္ဓသည် ဥပမာ စကားကို လက်သုံးပြုခဲ့သည်၊ အလေးအနက်ထားခဲ့သည်။

ဥပမာယ မိဓေကစ္စေ၊
အတ္ထံ ဇာနန္တိ ပဏ္ဍိတာ။

ဤလောက၌ အချို့သောသူတို့သည် ဆိုလိုရင်းသဘောကို ဥပမာဖြင့်သိမြင်ကြ၏။ ဟူ၍ပင် အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၌ ပါရှိလေသည်။

အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို လွယ်လွယ်ကူကူ မပင်မပန်း သိမြင်နိုင်ရေးတွင် ဥပမာစကားသည် မည်မျှ အရေး ပါ ထိရောက်ကြောင်း ဗုဒ္ဓ ကောင်းစွာ သိမြင်တော်မူလေသည်။

## လိုရာကို ယူ၍သုံး

ထို့ကြောင့်ပင် မြောက်မြားစွာသော ဥပမာစကားရပ်ကိုဗုဒ္ဓ ဖော်ကျူးတော်မူခဲ့၏၊ ပညာရှင် အဆက်ဆက်သည် တွေးခေါ် မြော်မြင်ရေးဆိုင်ရာ ကျိုးကြောင်းဆက် သဘောတရားကို ဖော်ပြ ရာ၌ ဗုဒ္ဓ၏ဥပမာစကားရပ်ကို အသုံးပြုလေ့ရှိကြ၏၊ မည်သည့် အရေးအခင်း အကြောင်းကိစ္စ၌ပင်ဖြစ်စေ တပါးသူတို့ သဘော ပေါက်လွယ်ရန်အတွက်၊ အသိအမြင် ရှင်းလင်းသွားရန်အတွက်၊ ဗုဒ္ဓ၏ဥပမာစကားရပ်တို့သည် အသင့်ရှိနေသည်သာဖြစ်၏ ယင်း သို့လျှင် ဗုဒ္ဓသည် ဥပမာစကား ကြွယ်ဝပြည့်စုံလှပေသည်။

## စပါးပုံကြီး

လူအများ နေထိုင်ရာ ရပ်ရွာအနီး၌ ကြီးစွာသော စပါးပုံကြီးသည်ရှိ၏၊ အချို့သောသူသည် ထိုစပါးပုံကြီးမှ စပါးကို တောင်းဖြင့်သယ်ယူ၏။ စကောဖြင့် သယ်ယူသူလည်းရှိ၏။ ဗမ်းဖြင့် သယ်ယူသူလည်းရှိ၏။ အိတ်ဖြင့် သယ်ယူသူလည်း ရှိ၏။ ပုဆိုးဖြင့် ကျုံးထည့်ယူသူလည်းရှိပေ၏။

ထိုသူ ထိုသူတို့အား "သင်တို့သည် စပါးကို ဘယ်က သယ်ယူခဲ့သနည်း၊ ဘယ်ကရရှိသနည်း" ဟု မေးသော် မည်သို့ဖြေဆိုကြမည်နည်း။ "ငါတို့သည် စပါးကို စပါးပုံကြီးမှ သယ်ယူလာကြကုန်၏ စပါးပုံကြီးမှ စပါးကို ရရှိပါကုန်၏" ဟူသော အဖြေမှ တပါး အခြား ဖြေဆိုရန်မရှိပေ။

ထိုနည်းတူစွာပင် ငါတို့ ပြောဆိုညွှန်းပြသော ဥပမာစကားကောင်းများသည် ဗုဒ္ဓမြတ်စွာ၏ အဆို အမိန့် များပေတည်း။ ဗုဒ္ဓမြတ်စွာထံတော်ပါးမှ ရရှိထားသော ဥပမာစကားကောင်းများပါတည်း။ ဟူ၍ ဗုဒ္ဓ၏ တပည့်တဦးဖြစ်သော အရှင်ဥတ္တရမထေရ်က အတည့်အလင်းဖော်ညွှန်းလေသည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ဥတ္တရဝိပတ္တိသုတ်)

ဗုဒ္ဓသည် သစ္စာလေးပါး တရားမြတ်ကို မမြင်မသိ မရရှိသေးမီကာလ၊ အမှန်တရားကို ရှာဖွေစဉ်ကာလကပင် ဥပမာကို အလေးအနက် သဘောထားရှိခဲ့ပေ၏။ အမှန်တရား ရှာဖွေရေးအတွက် လမ်းစဉ်ကို ရွေးချယ်ရာ၌လည်း ဥပမာထင်ဟပ်ချက်ဖြင့်ပင် လမ်းမှန်ကို မြင်ခဲ့ပေ၏။

## ထင်းတုံးဥပမာ

ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်ခဲ့၏။ ရသေ့ရဟန်းအသွင်ကိုယူကာ တရားအားထုတ်လေ၏။ ယင်းသို့ တရားအားထုတ်ရင်းပင် နေရဉ္ဇာမြစ် အနီး ဥရုဝေလတောအုပ်သို့ရောက်ရှိလာလေသည်။ ထိုဥရုဝေလ တောအုပ်ထဲ၌ နေထိုင်၍ တရားအားထုတ်စဉ်မှာပင် ဥပမာ၃-ရပ် ကို ထင်မြင်လာ၏။

ဥပမာ ၃-ရပ်ကား မီးဖြစ်ပေါ်ရန် အခြေခံအကြောင်းရင်း များပေတည်း။

မီးဖြစ်ပေါ်ရန် မည်သို့ ပြုလုပ်လေသနည်း။ မီးပြုလုပ်ရန် ဘာကိုလိုအပ်ကြသနည်း။

မီးကိုအလိုရှိသောသူသည် သစ်သားစ ၂-စကို အကြိမ်ကြိမ် ပွတ်တိုက်ရလေသည်။ ယင်းသို့ ပွတ်တိုက်ခြင်းဖြင့် မီးကိုရရှိနိုင် လေသည်။

မီးပြုလုပ်သောသစ်သားသည် မည်ကဲ့သို့သော သစ်သားပေ နည်း။

သစ်တုံးတခုသည် ပင်စည်မှအစေးအဆီလည်း မခန်းခြောက် သေး။ ရေထဲ၌လည်း နစ်မျော၍နေ၏။ ထိုသစ်တုံးမှ သစ်သားစ ဖြင့် မီးမဖြစ်ပေါ်လာနိုင်ပေ။

သစ်တုံးတခုသည် ရေထဲ၌ နစ်မျော၍ကား မနေ။ ပင်စည်မ အစေးအဆီကား လူးပေလျက် ရှိနေ၏။ ထိုသစ်တုံးမှ သစ်သားစ ဖြင့်လည်း မီးမဖြစ်ပေါ်လာနိုင်ပေ။

သစ်ဘုံးတခုမှာကား ပင်စည်မှ အစေးအဆီလည်း မလူးမပေ၊ ခြောက်သွေ့လျက်ရှိ၏။ ရေထဲ၌ နစ်မြှောခြင်းလည်းမရှိ။ ထိုသစ်တုံးမှ သစ်သားစဖြင့်သာလျှင် မီးပြုလုပ်နိုင်သတည်း။

ယင်းသို့လျှင် ဗုဒ္ဓလောင်းလျာသည် ထင်းတုံးကို ဥပမာ ထင်ဟပ်၍ မြင်လေသည်။

သားသမီးဇနီးနှင့်တကွ ကာမဂုဏ်စည်းစိမ်တို့ကို မခွဲခွာ မစွန့်လွှတ်ဘဲ အတူရောရှက် နေထိုင်ခြင်းလည်း ရှိအံ့။ ထိုသားသမီးဇနီးနှင့်တကွ ကာမဂုဏ်စည်းစိမ်တို့ကို စုံမက် တွယ်တာခြင်းလည်း ရှိငြားအံ့။ပထမထင်းတုံးကဲ့သို့ပင် တရားထူး ဉာဏ်အမြင် တည်းဟူသော မီးအလင်းကို မရနိုင်။

သားသမီး ဇနီးနှင့်တကွ ကာမဂုဏ် စည်းစိမ်တို့ကို ခွဲခွာ စွန့်လွှတ်လျက် အတူ ရောရှက် နေထိုင်ခြင်းကား မရှိ။ သို့သော် ထိုသားသမီး ဇနီးနှင့်တကွ ကာမဂုဏ်စည်းစိမ်တို့ကို စွဲလမ်း တွယ်တာခြင်း ရှိငြားအံ့။ ဒုတိယ ထင်းတုံးကဲ့သို့ပင် တရားထူး ဉာဏ်အမြင်တည်းဟူသော မီးအလင်းကို မရနိုင်သေး။

သားသမီးဇနီးနှင့်တကွ ကာမဂုဏ်စည်းစိမ်တို့ကို ခွဲခွာစွန့်လွှတ်လျက် အတူရောရှက်နေထိုင်ခြင်းလည်း မရှိငြားအံ့။ ထိုသားသမီးဇနီးနှင့်တကွ ကာမဂုဏ် စည်းစိမ်တို့ကို အာရုံကပ်ငြိ၍ စွဲလမ်းတွယ်တာခြင်းလည်း မရှိငြားအံ့၊ တတိယ ထင်းတုံးကဲ့သို့ပင်တရားထူး ဉာဏ်အမြင်တည်းဟူသော မီးအလင်းကို မုချရရှိနိုင်ပေသည်။

ငါသည် တတိယ ထင်းတုံးကဲ့သို့ ဖြစ်၏။ ကိလေသာ အာရုံကာမဂုဏ်စည်းစိမ်တို့နှင့် ရောရှက်နှီးစပ်ခြင်း မရှိ၊ စွန့်လွှတ်ခဲ့ပြီ။ ကာမရာဂ ဗျာပါဒတည်းဟူသော ကိလေသာ အစေး အညှော်

တို့ဖြင့် လိမ်းကျံ ကပ်ငြိခြင်းလည်း မရှိ၊ စင်ကြယ် သန့်ရှင်းခဲ့ပြီ။ ထို့ကြောင့် ငါသည် ထူးမြတ်သော သစ္စာတရားကို မလွဲမသွေ မြင်နိုင်၏၊ သိနိုင်၏။ မြင်နိုင်ရမည်၊ သိနိုင်ရမည်။

ယင်းသို့လျှင် ဗုဒ္ဓလောင်းလျာသည် ဥပမာထင်ဟပ်၍ အမှန်လမ်းကို မြင်သိခဲ့ပေ၏။ မြင်သိသည့် အလျောက်လည်း အမှန်တရား ရရှိရေး လမ်းစဉ်ဖြင့် ဆက်လက်ကျင့်သုံး အားထုတ်လေရာ နောက်ဆုံး၌ သစ္စာ သိမြင်သော မြတ်ဗုဒ္ဓအဖြစ်သို့ ရောက်ရှိလေသည်။

လောကသားတို့သည် ဆင်းရဲပင်ပန်း၍ နေကြရကုန်၏-ဟူ၍ ၎င်း၊ ဆင်းရဲပင်ပန်းခြင်း၏ အကြောင်းရင်းကို၎င်း၊ ထိုသို့ ဆင်းရဲပင်ပန်းခြင်း မရှိအောင် ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းကို၎င်း ကောင်းစွာ သိမြင်သောကြောင့် ဗုဒ္ဓအမည်ကို ခံယူတော်မူလေသည်။

## ဗုဒ္ဓ၏ ပထမဆုံး ဥပမာ

ဗုဒ္ဓအဖြစ်သို့ရောက်တော်မူခါစ ပထမဦးဆုံး ကျူးရင့်သည့် ဗုဒ္ဓ၏စကားရပ်ကိုကြည့်ပါဦး။

"ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် - တဏှာလက်သမား၊ ငါသည် သင့်ကို ပညာမျက်စိဖြင့်မြင်လေပြီ၊ ခန္ဓာအိမ်ကို နောက်တဖန် သင် ဆောက်လုပ်ရတော့မည်မဟုတ်၊ သင်၏ ကိလေသာ တည်းဟူသော အခြင် ရနယ်အားလုံးကို ငါသည် ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာ တည်းဟူသော အိမ်အမိုးကို ဖျက်ဆီးအပ်ပြီ"

ဤကား ဗုဒ္ဓ၏ ပထမဦးဆုံး စကားရပ်များပေတည်း။

## လက်သမား တဏှာ၊ ကိုယ်ခန္ဓာအိမ်ကြီး

ထိုစကားရပ်များ၌ ဥပမာထင်ဟပ်ချက် ပါရှိနေ၏။ လူ၏ ကိုယ်ခန္ဓာကို အိမ်အဖြစ်ရင်း၊ တဏှာကို လက်သမားအဖြစ်ရင်း၊ အိမ်၏ကိုရိယာ အခြင်ရနယ်တို့ကို ကိလေသာအဖြစ်ရင်း၊ အိမ်အမိုးကို အဝိဇ္ဇာအဖြစ်ရင်း နှိုင်းခိုင်းထားလေသည်။

လောကသားတို့သည် အဝိဇ္ဇာ တဏှာ ကိလေသာကြောင့် ရုပ် နာမ် ခန္ဓာ ဖြစ်ပျက်ပြောင်းလဲလျက် ဆင်းရဲပင်ပန်းနေကြရပုံကို ညွှန်းပြခြင်းဖြစ်လေသည်။

ဗုဒ္ဓသည် ထူးမြတ်သော သစ္စာဉာဏ်အမြင်ကိုရရှိရေးအတွက် အားထုတ်စဉ်ကလည်း ဥပမာထင်၍ လမ်းစကိုမြင်ခဲ့၏။ သစ္စာဉာဏ်အမြင်ကို ရရှိစ ပထမဦးဆုံးကာလတွင်လည်း ဥပမာထင်ဟပ်၍ပင် ဥဒါန်းစကား ကျူးရင့်လေသည်။ ဗုဒ္ဓအဖြစ်သို့ရောက်၍ ၄၅-နှစ်တိုင်တိုင် လောကသားတို့အား အမှန်တရားကို ညွှန်းပြရာ၌လည်း ဥပမာတင်စား၍ပင် မြွက်ကြားလေ့ရှိသည်။ ဗုဒ္ဓ၏ဥပမာစကားတို့ကား စုံလင်များပြားလှပေ၏။ မည်သည့်အရေးအခင်းအကြောင်းကိစ္စမျိုး၌ဖြစ်စေ အမှန်ကိုမမြင်မသိ၍ အခက်အခဲရှိနေပါက ဗုဒ္ဓ၏ဥပမာများက လွယ်ကူရှင်းလင်းစွာညွှန်းပြပေးနိုင်လေသည်။ လူသားတို့ အမြင်အသိ မှန်ကန်တည့်မတ်ရေးနှင့် အတွေးအခေါ် ရင့်သန်ရေးအတွက် ဗုဒ္ဓ၏ဥပမာများသည် ဆီမီးတန်ဆောင်သဖွယ် ထွန်းလင်း၍ပြလေသည်။

ဗုဒ္ဓသည် လူသားတို့အား ယဉ်ကျေးလိမ္မာရေး၊ အသိအမြင်မှန်ကန်ရေးအတွက် ဆုံးမညွှန်ကြားရာ၌ လွယ်ကူစွာ သဘော

ပေါက်ရန် ဥပမာဖြင့် တင်စားပြလေ့ရှိသည်ဟုဆိုခဲ့၏။ သာဓက တရပ်ကို ဖော်ပြလိုပါသည်။

## အမြီးကုပ်သော ဆင်ပြောင်ကြီး

တနေ့သ၌ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်းတော်၌ နေထိုင်လျက်ရှိ၏။ ထိုနေ့တွင် ဗုဒ္ဓထံတော်သို့ ဘာရဒွါဇ အမည်ရှိသော ပုဏ္ဏား ရောက်လာလေသည်။ ထိုပုဏ္ဏားမှာ ဗုဒ္ဓနှင့်ဆန့်ကျင်ဘက် အတိုက်အခံ ဂိုဏ်းဆရာကြီးများ၏ လက်ရင်းတပည့်ဖြစ်သည်။

ဘာရဒွါဇပုဏ္ဏားက ဗုဒ္ဓအား ကြမ်းတမ်းစွာ ဆဲရေးခြိမ်းခြောက်၏။ အယုဝါဒဆိုင်ရာစကားတို့ဖြင့် အမျိုးမျိုး ပုတ်ခတ်စွပ်စွဲ၏။

ဗုဒ္ဓသည် ပုဏ္ဏားအား မည်သို့မျှ ပြန်လည် ပြောဆိုခြင်းမပြုသေးဘဲ တည်ငြိမ်စွာနေတော်မူ၏။

ပုဏ္ဏား၏ ဆဲရေးခြိမ်းခြောက်ခြင်း၊ ပုတ်ခတ် စွပ်စွဲခြင်းများရပ်သွားသော အခါတွင်မှ ဗုဒ္ဓက အေးဆေး တည်ငြိမ်စွာ မေးတော်မူလေသည်။

"ပုဏ္ဏား၊ သင်၏ဆွေမျိုး-မိတ်သင်္ဂဟများသည် သင့်အိမ်သို့ လာရောက်ကြဘူးသလား"

"လာရောက်ကြဘူးပါသည်"ဟု ပုဏ္ဏားက ဖြေကြား၏။

"ထိုသူများသည် သင့်အတွက် လက်ဆောင်ပဏ္ဏာများကို ယူဆောင် လာခဲ့ကြဘူးသလား"

"ယူဆောင်လာခဲ့ကြဘူးပါသည်"

"ထိုလက်ဆောင်ပဏ္ဏာ ပစ္စည်းများကို သင်က လက်ခံယူလိုက်လျှင် မည်သူ့ထံသို့ ထိုပစ္စည်းများ ရောက်ရှိသည်မည်သနည်း"

"ကျွန်ုပ်က လက်ခံယူထားလျှင် ကျွန်ုပ်ထံသို့ ရောက်ရှိသည်မည်ပါသည်"

"အကယ်၍ သင်က လက်ခံယူခြင်းမပြုဘဲ လာရောက် ပေးသူများထံ ပြန်လည်၍ ပေးလိုက်သည်ဖြစ်အံ့၊ ထိုပစ္စည်းများသည် မည်သူ့ထံသို့ ရောက်ရှိသည်မည်သနည်း"

"ထိုသို့ဖြစ်လျှင် ထိုပစ္စည်းများသည် ကျွန်ုပ်ထံ လာပို့သူများထံသို့ပင် ရောက်ရှိသည်မည်ပါ၏"ဟု ပုဏ္ဏားက ပြန်လည်ဖြေကြားလေ၏။

ထိုအခါ ဗုဒ္ဓက "အသင် ပုဏ္ဏား၊ ယခု ငါ့အား ခြိမ်းခြောက်ဆဲရေးခြင်း၊ စွပ်စွဲပုတ်ခတ်ခြင်းများကို ငါဘုရား လက်မခံ" ဟူ၍ တည်ငြိမ်အေးဆေးစွာ မိန့်ကြားလိုက်လေ၏။

ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏ဥပမာစကားရပ်ကို ကောင်းစွာ သဘောပေါက်လျက် နှစ်သက်ဝမ်းသာ ဖြစ်သွားလေသည်။

ဗုဒ္ဓအား ဆန့်ကျင်၍ ရန်ပြုမည်ဟု အားခဲလာခဲ့သော ဘာရဒွါဇသည် ဗုဒ္ဓထံတော်ရင်းသို့ ဝပ်စင်းကာ တပည့်အဖြစ် ခံယူလေ၏။

(သဂါထဝဂ္ဂသံယုတ်ပါဠိတော်၊ အက္ကောသသုတ်)

ဤသည်ကား ဗုဒ္ဓသည် ဖြစ်ပေါ်လာသော အရေးအခင်းအကြောင်းကိစ္စ အားလျော်စွာ ဥပမာဖြင့် ညွှန်းပြတော် မူလေ့ရှိကြောင်း သာဓကတကွက်မျှ ဖြစ်၏။

ဤလောကကြီး၌ လူသားတို့သည် စင်စစ်အားဖြင့် ဆင်းရဲပင်ပန်း၍ နေကြကုန်၏။ စိုးရိမ်ကြောင့်ကြ၍ နေကြကုန်၏ဟု ဗုဒ္ဓ ရှုမြင်သုံးသပ်လေသည်။

လူသားတို့ ဆင်းရဲပင်ပန်း- စိုးရိမ်ကြောင့်ကြလျက် ရှိရခြင်းကား လိုချင်တပ်မက်မှု၊ စွဲလမ်းနှစ်သက်မှု၊ နှိပ်စက်ဖျက်ဆီးလိုမှု၊ မနာလိုဝန်တိုမှု တည်းဟူသော တဖက်စွန်းရောက် အလိုဆိုးများကြောင့် ပေတည်း-ဟူ၍လည်း ဗုဒ္ဓ ရှုမြင်သုံးသပ်လေသည်။

ဆင်းရဲပင်ပန်းမှု၊ စိုးရိမ်ကြောင့်ကြမှုမရှိ ကင်းဝေးရန်အတွက် အလိုဆိုးများကို ပိုင်ပိုင်နိုင်နိုင် တားဆီး နှိမ်နင်းရန်မှာ အခြေခံအချက်ဖြစ်ကြောင်းကိုလည်း ဗုဒ္ဓသည် ကောင်းစွာရှုမြင် သုံးသပ်တော်မူလေသည်။

ထို့ကြောင့်ပင် ဗုဒ္ဓသည် လူသားတို့ အမြင်မှန်-အသိမှန်ရရှိရေးအတွက် မနားတမ်းဆိုသလိုပင် အားထုတ် ဆောင်ရွက်တော်မူခဲ့လေသည်။

လူသား အပေါင်းတို့ ဆင်းရဲပင်ပန်းခြင်းမှ လွတ်မြောက်ရန် အားထုတ်ဆောင်ရွက်တော်မူခြင်းကား ဗုဒ္ဓ၏ လောကအမြင်အရ လုပ်ထုံးလုပ်ရပ်ပင် ဖြစ်လေသည်။

လူသားတို့ အသိမှန် အမြင်မှန် ရရှိရေးအတွက် လွယ်ကူစွာ သဘောပေါက် စေနိုင်သော ဗုဒ္ဓ၏ ဥပမာ စကားရပ်များသည်လည်း စင်စစ်အားဖြင့် ဗုဒ္ဓ၏ လောကအမြင်ပင် ဖြစ်လေသည်။

# တိမ်စင် လနှယ်

အမှန်တရားဖြင့် ကောင်းသော လမ်းစဉ်ကို ကျင့်သုံးလုပ်ဆောင်ရန် မေ့လျော့မိခဲ့သူသည် တဖန် သတိရလျက် လမ်းစဉ်မှန်အတိုင်း လိုက်နာ ကျင့်သုံးသည်ဖြစ်အံ့၊ ထိုသူသည် တိမ်တိုက်မှ လွတ်ထွက်လာသော လမင်းကဲ့သို့တည်း။

(အင်္ဂုလိမာလထေရ ဝတ္ထု)

# ဓမ္မပဒပါဠိတော် ဥပမာများ

## နွားနောက် လှည်းပါ

လှည်းကို ရုန်းဆွဲသွားနေသော နွား၏နောက်သို့ လှည်းဘီးသည် အစဉ်လိုက်ပါနေ၏။ ထိုနွား၏ ခွာရာခြေရာတို့ကို လှည်းဘီးသည် နင်း၍ကြိတ်၍လျှင် အစဉ်လိုက်ပါနေ၏။

အကြင်သူသည် မကောင်းမှုကို ကိုယ်ဖြင့်ပြုလုပ်လျှင်သော်၎င်း၊ နှုတ်ဖြင့်ပြောဆိုလျှင်သော်၎င်း၊ စိတ်ဖြင့်ကြံစည်လျှင်သော်၎င်း ထိုမကောင်းမှု၏ ဆိုးပြစ် ဆိုးဒဏ်သည် ထိုသူ၏နောက်သို့ အစဉ်လိုက်ပါမြဲတည်း။

(စက္ခုပါလတ္ထေရ ဝတ္ထု)

## လူနောက် အရိပ်လိုက်

အကြင်သူသည် ကောင်းမှုကို ကိုယ်ဖြင့်ပြုလုပ်လျှင်သော်၎င်း၊ နှုတ်ဖြင့်ပြောဆိုလျှင်သော်၎င်း၊ စိတ်ဖြင့်ကြံစည်လျှင်သော်၎င်း၊ ထိုကောင်းမှု၏ ကောင်းကျိုးသည် ထိုသူ၏နောက်သို့ အစဉ်လိုက်ပါ၏။

အရိပ်သည် လူကို မစွန့်ပေ။ လူသွားလျှင် သွားသည့်အလျောက်၊ ထိုင်လျှင် ထိုင်သည့်အလျောက်၊ လှုပ်ရှားလျှင် လှုပ်ရှားသည့်အလျောက် ထိုလူ၏အရိပ်သည် ထက်ကြပ်မကွာလိုက်ပါမြဲတည်း။

(မဋ္ဌကုဏ္ဍလီဝတ္ထု)

## ကျောက်တောင်ကြီးနှင့် သစ်ပင်အို

မြေ၌ အမြစ်စွဲမြဲမှု အားနည်းသောသစ်ပင်ကို လေမုန်တိုင်းသည် အလွယ်တကူပင် လှဲဖြိုဖျက်ဆီးပစ်လေ၏။

အကြင်သူသည် မျက်စိ-နား-လျှာ-နှာခေါင်း စသည်တို့ကို ထိန်းချုပ်စောင့်စည်းမှုမရှိ။ အားထုတ်ကြိုးစားမှုမရှိ။ ပျင်းရိ၏။ ထိုသူအား ကိလေသာ အညစ်အကြေးတို့သည် လွှမ်းမိုး ချုပ်ချယ်၍ ဖျက်ဆီးသည်သာတည်း။

လေမုန်တိုင်းသည် မားမတ် ခိုင်မာစွာ တည် ရှိ နေ သော ကျောက်တောင်ကြီးကို မဖြိုဖျက်နိုင်ပေ။

အကြင်သူသည် ကြိုးစားအားထုတ်မှုရှိ၏။ပျင်းရိမှုမရှိ။မျက်စိ နား-လျှာ စသည်ကို ထိန်းချုပ်စောင့်စည်း၏။ ထိုသူအား ကိလေ- သာ အညစ်အကြေးတို့သည် လွှမ်းမိုးချုပ်ချယ်၍မရ။ ဖျက်ဆီး နှိပ်စက်၍မရ။

(မဟာကာဠဝတ္ထု ဝဏ္ဏ)

## အပြောသမား နွားကျောင်းသား

အကြင်သူသည် နည်းကောင်းလမ်းမှန် တရားစကားတို့ကို များစွာပြောဆို၏။ လိုက်နာကျင့်သုံးခြင်းကားမရှိ။ ထိုသူသည် ကောင်းကျိုးချမ်းသာကို မရရှိနိုင်ပေ။

နွားအငှား ကျောင်းသူသည် အချိန်တန်လျှင် နွားများကို နွားရှင်အား အပ်နှင်းလိုက်ရ၏။ နွားနို့ကို မရရှိ၊ မသုံးဆောင်ရပေ။

(ဒွေသဟာယက ဘိက္ခုဝတ္ထု)

## လျင်မြန်ခြင်း၊ နိုးကြားခြင်း

လျင်မြန်သော မြင်းသည် ခွန်အားနည်း၍ နှေးကွေးသော မြင်းကို ချန်ထားခဲ့၍ ကျော်သွား၏။

မမေ့မလျော့ နိုးကြား ထကြွမှုရှိသော သူသည် တွေဝေ၍ ပျင်းရိသောသူကို ကျော်လွန်လွှမ်းမိုး၏။

(အပ္ပမာဒဝဂ်၊ ဓမ္မပဒ အဋ္ဌကထာ)

## စိတ်နှင့်ငါး၊ ကာမ ရေပြင်

ငါးသည် ရေ၌ပျော်မွေ့၏။ ရေကိုမှီခိုရာအဖြစ် တွယ်တာခြင်းရှိ၏။ ထိုငါးကို ရေမှယူ၍ ကုန်းပေါ်၌ချထားလျှင် တဖျတ်ဖျတ် တုန်လှုပ်လေသည်။

စိတ်သည် ကာမနယ်ပယ်၌ မွေ့လျော်၏။ ကိလေသာတို့ကို တွယ်တာကပ်ငြိ၏၊ ထိုစိတ်ကို ကိလေသာ အညစ်အကြေးမှ စင်ကြယ်ရန် ကာမနယ်ပယ်မှ ခွာထုတ်ဆောင်ယူသော် တဖျတ်ဖျတ် တုန်လှုပ်လေသည်။

(မေဃိယတ္ထေရဝတ္ထု)

## ပျားပိတုန်းနှင့် ဘုန်းကြီးရဟန်း

ပျားပိတုန်းတို့သည် ပန်းဝတ်ရည်ကို စုတ်ယူသုံးဆောင်ရာ၌ ပန်းပွင့်ကိုရင်း၊ ပန်းပွင့်၏အဆင်းအရောင်ကိုရင်း၊ ပန်းပွင့်၏အနံ့ကိုရင်း မပျက်စီးစေဘဲ လိုရာအရပ်သို့ သယ်ဆောင်ပျံသွားကြလေ၏။

ရဟာန်းသံဃာတို့သည်လည်း ရွာ နိဂုံးတို့သို့ ဆွမ်းစသည်အလို့ ငှာ ချဉ်းကပ်ရာ၌ ရွာသူတို့၏သဒ္ဓါတရားကိုရင်း၊ ရွာသူတို့၏စည်းစိမ် ဥစ္စာကိုရင်း မပျက်စီးစေရာ။ ပျားပိတုန်းကဲ့သို့ကျင့်ရာ၏။

(မဇ္ဈိမနိကာယသေဋ္ဌ ဝတ္ထု)

## ရွှေအိုးကို ဖော်ပေးသူ

အကြင်ပုဂ္ဂိုလ်သည် မိမိအား ဆုံးမပြောကြား၏။ ချွတ်ယွင်းချက်အပြစ်ကိုညွှန်ပြ၍ နှိပ်ချဆုံးမ၏။ 'ထိုပုဂ္ဂိုလ်သည် မြှုပ်ထားသော ရွှေအိုးကို ပြောပြသူပါတကား'ဟု နှလုံးထားရာ၏။ ထိုပညာရှိကို ဆည်းကပ်ခြင်းဖြင့် အကျိုးဆုတ်ယုတ်ခြင်းမရှိပေ။

(ရာဓတ္ထေရ ဝတ္ထု)

## စိတ်နှင့် သူခိုး

သူခိုးတယောက်သည် အခြား သူခိုးတယောက်ကို မြင်လျှင် ပျက်စီးအောင် လုပ်ဆောင်၏။ ရန်သူ တယောက်သည် အခြား ရန်သူတယောက်ကိုမြင်လျှင် ပျက်စီးအောင်လုပ်ဆောင်၏။

မကောင်းယုတ်မာသော စိတ်သည်ကား ထိုထက်ပို၍ ယုတ်မာအောင် ပြုလုပ်နိုင်လေ၏။

[(နန္ဒဂေါပါလက ဝတ္ထု)]

## ပေါက်ပွင့်နှင့် စပယ် စကား

အရောင်အသွေးသာရှိပြီး အနံ့မရှိသော ပေါက်ပွင့် စသည့်ပန်းကို ပန်ဆင်သူသည် ပန်း၏မွှေးရနံ့ကို မရရှိနိုင်ပေ။

အရောင်အသွေးလည်း လှပ၍ မွှေးရနံ့လည်း ထုံသင်းသော စပယ်-စကားစသည့်ပန်းကို ပန်ဆင်သူသည် ပန်း၏ မွှေးရနံ့ကို ရရှိခံစားနိုင်ပေသည်။

ထိုနည်းတူစွာ ဗုဒ္ဓ၏ နည်းညွှန်လမ်းပြ တရားဓမ္မသည် လိုက်နာကျင့်သုံးခြင်းမရှိသူအတွက် အကျိုးမရှိပေ။ လိုက်နာကျင့်သုံးသူ အားသာလျှင် ထိုတရားဓမ္မသည် ကောင်းကျိုးပြုပေ၏။

(ဆတ္တပါဏ ဥပါသက ဝတ္ထု)

## အမှိုက်ပုံထဲက ကြာပန်းခိုင်

အသိပညာကင်းမဲ့သော လူဖျင်းလူညံ့တို့၏အလယ်၌ နေထိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံသူသည် ထိုလူဖျင်း လူညံ့တို့အား ပညာဖြင့် ကျော်လွန်၍ တင့်တယ်ပေ၏။

လမ်းဆုံလမ်းခွ၌ ပုံ၍ထားသော အမှိုက်ပုံဝယ် ရနံ့လှိုင်သော ကြာပဒုံသည် အမှိုက်ပုံကို ကျော်လွန်ကာ ငွားငွားစွင့်စွင့် ပွင့်သကဲ့သို့တည်း။

(ဂရဟဒိန္န ဝတ္ထု)

## အရှည် အဝေး

အိပ်မပျော်သူအဖို့ တညတာသည် ရှည်လျားလှ၏။ ခရီးပန်းနေသူအဖို့ တယူဇနာမျှသော ခရီးလမ်းသည် ဝေးလွန်းလှ၏။ သူတော်ကောင်းတရားကိုမသိသော လူမိုက်တို့အဖို့ ဘဝသံသရာသည် ရှည်လျားလွန်းပေ၏။

(အညတရပုရိသ ဝတ္ထု)

## ယောက်မနှင့်လျှာ

ယောက်မသည် ဟင်းအိုးကို ကြာမြင့်စွာ မွှေ၍ နေရသော်လည်း ဟင်း၏ အရသာကို မသိ။ လျှာသည် ဟင်းကို တွေ့ထိရုံ တခဏမျှဖြင့် ဟင်း၏အရသာကိုသိ၏။

လူဖျင်းလူမိုက်သည် ပညာရှိကို တသက်ပတ်လုံး ဆည်းကပ် ခပါင်းသင်းခွင့်ရသော်လည်း အသိပညာကိုမရ။ အမှန်တရားကို မမြင်။ လူတော် လူကောင်းသည်ကား ပညာရှိကို ခဏတာမျှ ဆည်းကပ်ခွင့် ရသော်လည်း အသိပညာကို ရအောင်ယူ၏။ အမှန်တရားကို မြင်အောင်ရှု၏။

(ဥဒါယိတ္ထေရ ဝတ္ထု)

## နို့ရည်နှင့် မီးခဲ

နွားမ၏နို့အိုးမှ ညှစ်ယူကာစဖြစ်သော နို့ရည်သည် ရတ်တရက် အားဖြင့် ပကတိသဘောမှ မပြောင်းလဲသေး။ ပြောင်းလဲသည်၏ အဖြစ်ကို မသိသာသေး။

မကောင်းမှု ဒုစရိုက်သည်လည်း ကျူးလွန်ပြစ်မှားပြီးကာစ၌ ရုတ်တရက်အားဖြင့် အပြစ်ကျရောက်ကာ မကောင်းကျိုးမပေး သေး။ မကောင်းကျိုးပေးသည်ကို မသိသာသေး။

အကျိုးပေးသောအခါမှာမူ ပြာဖုံးသောမီးခဲကဲ့သို့ မကောင်း မှု ကျူးလွန်သူနောက်သို့ အစဉ်လိုက်၍ လောင်ကြွမ်းလေ၏။

(အဟိပေတ ဝတ္ထု)

## အသင့်ပြင်ဆင်ခြင်း

မြောင်းတူး ရေယူသမားတို့သည် အလိုရှိရာအရပ်သို့ ရေကို ယူဆောင်ကုန်၏။ လေးသမားတို့သည် မြှားတံကို ဖြောင့်တန်း အောင်ပြုပြင်ကုန်၏။ သစ်ခွေသမားတို့သည် လိုသလိုရရှိအောင်

သစ်ကိုရှေ့ကြကုန်၏။ အကျင့်သီလရှိကုန်သော ပညာ ျ့တို့ ..
မိမိကိုယ်ကိုမိမိ ယဉ်ကျေးအောင် ဆုံးမပြုပြင်ကုန်၏။

(ပဏ္ဍိတ သာမဏေရ ဝတ္ထု)

## စွန့်ခွာခြင်း

သတိရှိသောပုဂ္ဂိုလ်တို့သည် အသိပညာပွားများမှု၌ လုံ့လပြု ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် တည်ရာ ကာမဂုဏ်၌ မမွေ့လျော် ကြကုန်။ မှီရာ တဏှာဟူသမျှကို စွန့်ပစ်ကြကုန်၏။ ဟင်္သာငှက်တို့ သည် ကျက်စားရာရွှံ့ညွန်အိုင်ကို စွန့်ခွာပျံသွားကြသကဲ့သို့တည်း။

(မဟာကဿပတ္ထေရ ဝတ္ထု)

## ကောင်းကင်က ငှက်ခြေရာ

ကိလေသာအညစ်အကြေး ကုန်ခန်း၍ သန့်ရှင်းစင်ကြယ်ပြီး သော ပုဂ္ဂိုလ်တို့သည် စားသောက်ဖွယ်ရာစသည့် ဝတ္ထုပစ္စည်း များကို သိမ်းသိမ်းဆည်းခြင်းမရှိပေ။ ထိုထိုဝတ္ထုပစ္စည်း အာရုံ တို့၌လည်း တပ်မက်စွဲငြိခြင်းဟူ၍မရှိပေ။ ထို့ကြောင့် ထိုပုဂ္ဂိုလ် တို့၌ ရာဂစသော အကြောင်းနိမိတ် မရှိ၊ သန့်ရှင်းကြည်လင်၏။ ကောင်းကင်၌ ငှက်တို့၏သွားရာလမ်းကြောင်းကို မမြင်ရသကဲ့သို့ တည်း။

(အနုရုဒ္ဓတ္ထေရ ဝတ္ထု)

## ပြည့်လာသော ရေအိုး

မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့သင့်ပေ။ အနည်းငယ် မျှသော မကောင်းမှုအပြစ်သည် ငါ့အား အကျိုးရောက်လိမ့်မည် မဟုတ်ဟု မထင်မှတ်သင့်ပေ။

မိုးပေါက်ငယ်တို့ ကျဖန်များလျှင် ရေအိုးသည် ပြည့်လာသကဲ့သို့ အနည်းငယ်- အနည်းငယ်မျှသော မကောင်းမှုကို ပြုဖန်များလျှင် ထိုသူအား မကောင်းမှုဖြင့် ပြည့်ပေ၏။

(အသံယက ပရိက္ခာရ ဝတ္ထု)

## သေမင်းနှင့် နွားကျောင်းသား

နွားကျောင်းသားသည် နွားတို့ကို နှင်တံဖြင့် ချောက်လှန့်လျက် စားကျက်ကွင်းပြင်ဆီသို့ မောင်းနှင်သကဲ့သို့ သေမင်းသည် သတ္တဝါတို့ကို အိုခြင်းနာခြင်းဖြင့် သုသာန်သို့ မောင်းနှင်လေ၏။

(ဥပေါသထိကဇတ္ထိန် ဝတ္ထု)

## နွားလိုလူ

နွားတို့သည် အစာစားလေတိုင်း အသား တိုးပွားလေ၏။ ကာလ ကြာရှည်လေတိုင်း ကြီးထွားလေ၏။

အကြားအမြင် ဉာဏ်ပညာ နည်းပါးသူတို့သည်လည်း နွားတို့ကဲ့သို့ပင် အချည်းအနှီး တိုးပွားကြကုန်၏ အသိတရားဟူ၍ကား မတိုးပွားပေ။

(ကာဠုဒါယီထေရ ဝတ္ထု)

## ကိုးကြာအိုနှင့် မြားတံဟောင်း

လူဖျင်းလူမိုက်တို့သည် အချိန် အရွယ် ရှိခိုက်တွင် ပညာကိုလည်း ကောင်းစွာမသင်၊ ကောင်းစွာလည်း ပြုလုပ်ဆောင်ရွက်ခြင်းမပြု၊ ပစ္စည်းဥစ္စာကိုလည်း စုဆောင်းရမိခြင်းမရှိ။

ထိုလူဖျင်းလူမိုက်တို့သည် ငါးကုန်ခန်းသောညွန်အိုင်၌ အကြံကုန်သော ကြိုးကြာအိုများကဲ့သို့ရင်း၊ လေးမှလွတ်ပြီးနောက် အရှိန်ကုန်သော မြှားတံကဲ့သို့ရင်း၊ ကြံမှိုင်၍သာ နေကြကုန်၏။ ရှေးဖြစ်ဟောင်းကို အောက်မေ့ညည်းတွား၍သာ နေကြရကုန်၏။

(မဟာဓနသေဋ္ဌိ ဝတ္ထု)

## တိမ်စင်လနှယ်

အမှန်တရားဖြင့် ကောင်းသော လမ်းစဉ်ကို ကျင့်သုံး လုပ်ဆောင်ရန် မေ့လျော့ခဲ့မိသောသူသည် တဖန် သတိတရားရလျက် လမ်းစဉ်မှန်အတိုင်း လိုက်နာကျင့်သုံးသည် ဖြစ်အံ့။ ထိုသူသည် တိမ်တိုက်မှ လွတ်ထွက်လာသော လမင်းကဲ့သို့တည်း။

(အင်္ဂုလိမာလ ထေရ ဝတ္ထု)

## ပိုက်ကွန်တွင်းက ငှက်များ

ငှက်မုဆိုးသည် ငှက်တို့ကို ပိုက်ကွန်အုပ်၍ ဖမ်းဆီးရာ၌ ပိုက်ကွန်မှ လွတ်သောငှက်သည် အနည်းငယ်မျှသာ ဖြစ်၏။ ပိုက်ကွန်တွင် ဖမ်းဆီးမိသောငှက်ကား များပြားလေသည်။

ဤလောက၌ သဘောတရားအမှန်ကို ရှုမြင်သုံးသပ်နိုင်သူမှာ နည်းပါးလှ၏။ ပညာမျက်စိ မရှိသူတို့သာလျှင် များ ပြား လေ သည်။

(ပေသ ကာရ ဓီတာ ဝတ္ထု)

## ကြိုးဆိုလျက်သာ

ကာလကြာမြင့်စွာ ခွဲခွာခဲ့ရာမှ တဖန် ပြန်လည်၍တွေ့ဆုံသူကို ဆွေမျိုး မိတ်သင်္ဂဟတို့သည် ဝမ်းမြောက် ဝမ်းသာ ကြိုဆို နှုတ်ဆက်ကြကုန်၏။

ထိုနည်းတူစွာပင် ဤလောက၌ ကောင်းသော ပြုလုပ်ဆောင်ရွက်ခြင်း ရှိထားသူကို ကောင်းမှုသည် ကြိုဆိုလျက် သာ ရှိ၏။ မည်မျှပင် ကာလကြာညောင်းသည်ဖြစ်စေ၊ ထိုကောင်းမှုသည် ထိုသူအား ထောက်ပံ့ကူညီသည်သာတည်း။

(နန္ဒိယ ဝတ္ထု)

## ရထားထိန်းလား၊ ရထားကြိုးကိုင်လား

လိမ္မာကျွမ်းကျင်သော ရထားထိန်းသည် လျင်မြန်စွာ ပြေးသွားသော ရထားကို လမ်းမလွဲအောင် ချုပ်ကိုင်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသကို ထိန်းချုပ် တားမြစ်နိုင်သူကို သာလျှင် လိမ္မာသော ရထားထိန်းဟူ၍ ဆိုရာ၏။

ဤမှတပါး အခြားသော သာမန် ရထားထိန်းသည် ရထားကြိုးကိုင်သာလျှင်တည်း။

(အညတရ ဘိက္ခု ဝတ္ထု)

## ရွှေ၏ အညစ်အကြေး၊ လူ၏ အညစ်အကြေး

ခဲပုပ်၊ သံ၊ ဘော်-စသောရွှေ၏အညစ်အကြေးကို ပန်းတိမ်သည်သည် တဖြည်းဖြည်း ထုတ်ပယ်ပစ်သကဲ့သို့ ပညာရှိတို့သည် မိမိ၏ ကိလေသာအညစ်အကြေးများကို အခွင့်ရတိုင်း တစတစ နှိမ်နင်းထုတ်ပယ်ပစ်ရာ၏။

(အညတရ ဗြာဟ္မဏ ဝတ္ထု)

## သံကိုသံဖျက် သံချေးတက်

သံချေးသည် သံကပင်ဖြစ်လာ၏။ တက်လာသော သံချေးသည် ထိုသံကိုပင် စား၍ ဖျက်ဆီးပစ်၏။

မကောင်းမှုဟူသည်မှာ ကျူးလွန်ပြစ်မှားသူကြောင့်ဖြစ်ပေါ်၏။ ထိုမကောင်းမှုသည် ပြုလုပ်သူကိုပင် နှိပ်စက်ဖျက်ဆီး၏။

(တိဿတ္ထေရ ဝတ္ထု)

## အညစ်အကြေး

စာပေကျမ်းဂန် အတတ်ပညာတို့၏ အညစ်အကြေးကား ရွတ်ဖတ်လေ့ကျင့်မှု မရှိခြင်းတည်း။ အိမ်တို့၏အညစ်အကြေးကား ပြုပြင်မွမ်းမံ စောင့်ရှောက်မှု မရှိခြင်းတည်း။ ရုပ်ဆင်းလှပခြင်း၏ အညစ်အကြေးကား ပျင်းရိခြင်းပေတည်း။ စောင့်ရှောက် ကာကွယ်ခြင်း၏ အညစ်အကြေးကား မေ့လျော့ခြင်းတည်း။

(ကာလုဒါယီ ဝတ္ထု)

## အညစ်ကြေးဆုံး

လင်ကို လွန်ကျူး၍ ပြုမူကျင့်ကြံခြင်းသည် မိန်းမ၏ အညစ်အကြေးမည်၏။ နှမြော တွန့်တိုခြင်းသည် ပေးကမ်းစွန့်ကြဲမှု၏ အညစ်အကြေးမည်၏။ ယုတ်မာညစ်ညမ်းသော အပြုအမူသည်ကား လူ့ဘဝ၏ အညစ်အကြေးမည်ပေ၏။

အဆိုးရွားဆုံးနှင့် အလွန်ကဲဆုံး အညစ်အကြေးကား အမှန်ကို မသိမှု(အဝိဇ္ဇာ)ဖြစ်သတည်း။

(အညတရ ကုလပုတ္တ ဝတ္ထု)

## သူတပါးကို လက်ညှိုးထိုးသူ

ပညာမဲ့သူတို့သည် သူတပါး၏အပြစ်ကို မြင်လွယ်၏။ မိမိ၏ အပြစ်ကိုမူ မမြင်နိုင်တတ်ကြ။

ထိုသူမျိုးသည် ဖွဲအမှိုက်ကို လွှင့်မြှောက်သကဲ့သို့ သူတပါး၏ အပြစ်ကို ဖော်ထုတ်တတ်၏။

ငှက်မုဆိုးသည် ငှက်များက သူ၏ကိုယ်ကို မမြင်နိုင်ရန် သစ်ခက်ဖြင့် ဖုံးကွယ်ထားသကဲ့သို့ မိမိ၏အပြစ်ကို ဖုံးကွယ်ထားတတ်လေသည်။

(မေဏ္ဍက သေဋ္ဌိ ဝတ္ထု)

## တောကိုရှင်း၍ အလင်းသို့ထွက်ပါ

ရဟန်းတို့သည် သစ်ပင်သစ်ကိုင်းကို မခုတ်ဖြတ်သင့်ပေ။တဏှာတည်းဟူသော တောချုံကိုသာ ခုတ်ထွင် ရှင်းလင်းသင့်၏။ ထိုတဏှာတည်းဟူသော တောချုံကြောင့် ဇာတိ-ဇရာစသော ဘေးအန္တရာယ်တို့ ဖြစ်ပေါ်ရသည်။ ထို့ကြောင့် တဏှာဟူသော တောကြီးတောငယ်ကို ခုတ်ထွင်ရှင်းလင်းရမည်။ တဏှာဟူသော တောအုပ်ချုံကြားမှ ထွက်မြောက်ကြရမည်။

## နွားငယ်လိုလူ

နို့မခွါသေးသော နွားငယ်သည် မိခင်နွားမသို့ တကပ်တည်းကပ်၍နေသကဲ့သို့ မိန်းမတို့၌ တပ်နှစ်သက်ခြင်း ကိလေသာတောကို မဖြတ်တောက်ရသေးသော ယောကျ်ားသည် ဘဝကို တွယ်တာသဖြင့် တပ်ရောက် ကျင်လည်ရလေ၏။

(သမ္ဗဟုလ မဟလ္လကဘိက္ခု ဝတ္ထု)

## အနီးနှင့်အဝေး

ဟိမဝန္တာ တောင်သည် အလွန်ဝေးစွာ တည်ရှိသော်လည်း ထင်ရှားသကဲ့သို့ ပညာရှိ သူတော်ကောင်းတို့သည် ဝေးစွာသော အရပ်၌ပင် နေထိုင်သော်လည်း ထင်ရှားပေ၏။

ညဉ့်အခါ၌ ပစ်လွှတ်လိုက်သောမြှားတံသည် မထင်ရှား သကဲ့သို့ လူဖျင်းလူမိုက်တို့သည် အနီး၌ ရှိနေကြသော်လည်း မထင်ရှားပေ။

(ဓမ္မပဒ ဗုဒ္ဓဝဂ္ဂ)

## ဆင်ရိုင်းနှင့် စိတ်ရိုင်း

စိတ်ဟူသည်မှာ အလိုရှိရာအာရုံ၌ ကျက်စားတတ်၏။ နှစ်သက်ရာကို အလိုရှိတိုင်း မွေ့လျော်ကျက်စားတတ်၏။

အမုန်ယစ်သောဆင်ကို ဆင်ထိန်းသည် ချွန်းဖြင့်နှိပ်၍ ဆုံးမသကဲ့သို့ အာရုံ၌ ကျက်စားတတ်သောစိတ်ကို အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် ထိန်းချုပ်နှိပ်ကွပ်ရပေမည်။

(သာန သာမဏေရ ဝတ္ထု)

## ရာဂဗွက်အိုင်

ရွှံ့ဗွက်၌ နစ်လျက်ရှိသောဆင်သည် မိမိကိုယ်ကို ရွှံ့ဗွက်မှလွတ်မြောက်ရန် ရုန်းထွက်သကဲ့သို့–

ကိလေသာ ကာမရွှံ့ဗွက်ထဲ၌ နစ်မွန်းလျက်ရှိသော လူသားတို့သည် စိတ်ကို ထိန်းသိမ်းခြင်း ဟူသော မမေ့မလျော့မှုဖြင့် ထိုကိလေသာ ကာမရွှံ့ဗွက်မှ လွတ်မြောက်အောင် ရုန်းထွက်ရပေမည်။

(ပါဝေယျက ဟတ္ထိ ဝတ္ထု)

## တဏှာမျောက်သိုး

မာလောနွယ်သည် ရှင်သန်ခက်ဖြာ တိုးပွားလာသကဲ့သို့ မေ့မေ့လျော့လျော့ နေထိုင်ကျင့်သုံးသူအား ကိလေသာတဏှာသည် ပွားရှိပွားရှိ တိုးလာ၏။

သစ်သီးကို လိုချင်တပ်မက်သောမျောက်သည် သစ်ပင် တပင်မှ တပင်သို့ ခုန်လွှားကူးသန်းသကဲ့သို့ ကိလေသာတဏှာ တိုးပွားသူသည် ဘဝခရီး၌ မဆုံးနိုင်အောင် ပြေးလွှားကူးသန်းနေရ၏။

(ကပိလ မစ္ဆ ဝတ္ထု)

## အမြစ် တဏှာ

သစ်ပင်၏ ကိုင်းခက်-ပင်စည်ကို ခုတ်ဖြတ်ပစ်ရုံမျှဖြင့် ထိုသစ်ပင်သည် အပြီးတိုင် မပျက်စီးနိုင်ပေ။ အသစ်တဖန် ပေါက်ရောက်ပွားစည်းလာပေဦးမည်။ အရင်းအမြစ်ပါ နုတ်ယူ ဖျက်ဆီး ပစ်မှသာ ထိုသစ်ပင် အစတုံးနိုင်ပေသည်။

ဤအတူပင် တပ်နှစ်သက်ခြင်းတဏှာ ကိန်းအောင်းတည်ရှိနေသမျှ ကာလပတ်လုံး ဆင်းရဲပင်ပန်းမှုသည် အဖန်ဖန် အထပ်ထပ်ဖြစ်နေသည်သာတည်း။

## တဏှာ ပိုက်ကွန်

ပိုက်ကွန် ညှတ်ကွင်း၌ မိ၍နေသော ယုန်ငယ်ကို ကြည့်ပါ။ ကြောက်ရွံ့တုန်လှုပ်ကာ ပင်ပန်းဆင်းရဲ၍ နေသည်ကို တွေ့ရလိမ့်မည်။

ကိလေသာတဏှာဖြင့် ဝန်းဝိုင်းခြံရံလျက် သံယောဇဉ် အစေး ကပ်ငြိလျက်ရှိသော သူသည်လည်း ညွတ်ကွင်း မိသော ယုန်ငယ် ကဲ့သို့တည်း။ စိုးရိမ်ပူပန်ရ၏။ ဆင်းရဲပင်ပန်းရ၏။

တဏှာ တည်းဟူသော ပိုက်ကွန်တွင်းမှ လွတ်မြောက်မှသာလျှင် ဆင်းရဲခြင်း အပေါင်းမှ လွတ်မြောက်ပေမည်။

(သုကရ ပေါတိက ဝတ္ထု)

## တဏှာ ကြိုးခွေ

သံခြေကျဉ်း၊ ထိတ်တုံး၊ ကြိုးခွေ၊ 'လက်ထိတ်'တို့သည် ဖွဲ့ချည် တုတ်နှောင်ရန် ကိရိယာတို့ဖြစ်၏။ အနှောင်အဖွဲ့တို့ ဖြစ်ကုန်၏။

သား-သမီး၊ လင်-မယား၊ ရွှေငွေရတနာ စည်းစိမ်ဥစ္စာတို့ကို စွဲမက်တွယ်တာခြင်းသည် ဖွဲ့ချည်တုတ်နှောင်ရန် ကိရိယာတို့ ဖြစ်၏။ ပိုမို၍ခိုင်မြဲသော အနှောင်အဖွဲ့တို့ ဖြစ်ကုန်၏။ ယင်းသည့် တဏှာအစွဲအလမ်းတည်းဟူသော အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်သူသည် မုချ ချမ်းသာရမည်တည်း။

(ဗန္ဓန ဂါရ ဝတ္ထု)

## တဏှာ ပင့်ကူအိမ်

ပင့်ကူကောင်သည် မိမိပြုလုပ်သော ပင့်ကူအိမ်၌ မွေ့လျော် အိပ်စက်၏။

ကိလေသာ ထူပြောသော သတ္တဝါတို့သည် စွဲလမ်းနှစ်သက်ခြင်း တဏှာကွန်ယက်၌ ငြိကပ်စွဲလမ်း၍ ပျော်မွေ့ကုန်၏။

အသိပညာရင့်ကျက်သော သူတော်ကောင်းတို့သည် ပင့်ကူအိမ်နှင့်တူသည့် တဏှာကွန်ယက်မှ လွတ်မြောက်အောင် ရုန်းထွက်ကြကုန်၏။

(ခေမာထေရီ ဝတ္ထု)

## ကိလေသာ မြက်တော

မြက်ပင် ပေါင်းပင်တို့သည် လယ်ယာကို ဖျက်ဆီး ကုန် ၏။ ကောက်ပင် ပဲပင်တို့သည် မြက်ပင် ပေါင်းပင်တို့ကြောင့် ပျက်စီးကြကုန်၏။

တဏှာ-ရာဂ-လောဘ-ဒေါသ-မောဟ တည်း ဟူ သော ကိလေသာတို့သည် လူ-သတ္တဝါတို့ကို ဖျက်ဆီးကုန်၏။လူ-သတ္တဝါတို့သည် ထိုကိလေသာ မြက်-ပေါင်းပင်တို့ကြောင့် ပျက်စီးကြကုန်၏။

(အင်္ကုရ ဝတ္ထု)

ရာဂဗွက်အိုင်၊ တဏှာမျောက်သိုး
အမြစ်တဏှာ၊ တဏှာပိုက်ကွန်
တဏှာကြိုးခွေ၊ တဏှာပင့်ကူအိမ်
ကိလေသာ မြက်တော

## လှော်ရင်း နစ်ခြင်း

တဖက်ကမ်းသို့ ကူးသွားသောလှေထဲ၌ ရေဝင်၍ နေသည် ရှိသော် ထိုလှေသည် ပေါ့ပါးလျင်မြန်စွာ မကူးရောက်နိုင်။ ရေတို့သည် လှေထဲ၌ များပြားစွာ ရောက်ရှိနေပါမူ ထိုလှေသည် တဖက်ကမ်းသို့မရောက်ဘဲ ရေအောက်သို့ နစ်မြုပ်ပျက်စီးပေအံ့။လှေထဲ၌

ရှိနေသောရေကို ကုန်စင်အောင် ခတ်ထုတ်ပစ်သော် ထိုလှေသည် ပေါ့ပါးလျင်မြန်စွာဖြင့် တဖက်ကမ်းသို့ ကူးမြောက်ပေအံ့။

လူ၏ ခန္ဓာကိုယ်သည် လှေနှင့်တူ၏။ ခန္ဓာကိုယ်၌ မှီစွဲလျက် ရှိသော ရာဂ ဒေါသ စသော ကိလေသာ အညစ်အကြေးတို့သည် ရေနှင့်တူ၏။

ဘဝသံသရာ တည်းဟူသော ရေပြင်မှ လွတ်မြောက်ရန် ကိလေသာ အညစ်အကြေးတို့ကို ပယ်ဖြတ် သန့်ရှင်း ပစ်ရပေမည်။

(သမ္မဟုလ ဘိက္ခု ဝတ္ထု)

## ကိုယ့်အား ကိုယ်ကိုး

မြင်းကုန်သည်တို့သည် ရောင်းရမည့် မြင်းများကို ဂရုတစိုက် ရှိကြသည်။ အထူးသဖြင့် အမျိုးကောင်းသော မြင်းကို ပို၍ ဂရုတစိုက် ပြုစုမွေးမြူ၏။ အကြောင်းမူကား မျိုးကောင်းသော မြင်းသည် တန်ဘိုးကြီးသောကြောင့်တည်း။

လူတို့သည် မိမိကိုယ်ကို အားကိုးရာ၏။ ဂရုစိုက်ရာ၏။ သူတပါးကို အားမကိုးရာ။ မြင်းကုန်သည်က အမျိုးကောင်းသော မြင်းကို အရေးတယူ အလေးအမြတ်ပြုသကဲ့သို့ မိမိကိုယ်ကို အလေးအမြတ် ပြုရာ၏။ အကြောင်းမူကား မိမိသာလျှင် မိမိအတွက် ပြုလုပ်ဖန်တီးနိုင်သောကြောင့်တည်း။

(နင်္ဂလ ကုလတ္ထေရ ဝတ္ထု)

# ဥပရိပဏ္ဏာသပါဠိတော် ဥပမာများ

## မိန်းမနှင့် ယောကျ်ား

ယောကျ်ားတယောက်သည် မိန်းမတယောက်အား လွန်စွာ ကြိုက်နှစ်သက်၍ စွဲလမ်း တပ်မက်လျက် ရှိ၏။ ထိုမိန်းမသည် အခြားယောကျ်ား တယောက်နှင့် ချစ်ကျွမ်းဝင်ကာ ရယ်မော ပြုံးရွှင်လျက် ရှိသည်ကို ပထမ စွဲလမ်းတပ်မက်သော ယောကျ်ား သည် တွေ့မြင်ငြားအံ့၊ ထိုယောကျ်ားသည် စိတ်နှလုံး ဆင်းရဲ ပင်ပန်းလှပေ၏။ မခံမရပ်နိုင်အောင် စိုးရိမ်ပူဆွေးမိလေ၏။

ထို့နောက် ထိုယောကျ်ားသည် 'ငါကား ဤမိန်းမကို စွဲလမ်း တပ်မက်-ကြိုက်နှစ်သက်မိခြင်းကြောင့် ယခုလို ဒုက္ခကြီးစွာ ခံစား ရခြင်းပါတကား' ဟူ၍ ဆင်ခြင်စဉ်းစားမိလေ၏။

ထို့ကြောင့် ထိုမိန်းမအား စွဲလမ်းတပ်မက်သည့်စိတ်ကို ပယ်ပြင် ဆုံးမလေသည်။

နောက်တကြိမ်၌ ထိုမိန်းမကို အခြားယောကျ်ား တယောက် နှင့် အတူယှဉ်တွဲလျက် တွေ့မြင်ရသော်လည်း စိတ်နှလုံး ဆင်းရဲ ပင်ပန်းခြင်း မဖြစ်တော့ပေ။ စိုးရိမ်ပူဆွေးခြင်းလည်း မဖြစ်တော့ ပေ။

ဤကား ဥပမာဖြစ်၏။

ဤဥပမာအတိုင်းပင် ဤလောက၌ လူတို့သည် အမုန်တရား ကို ရရှိရန်အတွက် လမ်းစဉ်မှန်ဖြင့် ကျင့်သုံးအားထုတ်ငြားအံ့၊ ထိုကျင့်သုံးအားထုတ်မှုကြောင့် စွဲလမ်းတပ်မက်မှု၊ လိုချင်နှစ်သက် မှု ဟူသော တဏှာ-ရာဂ ကုန်ခန်းနိုင်သည်ဟု ဆင်ခြင်မိငြားအံ့၊

ထိုအားထုတ်ခြင်းသည် ကောင်းသော အားထုတ်ခြင်း မည်၏။ အကျိုးရှိသော အားထုတ်ခြင်းမည်၏။

စွဲလမ်းတပ်မက်မှု၊ လိုချင် နှစ်သက်မှုဟူသော တဏှာ-ရာဂ ကုန်ခန်းသည်ရှိသော် ဆင်းရဲပင်ပန်းရခြင်း၊ ပူဆွေးရခြင်းဟူသမျှ သည်လည်း ကင်းပျောက်တော့သည်သာတည်း။

(ဒေဝဒဟသုတ်)

## မြှားတံကို ပြုပြင်ခြင်း

လေးသမားသည် မြှားတံကို ဖြောင့်တန်းအောင် ပြုပြင်၏။ မီးဖိုဌ် အပြန်ပြန်အလှန်လှန်ကင်၏။ ပစ်ခတ်ရာ၌ အဆင်ပြေ လွယ်ကူစေရန် အချောသတ်မွမ်းမံ၏။

ထိုမြှားတံသည် အလုံးစုံ ပြီးပြည့်စုံပြီဖြစ်သော် တဖန်ထပ်မံ၍ ပြုပြင်ရန်မလို။ မီးကင်ရန် မလိုတော့။ အချောသတ် မွမ်းမံရန် လည်း မလိုတော့ပေ။

ဤလောက၌ သဘောတရားတခုကို အမှန်အတိုင်း သိမြင်လို သော သူသည် လမ်းစဉ်မှန်ဖြင့် ကျင့်သုံးအားထုတ်၏။ မိမိ၏ ခန္ဓာကိုယ်ကို သက်သက်သာသာ အလိုလိုက်၍မထားဘဲ ခြိုးခြံ ရှောင်ရဲစွာ ကျင့်သုံး အားထုတ်၏။

ယင်းသို့ ကျင့်သုံးအားထုတ်သဖြင့် အလိုရှိနေသော သဘော တရားအမှန်ကို ကောင်းစွာ သိမြင်ရရှိပြီးဖြစ်သော် ထိုသူသည် ထိုသဘောတရားအတွက် တဖန်ထပ်မံ၍ ကျင့်သုံးအားထုတ်ရန် မလိုချေ။ ခြိုးခြံရှောင်ရဲစွာ ကျင့်သုံး အားထုတ်ရန်လည်း မလို တော့ပေ။

(ဒေဝဒဟသုတ်)

## နေရိပ် နေပူ၊ အဖြူ အမဲ

နေပူထဲတွင်တည်ရှိသော သစ်ပင်ကြီးတပင်ကို ကြည့်ပါ။ ထိုသစ်ပင်၏အရိပ် ပြန့်နှံ့တည်ရှိရာအရပ်၌ နေပူမရှိပေ။ နေပူ ပြန့်နှံ့တည်ရှိရာအရပ်၌လည်း အရိပ်မရှိပေ။ အရိပ် ဖယ်ခွာသွားသည့်နေရာ၌ နေပူ ဝင်ရောက်လာ၏။ နေပူ ဖယ်ခွာသွားသည့်နေရာ၌ အရိပ် ဝင်ရောက်လာ၏။

ဤလောက၌ လူတို့၏စိတ်အစဉ်ဝယ် ကောင်းစွာ တည်ငြိမ်ခြင်း၊ ကောင်းစွာ နှလုံးသွင်းခြင်း၊ ချမ်းမြေ့ နှစ်သက်ခြင်း ပြန့်နှံ့တည်ရှိသော် ဆင်းရဲပင်ပန်းခြင်း မရှိနိုင်။ တွေဝေမိန်းမောခြင်း မရှိနိုင်။ နှိပ်စက်ဖျက်ဆီးလိုမှု မရှိနိုင်။ လိုချင်တပ်မက်မှု မရှိနိုင်ပေ။

လိုချင်တပ်မက်မှု၊ နှိပ်စက်ဖျက်ဆီးလိုမှု၊ တွေဝေ မိန်းမောမှုများ ဝင်ရောက် လွှမ်းမိုး၍လာသော် ဆင်းရဲ ပင်ပန်းခြင်းသည် ပြန့်နှံ့ဖိစီးလာလေ၏။ ထိုအခါ ကောင်းစွာ နှလုံး သွင်း ခြင်း၊ ကောင်းစွာတည်ငြိမ်ခြင်းများ ပျက်သဉ်း၍ ချမ်းမြေ့နှစ်သက်ခြင်း ပီတိသုခသည်လည်း စွန့်ခွာ ပျက်စီး လေ၏။

(ဒေဝဒဟသုတ်)

## ကိလေသာ ကျော့ကွင်း

တစုံတယောက်သော သူအား အဆိပ်ဖြင့် လိမ်းကျံထားသော မြှားတံ ထိမှန်စူးဝင်သည်ဖြစ်အံ့။ ထိုသူ၏ ဆွေမျိုး သားချင်း အပေါင်းအသင်းတို့က ဆေးဆရာကို ခေါ်ယူ၍ ကုသစေပေလိမ့်မည်။

မြွေးဆိပ်ကု ဆေးဆရာသည် အနာဝကို ဓားငယ်ဖြင့် ခွဲစိတ်လျက် မြှားတံကိုနုတ်၍ မြှားဆိပ်ကို ရှာဖွေထုတ်ယူ ပေလိမ့်မည်။ ထို့နောက် ဆေးဆရာသည် ထိုသူအား "အမောင်၊ သင့်အား အန္တရာယ် မရှိပြီ၊ မြှားတံကိုနုတ်၍ မြှားဆိပ်ကို ထုတ်ပယ်ပြီးပြီ၊ ဆေးကို မှန်မှန်လိမ်းပေးပါ၊ မန်းရည်ကိုလည်း မှန်မှန် ဆေးပါ၊ မသင့်သော အစာကိုလည်း ရှောင်ကြဉ်ပါ၊ အနာဝကိုဖုံမှုန့်များ မထိ မဝင်ပါစေနှင့်၊ အနာကျက်၍ ကောင်းစွာ ပျောက်ကင်းသည်အထိ ဤသို့လျှင် ပြုလုပ် ဆောင်ရွက်ပါလော့" ဟု ပြောကြားရာ၏။

မြှားဆိပ် စူးဝင်သော ထိုသူသည်ကား ဆေးဆရာ မှာကြားသည်ကို မလိုက်နာပေ။ ငါ၌ မြှားဆိပ် မရှိတော့ပြီ။ စိုးရိမ်ဖွယ်မရှိ-ဟူ၍ စွဲမှတ်မှားကာ ဖန်ရည်ဆေးခြင်း၊ ဆေးထည့်ခြင်းကို မှန်မှန် မပြုလုပ်။ အနာကို ကောင်းစွာမစောင့်ရှောက်။ စားချင်ရာကို စားသောက်လေ၏။

ထိုအခါ အနာသည် မန်းဝင်ပြီဘယ်လျက် ကိုက်ခဲ နာကျင်လာ၏။ အနာနှိပ်စက်သဖြင့် ထိုသူသည် ကြီးစွာသော ဆင်းရဲပင်ပန်းခြင်းသို့ ရောက်လေရာ၏။

ထိုနည်းတူစွာပင် ဤလောက၌ အချို့သော သူသည် ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်းကိုရှာဖွေရင်း တရားလမ်းစဉ်အတိုင်း ကျင့်သုံးအားထုတ်ရာ၏။ ထိုသူသည် 'ငါကား လိုချင်တပ်မက်ခြင်း၊ စွဲလမ်းနှစ်သက်ခြင်း၊ နှိပ်စက်ဖျက်ဆီးလိုခြင်းတည်းဟူသော ဘဏှာ-ရာဂ-ဗျာပါဒ စသည့် ကိလေသာ အညစ်အကြေးတို့ကို ပယ်ပြီးလေပြီ၊ ငါသည် တရားထူးကိုရရှိပြီးသူတည်း' ဟူ၍ စွဲမှတ်

မှားကာ ကိလေသာအာရုံကာမဂုဏ်တို့၌ ကျင်လည်ကျက်စားရာ၏။ ဣန္ဒြေကိုစောင့်ရှောက် ထိန်းသိမ်းမှု၌ မေ့လျော့၍ နေထိုင်ရာ၏။

ထိုအခါ တဏှာ - ရာဂ - ဗျာပါဒစသော ကိလေသာအာရုံ ကာမဂုဏ် ကျော့ကွင်းသည် ထိုသူအား ညှိုင်း၍ ဖမ်းဆီးသဖြင့် ဆင်းရဲပင်ပန်းခြင်း၊ စိုးရိမ်ပူဆွေးခြင်းတို့ကို ကြုံတွေ့ခံစားရမည် သာတည်း။

[(သုနက္ခတ္တသုတ်)]

## လမ်းပြနှင့် ခရီးသွား

ရာဇဂြိုဟ်ပြည်သို့ သွားရန် ခရီးကို ကောင်းစွာ ညွှန်ပြတတ်သူအား ခရီးသည်တဦးက "အို-မိတ်ဆွေ၊ ကျွန်ုပ် ရာဇဂြိုဟ် ပြည်သို့ သွားလိုပါသည်၊ လမ်းသိလျှင် ညွှန်ကြား ပါလော့"ဟု တောင်းပန်၏။

လမ်းသိသော ထိုသူက- "မိတ်ဆွေ၊ ဤနေရာမှ ရှေ့သို့ဆက်သွားပါ၊ မကြာမီ တောအုပ်တခုကိုတွေ့လိမ့်မည်၊ ထိုတောအုပ်ကို လွန်လျှင် လက်ဝဲဘက်သို့ သွားသောလမ်းအတိုင်း လိုက်ပါ၊ လယ်ကွင်းပြင်ကြီး ဆုံးအောင် လျှောက်ပါ၊ ရေကန်ကြီး တကန်သို့ ရောက်လိမ့်မည်။ ထိုရေကန်ကြီးမှ ရှေ့ဆက်ပြီး သွားလျှင် သရက် ဥယျာဉ်ကြီးကို တွေ့လိမ့်မည်၊ ထိုဥယျာဉ်ကြီးကို လက်ဝဲရစ် ပတ်သွားသော လမ်းကိုလိုက်ပါ၊ မကြာမီ ရွာငယ်ကလေး တရွာကို တွေ့လိမ့်မည်၊ ထိုရွာငယ်မှထွက်လျှင် ရှေ့တည့်တည့် လမ်းအတိုင်း လျှောက်သွားသော် ရာဇဂြိုဟ်ပြည်ကို မြင်ရပါလိမ့်မည်" ဟု၍ ကောင်းစွာ ညွှန်ကြားလေသည်။

ထိုအခါ ခရီးသွားယောကျ်ားသည် ညွှန်ကြားပြသသောခရီးစဉ်ကို ကောင်းစွာမှတ်သား၍ ထိုညွှန်ကြားလိုက်သော လမ်းခရီးအတိုင်းပင် လျှောက်သွားလေရာ ရာဇဂြိုဟ်ပြည်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားလေသည်။

တဖန် အခြားသော ခရီးသွား ယောကျ်ားတယောက်သည်လည်း ရာဇဂြိုဟ်ပြည်သို့ သွားလိုပါသည် ဟူ၍ ခရီးစဉ်ကို မေးမြန်း လာပြန်၏။

ထိုအခါ ယခင် ပထမခရီးသွားကို ညွှန်ပြသည့် အတိုင်းပင် ကောင်းစွာ ညွှန်ပြပေးလိုက်လေသည်။

ယင်းသို့ ခရီးစဉ်ကို ညွှန်ပြလိုက်သော်လည်း ဒုတိယခရီးသွားသည် ပထမခရီးသွားကဲ့သို့ မဟုတ်။ လမ်းညွှန်အတိုင်းမလျှောက်။ မိမိထင်ရာမြင်ရာ စိတ်ကူးပေါက်တိုင်းသာလျှင် လျှောက်လေ၏။ ထို့ကြောင့် ထိုသူသည် ရာဇဂြိုဟ်ပြည်သို့ မရောက်ရှိတော့ပေ။

ဤကား ဥပမာဖြစ်၏။

ဤဥပမာအတိုင်းပင် လောက၌ တိုးတက်ကြီးပွား၍ အထက်တန်းရောက်နိုင်မည့် နည်းလမ်းကောင်းများကို သင်ကြား ညွှန်ပြချက်ကား ရှိသည်သာဖြစ်၏။

လက်တွေ့ လိုက်နာကျင့်သုံးသူ သာလျှင် အကျိုး ခံစားရ၍ အထက်တန်းရောက်လေသည်။ လိုက်နာ ကျင့်သုံးခြင်း မရှိသူကိုကား ထိုနည်းလမ်းကောင်းများက မည်သို့မျှ အကျိုးမပြုနိုင်ပေ။

(ဂဏက မောဂ္ဂလ္လာနသုတ်)

## ပဲအိတ်ကြီး

အိတ်ကြီးတလုံးထဲ၌ ပဲအမျိုးမျိုးကို ရောနှောရှုံ၍ထည့်ထား၏။ ထိုအိတ်ကြီးကိုဖွင့်၍ သွန်ချလိုက်၏။ အမှတ်အသားရှိပြီးသောသူ သည် အိတ်ကြီးထဲမှ သွန်ချလိုက်သော အရာများကို- 'ဤကား ပဲနောက်တည်း၊ ဤကား ပဲကြီးတည်း၊ ဤကား ပဲလွန်းတည်း စသည်ဖြင့် အမျိုးအမည် ခွဲခြား၍သိ၏။

အမှန်ကို အမှန်ဟူ၍ အရှိအတိုင်း ရှုမြင်သုံးသပ်တတ်သူသည် မိမိခန္ဓာကိုယ်ကို တည်ရှိနေသည့်အတိုင်း ရှုမြင်သုံးသပ်၏။ ဆံပင်၊ လက်သည်း-ခြေသည်း၊ ကျင်ကြီး-ကျင်ငယ်၊ သွေး၊ သလိပ်၊ နှပ်၊ ပြီ၊ ချွေး-စသည်တို့သည် ခန္ဓာကိုယ်၌ အမှန်တကယ် တည်ရှိ ဖွဲ့စည်းလျက် ရှိနေသည်တကားဟူ၍ ရှုမြင်သုံးသပ်၏။

ထိုသို့ ရှုမြင်သုံးသပ်သော် ကာမဂုဏ်အာရုံတို့၌ တပ်မက်သော တွေးတောကြံစည်မှု၊ 'ကာမဝိတက်'မျိုးမှ ကင်းစင်၏။

ထိုအခါ ကာမဂုဏ် ကိလေသာတို့ကြောင့် ဖြစ်ပေါ်တတ် သော ဆင်းရဲပင်ပန်းခြင်းမရှိ၊ စိတ်နှလုံး ချမ်းမြေ့စွာနေရ၏။

(ကာယဂတာသတိသုတ်)

## ရှိုးနှင့် ကျောက်တုံး

စွတ်စိုသော ရွှံ့စေးပျဉ်ထဲသို့ ကျောက်တုံးကို ပစ်ချလိုက်သည် ရှိသော် အထဲသို့ ထိုးဖောက် ဝင်ရောက်သွားမည်သာဖြစ်၏။

ခန္ဓာကိုယ် ရုပ်ဒြပ်၏ အဖွဲ့အစည်းဖြစ်သော အင်္ဂါ•အစိတ် အပိုင်းများကို (ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ နှပ်၊ သလိပ်၊ ချွဲ

စသည်ကို) အရှိအတိုင်း အမှန်အတိုင်း ရှုမြင်သုံးသပ်လေ့ မရှိသူသည် ရှုံနှင့်တူ၏။ ကိလေသာမာရ် တည်းဟူသော နှောင့်ရှက်ဖျက်ဆီးခြင်းသည် ထိုရှုံနှင့်တူသူအား ဝင်ရောက် နှောင်ဖွဲ့နိုင်၏။

## မီးဖြစ်ပေါ်ခြင်း

မီးကိုအလိုရှိသောသူသည် အစိုဓာတ်မရှိသည့် ထင်းစကို ယူဆောင်လာ၏။ မီးပွတ်ခုံသည်လည်း အသင့်ရှိနေ၏။ ထိုအခြေအနေ၌ မီးသည် မုချ ဖြစ်ပေါ်တော့မည်တည်း။ မီးတောက်ရန်သေချာပြီတည်း။

ဤဥပမာအတိုင်းပင် ခန္ဓာကိုယ်၌ အမှန်တကယ်ရှိနေသော၊ အမှန်တကယ်ဖြစ်ပေါ်နေသော အသား၊ အရေ၊ အကြော၊ အဆီစသည်ကို ရှုမြင်သုံးသပ်ခြင်း မရှိသူအား တပ်မက်ခြင်း၊ နှစ်သက်ခြင်း၊ စွဲလမ်းခြင်း၊ လိုချင်မက်မောခြင်း စသည့် ကိလေသာစိတ်သည် မုချပင် ဖြစ်ပေါ်လာတော့မည်တည်း။ ကိလေသာမာရ်၏ နှောင်ဖွဲ့ခြင်းကို အမှန်ပင် ခံရတော့မည်တည်း။

## အိုးနှင့် ရေ

ရေမရှိသော အိုးစရည်းကြီးသည် အသင့်ရှိနေ၏။ အောက်ခံကရွတ်ဖြင့် ကောင်းစွာ တည်ရှိနေ၏။ တစုံတယောက်သောသူသည် ထိုအိုးစရည်းကြီးဆီသို့ ရေကို သယ်ဆောင်၍လာ၏။ ယင်းသို့သော အခြေအနေ၌ ရေသယ်လာသူသည် ရေလောင်းရန်လွယ်ကူသည်သာတည်း။ ရေသည် အိုးစရည်းကြီးထဲသို့ မုချပင်ဝင်ရောက်မည့် အခြေအနေတည်း။

ခန္ဓာကိုယ်၌ အမှန်တကယ် တည်ရှိ ဖြစ်ပျက်နေသည်ကို သုံးသပ်ဆင်ခြင်မှု မရှိသူသည် ပွင့်နေသော အိုးစရည်းကြီးနှင့် တူပေ၏။ ကိလေသာမာရ် ဝင်ရောက်နှောင်ဖွဲ့ခြင်း ခံရမည့်သူမျိုး ပေတည်း။

## ကိလေသာ တံခါးပေါက်

တစုံတယောက်သောသူသည် ပေါ့ပါးသော ချည်လုံးကလေးဖြင့် တံခါးပေါက်ကို ပစ်သွင်း၏။ ထိုတံခါးပေါက်ကား ပိတ်လျက်ရှိနေ၏။ တံခါးပျဉ်တို့သည် လွန်စွာ တောင့်တင်းခိုင်မာကြကုန်၏။ ထိုအရာကို မည်သို့မှတ်ထင်ပါသနည်း။ ချည်လုံးကလေးသည် တံခါးပေါက်ထဲသို့ ဝင်ရောက်ပါမည်လား။

မီးပြုလုပ်လိုသူတဦးသည် မီးပွတ်ခုံရှိရာသို့ ထင်းစကို သယ်ယူလာ၏။ မီးပွတ်ရန်စိတ်ကူးရှိနေ၏။ သို့သော် သယ်ယူလာသော ထင်းစမှာ အခြောက်မဟုတ်၊ ထင်းစိုဖြစ်သည်။ ထိုအရာကို မည်သို့မှတ်ထင်ပါသနည်း။ မီးဖြစ်နိုင်ပါမည်လား။

အိုးစရည်းကြီးသည် ကရွတ်ခွေဖြင့် ကောင်းစွာတည်ရှိနေ၏။ အထဲတွင် ရေအပြည့်ရှိနေ၏။ အိုးနှုတ်ခမ်းနှင့်အညီ ရေပြည့်လျက်ရှိနေ၏။ ရေထည့်လိုသူတယောက်သည် ထိုအိုးစရည်းကြီးဆီသို့ ရေကို သယ်ယူလာနေ၏။ ထိုအရာကို မည်သို့မှတ်ထင်ပါသနည်း။ အိုးစရည်းကြီးထဲသို့ နောက်ထပ် ရေဝင်ရောက်နိုင်ပါမည်လား။

တံခါးပေါက်သည် ခိုင်ခံ့စွာ ပိတ်လျက်ရှိသောကြောင့် ချည်လုံး မဝင်နိုင်။

ထင်းစသည် အစိုဓာတ်ဖြစ်သောကြောင့် မီးပွတ်၍မရ။

အိုးစရည်းကြီးသည် ရေအပြည့်ရှိနေသောကြောင့် နောက်ထပ် ရေမဝင်နိုင်။ ရေလောင်းရန် အကြောင်းမရှိ။

မိမိခန္ဓာကိုယ်၌ အသား၊ အသွေး၊ အကြော၊ အဆီ၊ သလိပ်၊ ခြွဲ၊ လက်သည်း၊ ခြေသည်း၊ ကျင်ကြီး၊ ကျင်ငယ်-စသည်တို့ တည်ရှိဖွဲ့စည်းနေသည် ကိုရင်း၊ ဖြစ်ပျက်-ပြုပြင်-ပြောင်းလဲနေသည်ကိုရင်း ရှုမြင်သုံးသပ်၍ ဆင်ခြင်ရာ၏။

ထိုသို့ ဆင်ခြင်တတ်သူအား လိုချင်တပ်မက်ခြင်း၊ နှစ်သက်စွဲလမ်းခြင်း၊ နှိပ်စက်ဖျက်ဆီးလိုခြင်း၊ မနာလိုဝန်တိုခြင်း-စသောကိလေသာမာရ် ဝင်ရောက်နှောင်ဖွဲ့ရန် အကြောင်းမရှိ။ ထိုအခါ ဆင်းရဲပင်ပန်းမှု မရှိနိုင်။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသည် မည်၏။

(ကာယဂတာသတိသုတ်)

## တောင်ပေါ်နှင့် တောင်အောက်

သူငယ်ချင်း ၂-ယောက်တို့သည် တောင်ခြေသို့ ရောက်လာကြ၏။

တယောက်က တောင်ပေါ်သို့ တက်သွားသည်။ ကျန်တယောက်က တောင်ခြေရင်း၌ စောင့်နေခဲ့သည်။

တောင်ပေါ် တက်သူသည် တောင်ထိပ်မှနေ၍ အဝေးသို့ လှမ်းမျှော်ကြည့်ရှုပြီးလျှင် တောင်အောက်သို့ ပြန်ဆင်းလာခဲ့၏။

တောင်ခြေတွင် ကျန်ရစ်သူက- "သူငယ်ချင်း၊ တောင်ထိပ်က နေ ကြည့်တာ ဘာတွေမြင်ရသလဲ"ဟု မေးလေသည်။

"တော်တော်စုံအောင် မြင်ရတာဘဲ၊ ရှုမျှော်ခင်းတွေ သိပ်လှ တာဘဲ၊ စိမ်းလန်း စိုပြေတဲ့ ဥယျာဉ်ကိုလဲ မြင်ရတယ်၊ အစီအရီ တန်းနေတဲ့ သစ်ပင်တွေ တောအုပ်တွေလဲ မြင်ရတယ်၊ မြို့တွေ ရွာ တွေကလဲ အစုလိုက် - အကွက်လိုက် ရှုချင်စဖွယ်ဘဲ၊ မြစ်တွေ- ချောင်းတွေဆိုတာ ရစ်ခွေ စီးဆင်း နေကြတာဘဲ၊ ကြည့်လို့မဝ အောင် သာယာတယ်"ဟု ပြန်ပြောလေသည်။

"သူငယ်ချင်း၊ မင်းပြောတာ မဖြစ်နိုင်ပါဘူး၊ မဟုတ်တာ တွေကို ကြံဖန်ပြောနေတာပါ'"ဟူ၍ တောင်ခြေရင်း၌ ကျန်ရစ်သူ က ပြန်ပြောလေ၏။

ထိုအခါ တောင်ပေါ်တက်သူက "ကဲ-မယုံရင် တက်ကြည့် သူငယ်ချင်း၊ လိုက်ခဲ့"ဟု ဆို၍ ဆွဲခေါ်ကာ ၂ ယောက်သား တောင်ထိပ်ပေါ်သို့ တက်သွားကြလေ၏။

တောင်ထိပ်ပေါ်သို့ ရောက်သောအခါ ပထမ သူငယ်ချင်း ပြောသည့်အတိုင်းပင် အလုံးစုံရှုမြင်ရလေ၏။

"သူငယ်ချင်း၊ ငါပြောတာတွေ မဟုတ်ဘူးလား၊ ဘယ့်နှယ် လဲ၊ 'မဖြစ်နိုင်ပါဘူး၊ မဟုတ်တာတွေကို ကြံဖန်ပြောနေတာပါ' လို့ ပြောအုံးမှာလား"ဟု ပထမ တောင်ပေါ် တက်သူက မေး လေသည်။

ထိုအခါ ဒုတိယ တောင်ပေါ်တက်သူက "ဟုတ်ပေတယ် သူငယ်ချင်း၊ မင်းပြောတာတွေ အမှန်ချည့်ပါဘဲ၊ သည်တောင်ကြီး ကာဆီးထားလို့ မြင်ကွင်းတွေကို မမြင်ရတာဘဲ၊ ယခုတော့ သည်တောင်ကြီးကိုကျော်လွှားပြီး တက်နိုင်လို့ရှုမြင်ကွင်းတွေကို မြင်ရပါပြီ၊ မင်းပြောတာတွေ မှန်ပါတယ်"ဟု ပြန်ပြောလေ၏။

ဤသည်ကား ဥပမာ အကြောင်းရပ်ဖြစ်ပေ၏။ ဤလောက၌ အဝိဇ္ဇာ တည်းဟူသော တောင်ကြီးသည် ပိတ်ပင်တားဆီးလျက် ရှိနေ၏။ ဤအဝိဇ္ဇာ တောင်ကြီးကြောင့်ပင် လူအပေါင်းတို့သည် အမှန်ကို မမြင်ကြ၊ မသိကြ။ မြင်သူ-သိသူက ပြောသော်လည်း မယုံကြည်တတ်ကြ။ အဝိဇ္ဇာကို ကိုယ်တိုင် အောင်နိုင်ကျော်လွှားပြီးသူသာလျှင် လောကသစ္စာ အမှန်တရားကို သိမြင်လက်ခံတတ်ကြလေသည်။

အဝိဇ္ဇာဟူသည်မှာ အမိုက်မှောင်ပေတည်း။ အသိ အလိမ္မာ ဉာဏ်ပညာ ကင်းမဲ့ခြင်းပေတည်း။

အဝိဇ္ဇာ အမှောင်ဖုံးလွှမ်းခြင်းသည်ကား လိုချင် တပ်မက်မှု၊ စွဲလမ်းနှစ်သက်မှု၊ ဖျက်ဆီးနှိပ်စက်လိုမှု၊ မနာလို ဝန်တိုမှု စသော တဖက်စွန်းရောက် အလိုဆိုးများကြောင့် ဖြစ်ပေ၏။ ထိုကဲ့သို့သော အလိုဆိုးများ နည်းပါးသည်နှင့်အမျှ၊ ကင်းရှင်းသည်နှင့် အမျှ အသိအလိမ္မာ ဉာဏ်ပညာ ရင့်သန်မြဲ ဖြစ်ပေသည်။ အသိအလိမ္မာ ဉာဏ်ပညာ ကြီးမား ရင့်သန်သည်နှင့်အမျှ လောက၌ အထက်တန်းရောက်ကာ တိုးတက်တောက်ပြောင် နိုင်ပေသည်။ ပင်ပန်းဆင်းရဲခြင်း မရှိသော နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ပေသည်။

(ဒန္တဘူမိသုတ်)

## အကြောင်းမဟုတ်၊ အလုပ်မမှန်

နွားနို့ အလိုရှိသူသည် ကလေးငယ်ရှိသော နွားမ၏ဦးချိုကို ညှစ်၏။ နွားနို့ကား မရပေ။ နွားနို့ရရှိရန် အကြောင်းမဟုတ်သောကြောင့်တည်း။

ဆီဦးကို အလိုရှိသူသည် အိုးထဲ၌ ရေလောင်းထည့်၍ မွှေတံဖြင့် လှည့်ပတ်မွှေ၏။ ထို့နောက် ပွေတံဖြင့် ကော်၍ ဆွဲယူ၏။ ဆီဦးကိုကား မရပေ။ ဆီဦးရရှိရန် အကြောင်း မဟုတ် သောကြောင့်တည်း။

မီးကို အလိုရှိသူသည် စိုစွတ်သော သစ်သားစ ၂-ခုကို ပွတ်တိုက်၏။ မီးကိုကား မရပေ။ မီးရရှိရန် အကြောင်းမဟုတ်သောကြောင့်တည်း။

ဤလောက၌ အကျိုးထူးကိုရရှိရန်ဟူ၍ မြက်သောအကျင့်ကို ကျင့်သုံးအားထုတ်လေ့ရှိကြကုန်၏။ ထိုသို့ အားထုတ်သူတိုင်းသည် အကျိုးထူးကို မရနိုင်ပေ။ အဘယ်သူမျိုးနည်းဟူမူ- ဒါယအဆာ၌ ငြင်း၊ စိတ်ကူးအကြံအစည်၌ငြင်း၊ အပြောအဆို၌ငြင်း၊ အပြုအမူ၌ ငြင်း၊ အသက်မွေးမှုရာ၌ငြင်း၊ အားထုတ်လုံ့လပြုရာ၌ငြင်း၊ ဆင်ခြင် အောက်မေ့ရာ၌ငြင်း၊ ငြိမ်သက် တည်ကြည်မှု၌ငြင်း မှားယွင်းနေသူမျိုးပေတည်း။

ထိုလမ်းစဉ် ရှစ်မျိုးသည် လူသားတိုင်း၌ အရေးကြီးသော အရင်းခံတရားများဖြစ်၏။ ထိုအရင်းခံတရား၌ မမှန်ကန်ဘဲ ရှိနေလျှင် ကျင့်သုံး အားထုတ်ပါသော်လည်း အကျိုးထူးကို မရရှိနိုင်ပေ။

(ဘူမိဇသုတ်)

## ငုံးငှက်ဖမ်းခြင်း

ကောင်းစွာ ကြိုးစား အားထုတ်ခြင်းသည် အပြစ်ကင်း၏။ အကျိုးဖြစ်စေနိုင်၏။ အရာရာတိုင်း၌ ကောင်းစွာ ကြိုးစား အားထုတ်မှုသည် ရှိအပ်ပေ၏။ ကြိုးစားအားထုတ်မှု မရှိဘဲ အောင်မြင်ပြီးမြောက်သည်ဟူ၍ မရှိနိုင်ပေ။

သို့သော်လည်း ကြိုးစားအားထုတ်မှု ဟူသမျှကို အပြစ်ကင်းသည်ဟု မဆိုရာ။ အကျိုးပြုမည်ဟု မဆိုရာ။ အသိပညာနှင့် ယှဉ်သော ကြိုးစား အားထုတ်ခြင်းသည်သာလျှင် မြတ်၏။ အပြစ်ကင်း၏။ အကျိုးပြုနိုင်ပေ၏။

ငုံးငှက်ကိုဖမ်းသူသည် လက်ထဲ၌ဖိထားသော ငုံးငှက်ကို မလွတ်သွားအောင် ဟူ၍ အားထုတ် ဖိဆုပ်လိုက်ပါက ငုံးငှက် သေဆုံးရာ၏။ အကျိုးမရှိရာ။ ဤ သို့ သော ကြိုးစား အားထုတ်မှုမျိုးကို အပြစ်မကင်းဟု ဆိုရာ၏။

ဤသို့သော အသိပညာမဲ့ ကြိုးစားအားထုတ်မှုမျိုးကြောင့် စိတ်လှုပ်ရှားပြန့်လွင့်နိုင်၏။ တည်ကြည်မှုသမာဓိ လျော့ပါး ကင်းကွာနိုင်၏။ ထိုအခါ မိမိ ရည်မှန်းထားသော အောင်မြင်မှု အကျိုးထူးများ ပျက်စီးဆုံးရှုံးနိုင်ပေ၏။

(ဥပက္ကိလေသသုတ်)

## လိပ်ကန်းနှင့် ပျဉ်ချပ်

ပျဉ်ပြားငယ်တချပ်ကို အပေါက်ဖောက်ပါ။ လက်မောင်းဝင်နိုင်ရုံလောက်သောအပေါက်ကို ဖောက်ပါ။ ထို့နောက် ထိုပျဉ်ပြားကို သမုဒ္ဒရာထဲသို့ပစ်ချပါ။

သမုဒ္ဒရာ၌ အရပ် ၄-မျက်နှာမှ လေတိုက်ခတ်လျက်ရှိ၏။ ထို့ကြောင့် ပျဉ်ပြားချပ်ကလေးသည် အရှေ့-အနောက်-တောင်-မြောက် လှည့်ပတ်ကာ ဒလစပ်လည်လျက်ရှိနေလိမ့်မည်။

ထိုသမုဒ္ဒရာ၌ မျက်စိကန်းသော လိပ်တကောင်ရှိ၏။ ထိုလိပ်သည် နှစ်ပေါင်းတရာကြာမှ ရေပေါ်သို့ ပေါ်ခွင့်ရ၏။

ထိုလိပ်ကန်းသည် ပျဉ်ပြားချပ်ကလေး၏ အပေါက်တွင် စွပ်မိရန် အကြောင်းရှိပါမည်လား။ လွန်စွာ ကြုံ ကြိုက် ခဲ သော အကြောင်းပေတည်း။

ဤလောက၌ စိတ်ဖြင့် မကောင်းမှုဒုစရိုက်ကို ကြံစည်တွေးတောလေ့ရှိသူ၊ နှုတ်ဖြင့် မကောင်းသည်-မမှန်သည်ကို ပြောဆိုလေ့ရှိသူ၊ ကိုယ်ဖြင့် မကောင်းသောအလုပ်ကို ပြုလုပ်လေ့ရှိသူ၊ ထိုထို မကောင်းမှုတို့၌သာလျှင် အလေ့အကျင့်ပွား၍ ကျက်စားလေ့ရှိသူသည် အပြစ်ကင်းသော ကောင်းမှုသုစရိုက်ကိုပြောင်းလဲကျက်စားရန် ခဲယဉ်းလှပေ၏။ လေ့ကျင့် ကျက်စားလျက်ရှိသော မကောင်းမှုကို စွန့်လွှတ်ရန် ခဲယဉ်းလှပေ၏။

မကောင်းမှုဒုစရိုက်၌ မွေ့လျော်ကျက်စားသော အပေါင်းအသင်း ပတ်ဝန်းကျင် အရပ်ဒေသကို စွန့်လွှတ်၍ ကောင်းမှုသုစရိုက်၌ မွေ့လျော်ကျက်စားသော အပေါင်းအသင်း ပတ်ဝန်းကျင် အရပ်ဒေသသို့ ပြောင်းရွှေ့ရန် ခဲယဉ်းလှပေ၏။

သမုဒ္ဒရာထဲက လိပ်ကန်းသည် ပျဉ်ပြားချပ်၏အပေါက်တွင် ခင်မိရန် ခဲယဉ်းသကဲ့သို့တည်း။

မစင်၌ မွေ့လျော်၍ မစင်ကို နှစ်ခြိုက်စားသုံးသော ပိုးလောက်ကောင်သည် မစင်ပုံမှဖဲခွာ၍ အရပ်တပါးသို့ ပြောင်းရွှေ့သွားရန် ခဲယဉ်းသကဲ့သို့တည်း။

(ဗာလပဏ္ဍိတသုတ်)

## ဆုံးရှုံးခြင်း၊ ပို၍ဆုံးရှုံးခြင်း

လောင်းကစား ကြူးသူသည် ထာဝစဉ် အရှုံးနှင့်ကြုံရ၏။ ပစ္စည်းဥစ္စာလည်း ဆုံးရှုံးရ၏။ သားသမီး-ဇနီးကိုလည်းဆုံးရှုံးရ၏။ လောင်းကစားမှုကို အကြောင်းပြု၍ ရာဇဝတ်သင့်ကာ ဖမ်းဆီးချုပ်နှောင်ခြင်းလည်းခံရ၏။

ထိုလောင်းကစားကြူးသူ၏ ဆုံးရှုံးခြင်းကား သာမန်မျှသာတည်း။

စိတ်ဖြင့် မကောင်းမှုကို ကြံစည်တွေးတောခြင်း၊ နှုတ်ဖြင့် မကောင်းသည်ကို ပြောဆိုခြင်း၊ ကိုယ်ဖြင့် မကောင်းသည်ကို ပြုလုပ်ခြင်းဟူသော ဒုစရိုက်၌ မွေ့လျော်ကျက်စားမိသူ၏ ဆုံးရှုံးခြင်းကား လွန်စွာကြီးမားလှပေ၏။ ပြုပြင်အစားထိုး၍ ရနိုင်ခဲသော ဆုံးရှုံးခြင်းပေတည်း။ လောင်းကစားကြူးသူ၏ ဆုံးရှုံးခြင်းထက် အဆများစွာပိုလွန်သော ဆုံးရှုံးခြင်းပေတည်း။

(ဗာလပဏ္ဍိတသုတ်)

## အယဉ်နှင့် အရိုင်း

အိမ်ကြီး ၂-ဆောင်သည် မျက်နှာချင်းဆိုင်တည်ရှိနေ၏။ မျက်စိ ကောင်းသူတယောက်သည် ထိုအိမ်ကြီး ၂-ဆောင်၏ အလယ်တလင်းပြင်၌ ရပ်လျက်ရှိ၏။ ထိုသူသည် အိမ်ကြီး ၂-ဆောင်သို့

ဝင်လာသူများကိုလည်း ကောင်းစွာမြင်ရ၏။ အိမ်ကြီး ၂-ဆောင်မှ ထွက်ခွာသွားသူများကိုလည်း ကောင်းစွာမြင်ရ၏။ မမြင်နိုင်ဖွယ်ရာ အကြောင်းမရှိပေ။ မျက်စိကောင်းသူ မဟုတ်လော။

ထို နည်းတူ ပင် ငါဘုရား သည် သတ္တဝါ အမျိုး အစားကို ကောင်းစွာ သိမြင်တော်မူ၏။ မယဉ်ကျေးသူနှင့် ယဉ်ကျေးသူ၊ လမ်းမှားသူနှင့် လမ်းမှန်သူတို့ကိုလည်း ခွဲခြား၍ သိမြင်တော်မူ၏။ ဆုံးမခက်သူနှင့် ဆုံးမလွယ်သူတို့ကိုလည်း ကောင်းစွာခွဲခြား၍ သိမြင်တော်မူသည်သာတည်း။ မသိမြင်နိုင်ဖွယ်ရာ အကြောင်းမရှိပေ။ ငါဘုရား၌ ဤအလုံးစုံကို ပိုင်းခြားဝေဖန်နိုင်သည့် ဉာဏ်ပညာ ပြည့်စုံနေသည် မဟုတ်ပါလော။

(ဒေဝဒူတသုတ်)]

## လျင်မြန်ခြင်း၊ ထိန်းသိမ်းခြင်း

ဗုဒ္ဓလမ်းစဉ်ကို သိ၍ ဗုဒ္ဓ၏ ဆုံးမညွှန်ပြမှုကို ရရှိသောသူသည် စိတ်အစဉ်ကို စောင့်ရှောက် တတ်၏။ တွေ့ကြုံ ဆုံဆီးလာသော အာရုံတို့၌ အသင့်အတင့် နှလုံးသွင်းတတ်၏။ စိတ်ဆန္ဒဆွဲဆောင်ရာသို့ လိုက်ပါကာ တဖက်စွန်းမရောက်အောင် ထိန်းသိမ်း စောင့်စည်း တတ်ပေ၏။

ထိုမှဂ္ဂိုလ်သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတည်းဟူသော အာရုံတို့ကို တွေ့ထိ ခံစားမိသောအခါ နှစ်သက်ကျေနပ်မှုလည်း ဖြစ်ပေါ်၏။ မနှစ်သက် မကျေနပ်မှုလည်း ဖြစ်ပေါ်၏။

ယင်းသို့ ဖြစ်ပေါ်သော်လည်း ကြာရှည်စွဲမြဲခြင်းကား မရှိပေ။ ခဏချက်ခြင်း ချုပ်ငြိမ်းသည်သာဖြစ်၏။

ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်၌ နှစ်သက်မှု၊ မနှစ်သက်မှုသည် တည်တံ့၍ မနေ၊ ဗုဒ္ဓလမ်းစဉ်အရ စိတ်အစဉ်ကို စောင့်ရှောက် ထိန်းသိမ်းတတ်သောကြောင့် ဖြစ်၏။ နှစ်သက်ကျေနပ်မှု၊ မနှစ်သက် မကျေနပ်မှုသည် လျင်မြန်စွာ ပျက်ပြယ်ချုပ်ငြိမ်း သွားသည်သာ ဖြစ်၏။

ကျန်းမာသန်စွမ်းသော သူသည် မျက်စိကိုမှိတ်၍ ဖွင့်လိုက်သကဲ့သို့ငင်း၊ ဖွင့်၍ မှိတ်လိုက်သကဲ့သို့ငင်း၊

လက်မနှင့်လက်ညှိုးကိုထိ၍ အသာအယာ လက်ဖျစ် တီးလိုက်သကဲ့သို့ငင်း၊

လျှာပေါ်၌ တင်ရှိနေသော တံတွေးကို ထွေးထုတ်လိုက်သကဲ့သို့ငင်း၊

ကွေးထားသော လက်မောင်းကို ဆန့်တန်းလိုက်သကဲ့သို့ငင်း၊

မီးဖိုပေါ်၌ ကြာမြင့်စွာ တယ်ထားသော သံဒယ်အိုး ထဲသို့ ရေပေါက် ချလိုက်သောအခါ ခဏချင်းဖြင့် ခန်းခြောက်သွားသကဲ့သို့ငင်း၊

အနည်းငယ် စောင်းငဲ့လျက် ရှိသော ကြာရွက်ပေါ်သို့ ရေပေါက် ကျသည့်အခါ ခဏချက်ချင်း လျှောကျသကဲ့သို့ငင်း၊

ဤနည်းကို စောင့်ရှောက် တတ်သူအား တွေ့ထိ ခံစားမိသော ကျေနပ်နှစ်သက်မှု၊ မကျေနပ်မနှစ်သက်မှုသည် အလွန်လျင်မြန်စွာ ချုပ်ငြိမ်းသွားသည်သာတည်း။

(ဣန္ဒြိယဘာဝနာသုတ်)၊

## အချစ်၏ရလဒ်

စားသောက်သမျှသော အစာ အာဟာရ၏ အကျိုးဆက်ကား ကျင်ကြီး ကျင်ငယ် ပေတည်း။ ကျင်ကြီး ကျင်ငယ်သည် အစာ အာဟာရကြောင့် ဖြစ်၏။

ချစ်ခင် တွယ်တာခြင်း၏ အကျိုးဆက် ကား ကွေကွင်းခြင်း၊ ပူဆွေးငိုကြွေးခြင်း၊ ဆင်းရဲ ပင်ပန်းခြင်း၊ စိတ် နှလုံး မသာယာခြင်းတို့ ပေတည်း။ ကွေကွင်းခြင်း၊ ပူဆွေး ငိုကြွေးခြင်းစသော ဆင်းရဲ ပင်ပန်းခြင်းတို့သည် ချစ်ခင် တွယ်တာခြင်းကြောင့် ဖြစ်၏။

(ပဥ္စကနိပါတ်၊ နာဂိတသုတ်)

# အင်္ဂုတ္တိုရ်ပါဠိတော် ဥပမာများ

## စပါးစေ့နှင့် စိတ်

အစီအစဉ်ဖြင့် ကောင်းစွာ ထူမတ်၍ထားသော စပါးစေ့သည်- ထက်မြက်စူးရှခြင်း သတ္တိစွမ်းကို ဆောင်ယူထားလေသည်။ လဲနေသော စပါးစေ့ကား ပြုပြင်စီစဉ်ခြင်းကင်းမဲ့၍ ဖရိုဖရဲ တည်ရှိနေသည့် သဘောကို ဆောင်လေသည်။ ထက်မြက်စူးရှခြင်း သတ္တိစွမ်းကို မဆောင်နိုင်ပေ။

ထိုနည်းတူစွာပင် ထိန်းသိမ်းပြုပြင်၍ထားသောစိတ်မှာ ထက်မြက် စူးရှခြင်း သတ္တိစွမ်းရှိ၏။ အလင်းရောင်သည် အမှောင်ကို ပျက်ပြယ်စေနိုင်သကဲ့သို့ တွေဝေမိုက်မဲခြင်း အဝိဇ္ဇာမောဟကို ပြိုဖျက်ပစ်တတ်၏။ အမှန်တရားကို သိမြင်နိုင်စွမ်း၏။

ထိန်းသိမ်း ပြုပြင်ခြင်းမရှိသောစိတ်ကား ဖရိုဖရဲ ပြန့်လွင့်၍ တည်ရှိနေသဖြင့် ထက်မြက်ခြင်းသတ္တိစွမ်း မရှိနိုင်ပေ။ အမှန်တရားကို သိမြင်နိုင်စွမ်း မရှိပေ။

ထို့ကြောင့် အမြင်မှန်၊ အသိမှန်နှင့် လမ်းမှန် ကို ရရှိရန်မှာ စိတ်ကို ထိန်းသိမ်းပြုပြင်ရေးသည် အခြေခံဖြစ်၏။

(ကေကနိပါတ်၊ ပဏိဟိတ အဇ္ဈဝဂ်၊ ပဌမသုတ်နှင့် ဒုတိယသုတ်)

## ရေနောက်ထဲ၌ ငါးကိုမမြင်နိုင်

နောက်ကျု၍ ပေါက်ပက်ခတ်နေသော ရေအိုင်ထဲ၌ ငါးတို့သည် ရှိနေကြကုန်၏။ ခရု-ယောက်သွား-ကျောက်စရစ်ခဲ စသည်တို့သည်လည်း ရှိနေကြကုန်၏။ ယင်းသို့ ရှိနေကြသည်သာ ဖြစ်သော်လည်း ၎င်းတို့ကို မမြင်ရပေ။ အကြောင်းမူကား ရေအိုင်

သည် နောက်ကျုလျက် ရေပြင်သည်လည်း မတည်မငြိမ် လှိုင်းခတ်နေသောကြောင့်ပေတည်း။

အကယ်၍ ထိုရေအိုင်သည် ကြည်လင်လျက် လှိုင်းပေါက်ပက်မခတ်ဘဲ တည်ငြိမ်၍နေပါမူကား ငါးတို့ကို ကောင်းစွာမြင်နိုင်ရာ၏။ ခရု - ယောက်သွား - ကျောက်စရစ်ခဲ စသည်တို့ကိုလည်း ကောင်းစွာ မြင်နိုင်ရာ၏။

ဤဥပမာဖြင့် နောက်ကျုသောစိတ်နှင့် ကြည်လင်သောစိတ်ကို နှိုင်းယှဉ်၍ သိနိုင်ပေသည်။

လောဘ-ဒေါသ-မာန်မာန ဣဿာ-မစ္ဆရိယ စသော ကိလေသာစိတ် အညစ်အကြေး ဖုံးလွှမ်းလျှင် အမှန်ကို မမြင်-မသိနိုင်။ နောက်ကျုညစ်ကြေးသော ကိလေသာစိတ်သည် အမှား-အမှန် အဆိုး-အကောင်းကို ပိုင်းခြားသိမြင်နိုင်စွမ်း မရှိပေ။

လိုချင်တပ်မက်ကြီးလွန်းခြင်း၊ အမျက်ဒေါသ ကြီးလွန်းခြင်း၊ ပလွှား ဝင့်ဝါလွန်းခြင်း၊ မနာလို-ဝန်တိုခြင်း စသည့် ကိလေသာ အညစ်အကြေးတို့မှ ကင်းသော စိတ်သည် ကြည်လင်သောစိတ် မည်၏။

ကြည်လင်သောစိတ်သည် အမှား-အမှန်၊ အဆိုး-အကောင်းကို ပိုင်းခြား သိမြင်နိုင်စွမ်းမြဲပေတည်း။

(စဇုတ္တသုတ်နှင့် ပဉ္စမသုတ်)

## ကြို့ပင်နှင့် စိတ်

အမျိုးအမည်များစွာသော သစ်ပင်တို့အနက် ကြို့ပင်ကို အကောင်းဆုံးဟု ဆိုရလေသည်။ အကြောင်းမူကား ကြို့ပင်၏

အသားသည် နူးညံ့၏။ ဆောက်ထွင်းရန်၊ ရွှေပေါ်ထိုးရန်၊ ပဲခွပ်ခုတ်ရန်လွယ်ကူ၏။ အသုံးအဆောင်အတွက် အရာဝတ္ထုတစုံတရာ ပြုလုပ်ရာ၌ ကြို့သားသည် ပြုပြင်စီစဉ်ရန် လွယ်ကူသောကြောင့် အကောင်းဆုံးဟု ဆိုရလေသည်။

ထိန်းသိမ်းပြုပြင်၍ အကြိမ်ကြိမ် လေ့ကျင့်ပွားများပြီးသော စိတ်သည် နူးညံ့သိမ်မွေ့သည်သာဖြစ်၏။

ထိုနူးညံ့သိမ်မွေ့သောစိတ်ဖြင့် မိမိ ရှေးရှုရည်စူးရာကို လုပ်ဆောင် ကြိုးစားသော် မပြီးမြောက်မအောင်မြင်ဟူ၍ မရှိပေ။

(ကေနိပါတ်၊ သတ္တမသုတ်)

## မျိုးစေ့နှင့် အမြင်အသိ

မြေခတ် ရေခတ် ကောင်း သော နေရာ၌ တမာကဲ့သို့ ခါးသောမျိုးစေ့ကို ချသည်ရှိသော် ထိုမျိုးစေ့သည် မြေဩဇာကိုလည်းယူ၏။ ရေခတ်ကိုလည်းယူ၏။ ထို မြေဩဇာ-ရေခတ်တို့သည် ခါးရန်အတွက်ဖြစ်သည်သာ။ အဘယ့်ကြောင့်ဆိုသော် မျိုးစေ့သည် အခါးမျိုးစေ့ဖြစ်သောကြောင့်တည်း။

အသိ-အမြင်-အယူအဆ မှားယွင်းသောသူ၏ ကိုယ်ဖြင့်ပြုမူလုပ်ဆောင်ချက်တို့သည်ရင်း၊ နှုတ်ဖြင့်ပြောဆိုချက်တို့သည်ရင်း၊ စိတ်ဖြင့် ကြံစည်တွေးဆချက်တို့သည်ရင်း ရှိကုန်၏။ ထိုပြုမူ၊ ပြောဆို၊ ကြံစည်ချက် အားလုံးတို့သည် မလိုလားအပ်ဖွယ်ရာ ဖြစ်ကုန်၏။ မနှစ်သက်ဖွယ်ရာ ဖြစ်ကုန်၏။ အကျိုးမဲ့ခြင်းငှာ ဖြစ်ကုန်၏။

အဘယ့်ကြောင့်ဆိုသော် ထိုသူ၏ အသိအမြင် အယူအဆသည် မမှန်ကန်သောကြောင့်တည်း။

(ကေကနိပါတ်၊ ကေဓမ္မပါဠိ၊ ဒုတိယဝဂ်)

## မြေပြင်နှင့် ချိုင့်ဝှမ်း

ဤလောက ကမ္ဘာတခွင်၌ တင့်တယ် သာယာသော မြေအပြင်နှင့် မွေလျော်ဖွယ်ရာသော ဥယျာဉ် ရေကန် ဘုံဗိမာန်သည် အနည်းငယ်မျှသာရှိ၏။ ချိုင့်ဝှမ်း– တောင်ကုန်း၊ တောရိုင်း–အိုင်ပျက်နှင့် တဲအိမ်စုတ်တို့သာလျှင် အများအပြားရှိနေ၏။

ဤလောက၌ အသိပညာနှင့် ပြည့်စုံသူသည် အနည်းငယ်မျှသာ ရှိ၏။ အသိပညာမဲ့သူတို့သာ များပြားကုန်၏။

အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ပိုင်းခြား ဝေဘန်တတ်သူသည် အနည်းငယ်မျှသာ ရှိ၏။ ပိုင်းခြား ဝေဘန်နိုင်စွမ်း မရှိသူတို့သာလျှင် များပြားကုန်၏။

(ကေဓမ္မပါဠိ၊ စတုတ္ထဝဂ်)

## မီးနှင့် လူမိုက်

ခနွဲမိုး၊ သက်ကယ်မိုး တဲအိမ်ငယ်တို့ကို လောင်စွဲသောမီးသည် အိမ်ကြီး အိမ်ကောင်း အဆောက်အဦကြီးများကိုလည်း ကူးစက်လောင်ကျွမ်း၏။ ပျက်စီးဆုံးရှုံးစေ၏။

လောင်ကျွမ်းဖျက်ဆီးသော မီးကြောင့် လူအပေါင်းတို့သည် မငြိမ်မသက် ပြေးလွှားကြရ၏။ စိုးရိမ်ပူပန်ကြရ၏။ ကြောက်ရွံ့ထိတ်လန့်ကြရ၏။ ဆုံးရှုံးပျက်စီးကြရ၏။

မသိမိုက်မဲသောသူသည် လောင်ကြွမ်း ဖျက်ဆီး တတ်သော မီးနှင့်တူသည်သာတည်း။

ဤလောက၌ လူအပေါင်းတို့ မငြိမ်မသက် ပြေးလွှား ကြရခြင်းသည်ရှင်း၊ စိုးရိမ်ပူပန်-ကြောက်ရွံ့ထိတ်လန့်၍ ဆုံးရှုံးပျက်စီး ကြရခြင်းသည်ရှင်း မသိမိုက်မဲမှုတို့ကြောင့်သာလျှင် ဖြစ်ကုန်၏။ ပညာရှိ သူတော်ကောင်းတို့ကြောင့် မဖြစ်ကုန်။

(တိကနိပါတ်။ ဗာလဝဂ်)

## ဈေးသည်နှင့် အမြတ်အစွန်း

ဈေးရောင်း၍ အသက်မွေးမှုသော သူသည် ရောင်းဝယ်မှု ဆိုင်ရာ ကိစ္စတို့ကို နံနက်ချိန် တွင်လည်း ကောင်းစွာ ပြုလုပ်စီစဉ် ခြင်းမရှိ။ နေ့လယ်ချိန်တွင်လည်း ကောင်းစွာ ပြုလုပ် စီစဉ်ခြင်း မရှိ။ ညအချိန်တွင်လည်း ကောင်းစွာ ပြုလုပ်စီစဉ်ခြင်းမရှိ။

ထိုဈေးသည်အဖို့ မရရှိသေးသော စီးပွားဥစ္စာသည်လည်း မရောက်လာနိုင်။ ရရှိပြီးသော စီးပွားဥစ္စာသည်လည်း မတိုးပွား နိုင်ပေ။

အကြင်သူသည် နံနက်အခါ၌လည်း တည်ကြည်သော စိတ် အာရုံဖြင့် ကောင်းစွာ မဆောက်တည်။ နေ့လယ်ချိန်၌လည်း ကောင်းစွာ မဆောက်တည်။ ညအချိန်၌လည်း ကောင်းစွာ မဆောက်တည်။

ထိုသူအဖို့ မရရှိသေးသော ကောင်းမှု ကုသိုလ်သည်လည်း မဖြစ်ပေါ်လာနိုင်။ ရရှိပြီးသော ကောင်းမှု ကုသိုလ်သည်လည်း မတိုးပွား နိုင်ပေ။

(တိကနိပါတ်-ပထမပါပဏိကသုတ်)

## ဈေးသည်နှင့် အမို ၃-ရပ်

ဤလောက၌ ဈေးသည်သည် မျက်စိအမြင်လည်းရှိ၏။ ဉာဏ်ပညာနှင့်ယှဉ်သော လုံ့လဝီရိယလည်း ရှိ၏။ အမှီကောင်းလည်း ရှိ၏။ ထိုအင်္ဂါသုံးရပ်နှင့်ပြည့်စုံသော ဈေးသည်မှာ မကြာမီပင် ကြီးပွားတိုးတက်ရန် ရှိလေသည်။

ကုန်ပစ္စည်းတခုခုကို ဤသို့ဝယ်၍ ဤသို့ရောင်းရသည်။ အရင်းအနှီး မည်မျှကုန်ကျ၍ အမြတ်အစွန်း မည်မျှကျန်ရှိသည်ကို ပိုင်နိုင်စွာ သိခြင်းကား ဈေးသည်၏ မျက်စိအမြင်ပင်ဖြစ်၏။

ကုန်ပစ္စည်းကို ဝယ်ယူရရှိရေးနှင့် ရောင်းချရေးတွင် ကျွမ်းကျင်နားလည်ခြင်းကား ဈေးသည်၏ ဉာဏ်ပညာနှင့်ယှဉ်သော ဝီရိယပင်ဖြစ်၏။

ငွေကြေး-ဥစ္စာ ကြွယ်ဝသူတို့က ဈေးသည်အပေါ် ယုံကြည်စိတ်ချရသဖြင့် ငွေကြေးဖြစ်စေ၊ ဥစ္စာပစ္စည်းဖြစ်စေ ချေးငှားပါ၊ ထုတ်ယူပါ-ဟု ကမ်းလှမ်းမှု ရှိထားခြင်းကား ဈေးသည်၏ အမှီကောင်းပင်ဖြစ်၏။

ကောင်းကျိုးချမ်းသာ ပွားများ၍ အောင်မြင်ခြင်းသို့ရောက်လိုသော ပုဂ္ဂိုလ်သည်လည်း အင်္ဂါသုံးရပ်နှင့် ပြည့်စုံရန် လိုအပ်ပေ၏။

မျက်စိအမြင်ရှိခြင်း၊ ဉာဏ်ပညာနှင့်ယှဉ်သော ဝီရိယရှိခြင်း၊ အမှီကောင်းရှိခြင်း-ဟူသော အင်္ဂါသုံးရပ်ပေတည်း။

ဤလောက၌ လူသားတို့သည် စင်စစ်အားဖြင့် ဆင်းရဲပင်ပန်းနေကြရသည်ကို ဆင်းရဲပင်ပန်းခြင်းပါကလား-ဟု အမှန်အတိုင်း

သိ၏။ ဤသို့ ဆင်းရဲပင်ပန်းခြင်း ဖြစ်ပေါ်လာရသည့်အကြောင်းရင်းကိုလည်း အမှန်အတိုင်းသိ၏။ ဆင်းရဲခြင်းကင်းရာ ချမ်းသာမှုကိုလည်း ကောင်းစွာသိ၏။ ထိုချမ်းသာမှုရရှိရေးအတွက် ကျင့်သုံးရမည့် လမ်းစဉ်ကိုလည်း သိ၏။

ယင်းသို့ သိခြင်းကား အောင်မြင်ခြင်းသို့ ရောက်လိုသူအဖို့ မျက်စိအမြင်ပင် ဖြစ်လေသည်။

မကောင်းသော အပြုအမူ၊ အပြောအဆို၊ အကြံအစည်များ မဖြစ်ပေါ်စေရန်နှင့် ကောင်းသော ပြုမူ၊ ပြောဆို၊ ကြံစည်မှုများသာလျှင် ဖြစ်ပေါ်စေရန် ကျင့်သုံးဆောက်တည်ခြင်းကား ဉာဏ်ပညာနှင့်ယှဉ်သော ဝီရိယပင်ဖြစ်လေသည်။

အကြား-အမြင်-အတွေးအခေါ်-ဉာဏ်ပညာနှင့် ပြည့်စုံသူတို့က သိ-မြင်-နားလည်ရန် ညွှန်ပြ ပြောဆိုမှုကို ရရှိခြင်းကား အမှီကောင်းပင် ဖြစ်လေသည်။

ထိုအင်္ဂါသုံးရပ်နှင့် ပြည့်စုံသူသည် ဆင်းရဲပင်ပန်းခြင်းတို့မှ မုချပင် လွတ်မြောက်ရပေမည်။ မိမိ မြော်မှန်းရာ ချမ်းသာမှုပန်းတိုင်သို့ မလွဲမသွေ ရောက်ရပေမည်။

(ဒုတိယပါပဏိကသုတ်)

## အမာဟောင်း၊ လျှပ်စစ်၊ စိန်

ဤလောက၌ အမာဟောင်းနှင့်တူသော စိတ်ရှိသူ၊ လျှပ်စစ်နှင့်တူသော စိတ်ရှိသူ၊ ဝဇီရစိန်နှင့်တူသော စိတ်ရှိသူ-ဟူ၍ ပုဂ္ဂိုလ် ၃-မျိုးရှိ၏။

သွေးပုပ်-ပြည်ပုပ်တို့ တည်ခဲနေသော အနာဟောင်း-အနာဆွေးကို ဝါးခြမ်းစ-အိုးခြမ်းကွဲတို့ဖြင့် ထိခိုက်ရုံမျှဖြင့် သွေး-ပြည်-အငွေ့အရွဲများ ယိုထွက်ကုန်သကဲ့သို့ အချို့သောပုဂ္ဂိုလ်သည် စိတ်အလိုမကျခြင်း အနည်းငယ်မျှဖြင့် အမျက်ထွက်တတ်၏။ အမှတ်မထင်သာမန် ပြောဆိုခြင်းကိုလည်း အမှတ်အစွဲ ကြီးတတ်၏။ စိတ်နာကျည်းခက်ထန်ကာ မလိုမုန်းထားရှိတတ်၏။ ရန်တုံ့မူတတ်၏။ ထိုသူမျိုးကို အမာဟောင်းနှင့်တူသော စိတ်ရှိသူဟု ဆိုရလေသည်။

မှောင်မိုက်သော ညဉ့်အခါ၌ လျှပ်စစ်လက်လိုက်သည်ရှိသော် ထိုခဏတွင် အရာဝတ္ထု အဆင်းသဏ္ဌာန်တို့ကို ပီပီထင်ထင် ကောင်းစွာမြင်ရလေ၏။ ထိုနည်းတူစွာ အချို့သောပုဂ္ဂိုလ်သည် ဤလောက၌ ဖြစ်ပျက်-ပြုပြင်-ပြောင်း လဲ လျက် ရှိနေ သော သဘာဝတရားတို့ကို ကောင်းစွာ မြင်-သိ၏။ ဤကား အကျိုးတရား၊ ဤကား အကြောင်းတရား၊ ဤကား အမှန်သဘော၊ ဤကား အမှားသဘော၊ ဤကား ဆင်းရဲခြင်းတည်း၊ ဤကား ချမ်းသာခြင်းတည်း-စသည်ဖြင့် သဘောသဘာဝတို့ကို ပိုင်းခြားထင်ထင် သိတတ်-မြင်တတ်၏။ ထိုသူမျိုးကို လျှပ်စစ်နှင့်တူသော စိတ်ရှိသူဟု ဆိုရလေသည်။

ဝဇီရစိန်သည် ကျောက်-ပတ္တမြား-ဖန်-မှန်တို့ကို ခွဲဖြတ်နိုင်စွမ်းရှိသည်သာဖြစ်၏။ ထိုနည်းတူစွာပင် ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် လိုချင်တပ်မက်ခြင်း၊ တွယ်တာနှစ်သက်ခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ တွေဝေမိုက်မဲခြင်း-စသည့် ကိလေသာအညစ်အကြေးတို့ကို ပယ်ဖျက်ပြီး ဖြစ်လေ၏။

ဆိုကိလေသာအညစ်အကြေးတို့ကို ခွဲဖို့ အောင်နိုင်ပြီးဖြစ်လေ၏။ ထိုသူမျိုးကို ဝဇီရစိန်နှင့်တူသော စိတ်ရှိသူဟု ဆိုရလေသည်။

(တိကနိပါတ်၊ ဝဇီရူပသုတ်)

## မစင်တွင်းထဲက မြွေ

မစင်တွင်းထဲ၌ ကျရောက်လျက် ရှိသော မြွေဆိုးကို ဆယ်ယူဘင်ပေးငြားအံ့၊ ထိုမြွေဆိုးသည် ဆယ်ယူ တင်ပေးသူကို မကိုက်ခေကာမူ မစင်မူကား ထိရောက်ပေကျံမည်သာ ဖြစ်၏။

ဤလောက၌ အချို့သော သူသည် လိမ်လည် ကောက်ကျစ်သော သဘောရှိ၏။ စင်ကြယ်သောအကျင့်သိက္ခာမရှိ။ လောဘ-ဒေါသ-ရာဂ စသော ကိလေသာ ရမ္မက် အားကြီး၏။ ထိုသူမျိုးကို ရှောင်ရှားရာ၏။ အပေါင်းအသင်း မပြုလုပ်ရာ။ ထိုသူမျိုးနှင့် ရောဝင်ပေါင်းသင်းသော် ထိုသူ၏ မကောင်းကျင့် များကို အတုလိုက်၍ မကျင့်သုံးမိသော်လည်း ဤသူကား မကောင်းသောလူယုတ်လူညံ့နှင့် အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေဖြစ်၏-ဟု အများတကာ၏ ထင်မှတ်ခြင်းခံရမည်ကား မလွဲပေ။

(တိကနိပါတ်၊ ဗိုဂုစ္ဆိတဗ္ဗသုတ်)

## လူ ၃-မျိုး၊ အမြင် ၃-မျိုး

ဤလောက၌ အချို့သော သူသည် စီးပွားဥစ္စာ ရရှိရေးနှင့် စီးပွားဥစ္စာ တိုးပွားရေးကိုလည်း မသိမြင်တတ်။

ဤကား အပြစ်ရှိ၍ ဤကား အပြစ်မရှိ။ ဤသည်ကား ယုတ်နိမ့်၍ ဤသည်ကား မြင့်မြတ်၏။ ဤသည်ကား အကြောင်းတရား

ဖြစ်၍ ဤသည်ကား အကျိုးတရားဖြစ်ပေ၏-စသည်ဖြင့် သဘော သဘာဝတို့ကိုလည်း မသိမြင်တတ်။

ထိုသူမျိုးကား မျက်စိစုံလုံး ကန်းသူမည်၏။

အချို့သောသူမှာမူ စီးပွားဥစ္စာရရှိရေးနှင့် စီးပွားဥစ္စာ တိုးပွားရေးကိုမူ သိမြင်တတ်ပေ၏။

အပြစ်ရှိခြင်း-မရှိခြင်း၊ယုတ်နိမ့်ခြင်း-မြင့်မြတ်ခြင်း၊အကြောင်းတရားဖြစ်ခြင်း-အကျိုးတရားဖြစ်ခြင်း စသည့် သဘော သဘာဝ တို့ကိုမူ မသိမမြင်တတ်ပေ။

ထိုသူမျိုးကား မျက်စိတဖက်သာလျှင် မြင်သူမည်၏။

အချို့သောသူကား စီးပွားဥစ္စာရရှိရေးနှင့် စီးပွားဥစ္စာ တိုးပွားရေးကိုလည်း သိမြင်တတ်၏။

အပြစ် ရှိခြင်း - မရှိခြင်း၊ ယုတ်နိမ့်ခြင်း - မြင့်မြတ်ခြင်း၊ အကြောင်းတရားဖြစ်ခြင်း-အကျိုးတရားဖြစ်ခြင်းစသည့် သဘော သဘာဝတို့ကိုလည်း သိမြင်တတ်၏။

ထိုသူမျိုးကို မျက်စိနှစ်ဖက်လုံး အမြင်ရှိသူဟု ဆိုရလေသည်။

(တိကနိပါတ်၊ အန္ဓသုတ်)

## လူ ၃-မျိုး၊ ရယူခြင်း ၃-မျိုး

မှောက်ထားသော ရေအိုးထဲသို့ ရေကို လောင်းထည့်သော်လည်း ရေမဝင်ရောက်နိုင်။ အိုးထဲတွင် ရေတစက်လောက်မျှပင် တည်ရှိလိမ့်မည်မဟုတ်ပေ။

ဤလောက၌ အချို့သောသူသည် မိမိ လိမ္မာတတ်သိ-ပညာရှိရန်အတွက် တပါးသူက သင်ကြားပို့ချ ပြောဟောသည်ကို နားထောင်၏။ သို့သော် စိတ်ဝင်စားခြင်းမရှိ။ နာယူမှတ်သားခြင်းလည်းမရှိ။ ထို့ကြောင့် သင်ကြားပြောဟော၍ ပြီးဆုံးသွားသော်လည်း ထိုသူမှာ ဘာမျှ မမှတ်မိလိုက်ပေ။ ဘာမျှမရရှိလိုက်ပေ။ ထိုသူမျိုးသည် မှောက်ထားသောအိုးနှင့် တူသတည်း။

ဖွင့်လျက် လှန်ထားသော ရေအိုးထဲသို့ ရေကိုလောင်းထည့်လျှင် ရေသည် အိုးထဲသို့ရောက်လျက် တည်ရှိနေမည်သာတည်း။

အချို့သောသူသည် တပါးသူက သင်ကြားပို့ချ-ဟောပြောသည်ကို ကောင်းစွာလည်းနားထောင်၏။ စိတ်ဝင်စား၍ မှတ်သား နာယူခြင်းလည်းရှိ၏။ ထို့ကြောင့် ထိုသူမှာ လိမ္မာ-တတ်-သိရန် ပညာများ ရရှိနိုင်ပေ၏။ ထိုသူမျိုးကား ဖွင့်လျက် လှန်ထားသော ရေအိုးနှင့်တူသတည်း။

ပုဆိုးခါးပိုက်ထဲတွင် နှမ်းစေ့များ၊ ပဲစေ့များ၊ ဆန်စေ့များကို ထည့်ထားသူသည် ထိုင်နေရာမှ အမှတ်မဲ့ ထလိုက်လျှင် နှမ်းစေ့၊ ပဲစေ့၊ ဆန်စေ့များ ဖရိုဖရဲ ပြန့်ကြဲ လွင့်ကျကုန်မည်သာဖြစ်၏။

အချို့သောသူသည် တပါးသူက သင်ကြားပို့ချ-ဟောပြောသည်ကို နားထောင်ခြင်းကားရှိ၏။ သို့သော် မှတ်သားနာယူခြင်းကား မရှိပေ။ သို့သော် သင်ကြားပို့ချ-ဟောပြောခြင်း ပြီးဆုံးသောအခါ ထိုသူမှာ တတ်သိလိမ္မာရန် ပညာများကို ဘာတခုမျှ မမှတ်မိ၊ မရရှိတော့ပေ။ ထိုသူမျိုးကား ပုဆိုးခါးပိုက်လို လူမျိုးပေတည်း။

(တိကနိပါတ်၊ အဝကုဇ္ဇသုတ်)

## အိမ်မီးလောင်သော်

အိမ်ကို မီးလောင်သည်ရှိသော် အိမ်ရှင်သည် အိုးခွက် စသည်ကို ထုတ်ယူသယ်ဆောင်ရာ၏။ မီးစွဲလောင်ခြင်းမှ လွတ်ကင်း ကျန်ရှိနေသော အချို့ပစ္စည်းသည်း ရှိတတ်ပေ၏။ ထို ထုတ်ယူ သယ်ဆောင်ထားသော ပစ္စည်းသည်လည်းကောင်း၊ မီးမလောင်ကြွမ်းဘဲ ကျန်ရစ်သည့် ပစ္စည်းသည်လည်းကောင်း အိမ်ရှင်အတွက် ဖြစ်၏။ အိမ်ရှင်အဖို့ အထောက်အပံ့ဖြစ်၏။

ဤလောက လူသားတို့ကို အိုခြင်းမီး၊ နာခြင်းမီး၊ သေခြင်းမီးသည် အစဉ်သဖြင့် တောက်လောင် ပူကြွမ်းလျက် ရှိပေသည်။ အပြစ်မရှိ ကောင်းမြတ်စင်ကြယ်သော ပြုမူလုပ်ဆောင်ချက်သည်သာလျှင် ထိုလူသားအတွက် အထောက်အပံ့ဖြစ်လေသည်။ အိမ်မီးလောင်ရာ၌ ထုတ်ယူ သယ်ဆောင်ထားအပ်သော ပစ္စည်းကဲ့သို့တည်း။

(တိကနိပါတ်၊ ဒွေမြဟ္မဏသုတ်)

## မာလောနွယ်

မာလောနွယ်ပင်ဟူသည် အခြားသောသစ်ပင်တို့ကို နွယ်တက်ခြွေးရက်၍ ဖျက်ဆီးတတ်၏။

ထိုမာလောနွယ်ပင်ကို အမြစ်ရင်းက တူးဖြိုခုတ်စဉ်း၍ မီးရှို့ပစ်သည်ရှိသော် အခြားသစ်ပင်တို့ကို နွယ်တက် ခြွေးရက်၍ မဖျက်ဆီးနိုင်တော့။ မျိုးပြုတ်ကာ နောက်ထပ်တဖန် အပင်မပေါက်နိုင်တော့သောကြောင့်တည်း။

လောဘ-ဒေါသ-မောဟ-မာန စသော ကိလေသာတို့သည် လူသားတို့အား ငြိကပ်နှောင်ဖွဲ့တတ်၏။ ကြောင့်ကြပူပန်စေတတ်၏။ ဆင်းရဲပူပန်စေတတ်၏။

လူသားသည် ထိုကိလေသာ အညစ်အကြေးတို့ကို သတိ-ဝီရိယ-ဉာဏ်ပညာဖြင့် အပြီးတိုင် ချေဖျက်သုတ်သင်ပစ်ရာ၏။ ထိုအခါ လူသားသည် ကြောင့်ကြပူပန်ခြင်း၊ ဆင်းရဲပင်ပန်းခြင်း မရှိဖြစ်ရလေသည်။ လောဘ-ဒေါသ-မောဟ-မာန်မာန စသော ကိလေသာ အညစ်အကြေးတို့ ကင်းပျောက် ဆိတ်သုဉ်းပြီ ဖြစ်သောကြောင့်တည်း။

(တိကနိပါတ်၊ အကုသလ မူလသုတ်)

## လယ်သမား၏ လုပ်ငန်းစဉ်

လယ်သမားတို့သည် လယ်မြေကို ကောင်းစွာ တွန်ယက်၏။ မြေကို ညီညာအောင် ကောင်းစွာညှိ၏။ သင့်လျော်သောအချိန်၌ မျိုးစေ့ကြဲ၏။ လယ်ထဲသို့ ရေသွင်းချိန် သွင်း၍ ထုတ်ချိန်တွင် ထုတ်၏။ ဤသို့ လယ်လုပ်ငန်း၏ လုပ်ဆောင်ဖွယ်တို့ကို ကောင်းစွာ လုပ်ဆောင်သည်ရှိသော် လယ်သမားအား ရရှိအံ့သော အကျိုးသည် ယုံမှားဖွယ်မရှိ ဖြစ်ပေသည်။

သီလ-သိက္ခာ-ပညာဖြင့် ဆောက်တည်ကျင့်သုံးသော သူအား သူ၏လုပ်ဆောင်ဖွယ် လမ်းစဉ်ကို လုပ်ဆောင် ကြိုးစားသည်သာ ဖြစ်၍ အောင်မြင်မှုရရှိမည်မှာ ယုံမှားဖွယ်မရှိ ဖြစ်ပေသည်။

(တိကနိပါတ်၊ ခေတ္တသုတ်)

## စပါးကို ဖန်ဆင်း၍မရ

လယ်သမားသည် "ငါ၏စပါးတို့သည် ယနေ့ပင် ပေါက်စေသတည်း၊ ဖုံးစေသတည်း၊ မှည့်စေသတည်း"ဟု ဖန်ဆင်း၍မရပေ။ ထွန်ယက်စိုက်ပျိုး၍ ရေသွင်းရေထုတ် လုပ်ဆောင်အပ်သည်တို့ကို လုပ်ဆောင်မှသာ ဥတုရာသီအလိုက် စပါးကိုရရှိပေ၏။

ထိုနည်းတူစွာ တစုံတယောက်သောသူသည် 'ငါသည် ယနေ့ နက်ဖြန်၌ ကိလေသာ တဏှာဒိဋ္ဌိဟူသော အညစ်အကြေး ကင်းစေသတည်း'ဟု ဖန်ဆင်း၍ မရပေ။ သီလ-သိက္ခာ-ပညာတို့ဖြင့် ဆောက်တည် ကျင့်သုံးပြီးမှသာလျှင် ထိုက်သင့်သည်အားလျော်စွာ တရားထူးကိုရရှိနိုင်ပေ၏။

[(တိကနိပါတ်၊ ဩဝါဒကပလ္လဝဂ်)]

## မိုးရွာခြင်း နှင့် ညီညွတ်ခြင်း

ကုန်းမြင့် တောင်ထိပ်တို့၌ မိုးရွာသွန်းသည်ရှိသော် မိုးရေတို့သည် နိမ့်ရာသို့စီးဆင်းကုန်၏။ ထိုမိုးရေတို့သည် ရှေးဦးစွာ ပတ်ကြားအက်တို့ကို ပြည့်လျှံစေ၏။ထို့နောက် ချောင်းငယ်မြောင်းငယ်တို့ကို ပြည့်လျှံစေ၏။ထိုမှနောက်တွင် အိုင်ငယ်-အိုင်ကြီးတို့ကို ပြည့်လျှံစေ၏။ ထိုမှနောက်တွင် မြစ်ငယ်-မြစ်ကြီးတို့ကို ပြည့်လျှံစေ၏။ ထို့နောက်တွင်ကား မဟာသမုဒ္ဒရာကို ပြည့်လျှံစေ၏။

ယင်းသို့ အဆင့်ဆင့် ပြည့်လျှံရခြင်းကား မိုးရွာသွန်းခြင်းသည် ပဌမအခြေခံဖြစ်လေသည်။မိုးရွာသွန်းခြင်းမရှိသော် အဆင့်ဆင့် ပြည့်လျှံခြင်းဟူ၍ မရှိနိုင်ပေ။

ဤလောက၌ လူသားတို့သည် အချင်းချင်းညီညွတ်စည်းလုံးမှု ရှိလျှင် ဝမ်းမြောက်ဝမ်းသာရှိကြရ၏။ ဝမ်းမြောက် ဝမ်းသာ ရှိကြရခြင်းကြောင့် အပြောအဆို-အပြုအမူ-အကြံအစည်ဟူသမျှ ကောင်းမွန် သန့်ရှင်းစွာပြုမူ-ပြောဆို-ကြံစည်ကြရလေ၏။ ထို့ကြောင့် အချင်းချင်း မနာလိုဝန်တိုခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ အနိုင်ကျင့်အမြတ်ထုတ်ခြင်း၊ စိုးရိမ်ကြောင့်ကြရခြင်း၊ ပူပန်ဆင်းရဲရခြင်းတို့ ကင်းရှင်းကြရကုန်၏။ ကျေနပ် နှစ်သက်ခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊စိတ်ချယုံကြည်ရခြင်းစသော ချမ်းသာသုခကို ရရှိကြရကုန်၏။

အချင်းချင်း စည်းလုံးညီညွတ်မှုကို အရင်းအနှီးပြု၍ ဖြစ်ပေါ်လာသော အကျိုးအမြတ်များပေတည်း။

(တိက-နိပါတ်၊ ပရိသာသုတ်)

## မြင်းနှင့်လူ

တန်ဘိုးထား၍ လေးစားအပ်သော မြင်းကောင်း၏ အင်္ဂါရပ်ကား ၃-မျိုးရှိ၏။

ဂုဏ်သဏ္ဌာန်-အဆင်း တင့်တယ်ခြင်း၊ ခွန်အားရှိခြင်း၊ လျင်မြန်ခြင်းတို့ပေတည်း။

ဤလောက၌ ရိုသေလေးစား၍ ကြည်ညိုအားထားအပ်သော ပုဂ္ဂိုလ်၏အင်္ဂါရပ်ကား ၃-မျိုးရှိပေ၏။

အဆင်း၊ ခွန်အား၊ လျင်မြန်ခြင်းတို့ပင်တည်း။

ကောင်းမြတ် သန့်စင်သော သီလ သိက္ခာ နှင့် ပြည့်စုံသူကို အဆင်းရူပတင့်တယ်သူဟု ဆိုအပ်လေသည်။မကောင်းသောအပြု

အမှုကို ရှောင်ကြဉ်၍ ကောင်းသော အပြုအမှုကိုသာလျှင် လုပ်ဆောင်ရန် ထက်သန်မြဲမြံစွာ ဆောက်တည်သူကို ခွန်အားရှိသူဟု ဆိုအပ်ပေလသည်။ အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်ဟူ၍ သဘောတရားအားဖြင့် ပိုင်းခြား ဝေဖန်တတ်သူကို လျင်မြန်ခြင်းနှင့်ပြည့်စုံသူဟု ဆိုအပ်လေသည်။

(တိကနိပါတ်၊ အာဇာနီယသုတ်)

## အငယ်·အကြီး၊ အသစ်–အဟောင်း

လျှော်မျှင်အညံ့စားဖြင့်ယက်လုပ်ထားသော ပုဆိုးဟူသည်မှာ အသားလည်းကြမ်းတမ်း၏၊ အရောင်အသွေးလည်းမလှ။ တန်ဘိုးသည်း မရှိပေ။

ထို လျှော်မျှင်ပုဆိုး အသစ်သည်ရင်း၊ တပတ်ရစ်သည်ရင်း၊ အဟောင်းသည်ရင်း သဘောအားဖြင့် မခြားနားပေ။ အသားကြမ်း၊ အရောင်မလှ၊ အဖိုးမတန်သည်သာတည်း။

ဤလောက၌ အကျင့်သိက္ခာ ယုတ်ညံ့၍ အသိပညာမရှိသူသည် အမူအရာအားဖြင့်လည်း ယဉ်ကျေး သိမ်မွေ့မှုမရှိ၊ ရုံ့ရင်းကြမ်းကြုတ်၏။ အသွင်သဏ္ဌာန်အားဖြင့်လည်း မတင့်တယ်၊ သူတပါးအား အကျိုးပြုခြင်းမရှိသဖြင့် တန်ဘိုးလည်းမရှိပေ။

ထိုသို့သောသူသည် လူငယ်ဖြစ်စေ၊လူလတ်ဖြစ်စေ၊လူကြီးဖြစ်စေ သဘောအားဖြင့် မခြားနားပေ။အမူအရာ ရုံ့ရင်းကြမ်းတမ်း၊ အသွင်သဏ္ဌာန် မလှပ၊ သူတပါးအား အကျိုးမပြုနိုင်သည်သာလျှင်တည်း။

အကောင်းစား ပိုးချည်ဖြင့်ယက်လုပ်ထားသောပုဆိုးဟူသည် မှာ အသစ်ဖြစ်စေ၊ တပတ်ရစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ အသား နူးညံ့၏။ အရောင်အသွေး လှပ၏။ အသုံးဝင် တန်ဘိုးရှိ၏။

အကျင့်သိက္ခာရှိ၍ အသိပညာနှင့် ပြည့်စုံသူသည် အမူအရာ အားဖြင့်လည်း ယဉ်ကျေးသိမ်မွေ့၏။ အသွင်သဏ္ဍာန်အားဖြင့် လည်း တင့်တယ်ဖွယ်ရာရှိ၏။ သူတပါးအား အကျိုးပြုနိုင်စွမ်း သဖြင့် တန်ဘိုးလည်းရှိပေ၏။

(တိကနိပါတ်၊ ပေါဋ္ဌကသုတ်)

## အနည်းနှင့်အများ၊ ဆားနှင့်ရေ

သောက်ရေခွက်ထဲတွင် ဆားတဇွန်းမျှ ထည့်၍ သောက်သော် ငံလွန်းသဖြင့် သောက်ရေအဖြစ် မသောက်သုံးနိုင်ပေ။ ဆားများ ၍ ရေနည်းသောကြောင့် ဖြစ်၏။ အိုးကြီးတုတ် ထဲတွင် ဆား တဇွန်းစာမျှထည့်၍ သောက်သော် ငံသောအရသာသည် မထင် ရှားသဖြင့် သောက်ရေအဖြစ် သောက်သုံးနိုင်ပေ၏။ ဆားနည်း၍ ရေများသောကြောင့်တည်း။

ဤလောက၌ လူသားသည် အပြစ်ရှိသော၊ မကောင်းသော ပြုလုပ် ဆောင်ရွက်ချက် တို့က များ ပြား၍ အပြစ်ကင်းသော၊ ကောင်းသော ပြုလုပ်ဆောင်ရွက်ချက်တို့က အနည်းငယ် မျှသာ ရှိ၏။ ထိုသူမျိုးသည် လောက၏ အသုံးမကျသော အမှိုက်သရိုက် မျှသာ ဖြစ်လေ၏။ သူတပါးအား မကောင်းကျိုးကို ဖြစ်စေသော ကြောင့်တည်း။

အပြစ်မရှိသော၊ ကောင်းသော ပြုလုပ်ဆောင်ရွက်ချက်တို့က များပြား၍ အပြစ်မကင်းသော၊ မကောင်းသော ပြုလုပ်ဆောင်ရွက်ချက် အနည်းငယ်မျှသာရှိသူကား လောက၏ အသုံးဝင်သူ ဖြစ်၏။ လောကကို အကျိုးပြုနိုင်သောကြောင့်တည်း။

## အနည်းနှင့်အများ အခြေခံစွမ်းအား

ဤလောက၌ ပစ္စည်းဥစ္စာ မရှိနွမ်းပါး ဆင်းရဲသော သူသည် သပြာ ငွေတကျပ်ဖြင့်လည်း အမှု ဖြစ်ပွား ရတတ်၏။ အချုပ် အနှောင် ခံရတတ်၏။ သပြာငွေတဆယ်ဖြင့်ရင်း၊ သပြာငွေတရာ ဖြင့်ရင်း အမှုဖြစ်ပွားရတတ်၏။ အချုပ်အနှောင်ခံရတတ်၏။ ပစ္စည်း ဥစ္စာမရှိ နွမ်းပါးသဖြင့် အသပြာငွေ တကျပ် ဖြစ်စေ၊ ဘဆယ်ဖြစ်စေ၊ တရာဖြစ်စေ၊ နည်းများမဟူ ရယူလိုမှုအားကြီး သောကြောင့်တည်း။

ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသောသူကား သပြာငွေတကျပ် ဖြင့်လည်း အမှုမဖြစ်ပွားရတတ်။ အချုပ်အနှောင် မခံရတတ်။ သပြာငွေတဆယ်ဖြင့်ရင်း၊ တရာဖြင့်ရင်း အမှု မဖြစ်ပွားရတတ်။ အချုပ်အနှောင် မခံရတတ်။ ပစ္စည်းဥစ္စာ ကြွယ်ဝ ပြည့်စုံနေပြီ ဖြစ်ရာ သပြာငွေတကျပ်၊ တဆယ်၊ တရာအတွက် ရယူလိုမှု အား ကြီးရန် အကြောင်းမရှိသောကြောင့်တည်း။

အကျင့်-သိက္ခာ-ဉာဏ်ပညာ မရှိ ခေါင်းပါးသူသည် အနည်း ငယ်သော မကောင်းမှုကြောင့်လည်း အပြစ်ခံရတတ်၏။ ထို့ထက် ပိုမိုသော မကောင်းမှုကြောင့်လည်း အပြစ်ခံရတတ်၏။ များစွာ သော မကောင်းမှုကြောင့်လည်း အပြစ်ခံရတတ်၏။ အကျင့် သိက္ခာ-ဉာဏ်ပညာ အခံမရှိသောကြောင့်တည်း။

အကျင့် သိက္ခာ- ဉာဏ်ပညာနှင့် ပြည့်စုံသူကား အနည်းငယ်သော မကောင်းမှုကြောင့် ဖြစ်စေ၊ ထို့ထက်ပိုမိုသော မကောင်းမှုကြောင့် ဖြစ်စေ၊ များစွာသော မကောင်းမှုကြောင့် ဖြစ်စေ အပြစ် မခံရတတ်ပေ။ အကျင့်သိက္ခာ- ဉာဏ်ပညာ အခံရှိထားသောကြောင့် ပေတည်း။

(တိကနိပါတ်၊ လောဏကပလ္လသုတ်)

## ရွှေနှင့်စိတ်

ရွှေကျင်သောသူသည် ရွှေနှင့်တကွသော အမှိုက်သရိုက်များကို ရွှေကျင်သည့်ခွက်ထဲသို့ လောင်းသွန် ထည့်၏။ ရှေးဦးစွာ အကြမ်းစားအမှိုက်သရိုက်ဖြစ်သော ကျောက်စရစ်ခဲ၊ အိုးကြမ်းကွဲစသည်ကို ဆေးကြော ဖယ်ရှား၏။ အကြိမ်ကြိမ် ဆေးကြော၏။ ထို့နောက် အလတ်စား အမှိုက်သရိုက်ဖြစ်သောကျောက်စရစ်ခဲ၊ အိုးကြမ်းကွဲ ကလေးများ စသည်ကို ဆေးကြော ဖယ်ရှား၏။ အကြိမ်ကြိမ်ဆေးကြော၏။ ထို့နောက် အနုစားအမှိုက်သရိုက်ဖြစ်သော သဲမှုန့်-မြေမှုန့်စသည်ကိုဆေးကြောဖယ်ရှား၏။အကြိမ်ကြိမ် ဆေးကြော၏။

ဤသို့ အထပ်ထပ်အားထုတ်ပြီးမှသာလျှင် ပကတိ ရွှေစင်ကို ရရှိလေသည်။

ထိုရွှေစင်ကား မနူးညံ့သေး။ ကြွပ်ဆပ်သေး၏။ ထို့ကြောင့် အလိုရှိရာ လက်ကောက်-နားတောင်းစသည်ကို ပြုလုပ်၍ မဖြစ်သေးပေ။

ပန်းထိမ်ဆရာသည် ထိုပကတိ ရွှေစင်ကို မိုက်လုံ၌ ထည့်၍ မှုတ်၏။ အကြိမ်ကြိမ်မှုတ်၏။ အဖန်ဖန် အထပ်ထပ်မှုတ်၏။

ယင်းသို့ အဖန်တလဲလဲ အားထုတ်ပြီးမှသာလျှင် ပကတိရွှေသည် နူးညံ့ပျော့ပျောင်းလေသည်။ ပြိုးပြိုး ပြက်ပြက် အရောင်ထွက်လေသည်။လက်ကောက်-နားတောင်း စသည်ကို ပြုလုပ်ရန် အသင့်ဖြစ်လာလေသည်။

ဤလောက၌ မြင့်မြတ်သူဖြစ်၍ အထွတ်အထိပ်သို့ ရောက်လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ အကြမ်းစား ကိလေသာတို့ကို နှိမ်နင်းပယ်ဖျက်၏။

အကြမ်းစား ကိလေသာဟူသည်မှာ ကိုယ်ဖြင့် ပြုမူလုပ်ဆောင်သော မကောင်းမှု ဒုစရိုက်၊ နှုတ်ဖြင့် ပြောဆို လုပ်ဆောင်သော မကောင်းမှုဒုစရိုက်၊ စိတ်ဖြင့် ကြံစည်လုပ်ဆောင်သော မကောင်းမှု ဒုစရိုက်များ ဖြစ်၏။

ယင်းသည့် မကောင်းမှု ဒုစရိုက် တည်းဟူသော ကိလေသာ အကြမ်းစားကို အကြိမ်ကြိမ်အထပ်ထပ် နှိမ်နင်းပယ်ဖျက်၏။

ထိုမှတဆင့် ကိလေသာ အလတ်စားဖြစ်သော ကာမရာဂနှင့် ပတ်သက်သည့် အကြံအစည်၊ သူတပါး ပျက်စီးကြောင်း အကြံအစည်၊ သူတပါးကို နှိပ်စက်ဖျက်ဆီးကြောင်း အကြံအစည်တို့ကို နှိမ်နင်းပယ်ဖျက်၏။ အကြိမ်ကြိမ် အထပ်ထပ် နှိမ်နင်းပယ်ဖျက်၏။

ထိုမှတဆင့် ကိလေသာအနုစားဖြစ်သော ဆွေမျိုး-အပေါင်းအဖော်တို့နှင့် ပတ်သက်သည့် အကြံအစည်၊ မြို့နယ် ရပ်ရွာ နေရာဒေသနှင့် ပတ်သက်သည့်အကြံအစည်၊ မိမိကိုမထေမဲ့မြင် မပြုစေလိုခြင်းနှင့် ပတ်သက်သည့် အကြံအစည်တို့ကို ပယ်စွန့်၏။အကြိမ်ကြိမ် အထပ်ထပ် ဆုံးမ၍ ပယ်စွန့်၏။

ယင်းသို့လျှင် အညစ်အကြေး တည်းဟူသော ကိလေသာ အကြမ်းစား၊ အလတ်စား၊ အနုစားတို့ကို အကြိမ်ကြိမ် နှိမ်နင်း ပယ်ဖျက်ပြီး၍ အဆင့်ဆင့်ဆုံးမပယ်စွန့်ပြီး၍ မမေ့မလျော့ခြင်း သမ္မာသတိ၊ တည်ကြည်ခြင်း သမ္မာသမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကား မြင့်မြတ်သော ပုဂ္ဂိုလ်တည်း။ အထွတ်အထိပ်ရောက် ပြီးသော ပုဂ္ဂိုလ်တည်း။

ထိုပုဂ္ဂိုလ်၏ စိတ်အစဉ်သည် ညစ်ကြေး နှောက်ကျူခြင်း ကိလေသာ ကင်းစင်သောကြောင့် သန့်ရှင်းစင်ကြယ်၏။ ကြည် လင်တောက်ပ၏။ အရာရာတိုင်းကို ကောင်းစွာ သိနိုင်မြင်နိုင်၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အလိုရှိသမျှ အရာရာတိုင်းကိုပြီးပြည့် စုံနိုင်ပေ၏။

(တိကနိပါတ်၊ ပံသုဓောဝကသုတ်)

## ပန်းထိမ်သည်၏ လုပ်ထုံး

ရွှေကောင်းရွှေသန့်ကို စီရင်ပြုလုပ်သော ရွှေပန်းထိမ်သည် သည် ရွှေစကို လုံထဲတွင်ထည့်၍ ကျိုလေ၏။ ယင်းသို့ကျိုရာတွင် မီးပြင်းတိုက်ခြင်း၊ ရေဆွတ်ဖျန်းပေးခြင်း၊ မီးပြင်းမတိုက် - ရေ မဆွတ်ဖျန်းဘဲ အအေးခံထားခြင်းဟူသော အစီအစဉ်များ ရှိ၌လ သည်။

ထိုသို့လျှင် ရံဖန်ရံခါ မီးပြင်းမီးတောက်တိုက်၍ ရံဖန်ရံခါ ရေ ဖြင့် ဆွတ်ဖျန်းပေးလျက် ရံဖန်ရံခါ၌မူ မီးလည်းမတိုက်-ရေလည်း မဖျန်းဘဲ ထားရှိခြင်းဟူသော အစီအစဉ်ကို လိုအပ်သည့်အခြေ အနေသို့တိုင်အောင် ပြုလုပ်သောအခါ ရွှေကောင်းရွှေသန့် ဖြစ်

လာရ၏။ထိုရွှေသည် မာကြမ်း-ကြွပ်ဆပ်ခြင်းမရှိတော့ပေ။ နူးညံ့ ပျော့ပျောင်းကာ အရောင်တောက်ပလာရ၏။နားတောင်း လက်ကောက်စသည် ပြုလုပ်ရန် အသင့်ရှိနေသော ရွှေစင်ရွှေကောင်း ပေတည်း။

ရွှေပန်းထိမ်သည်သည် ရွှေစကို အစဉ်သဖြင့် မီး ပြင်းတိုက်နေပါမူ ထိုရွှေသည် မီးလောင်ကြွမ်းခြင်းမျှသာရှိရာ၏။ ရွှေစင်ရွှေကောင်း မဖြစ်လာနိုင်။ ရွှေစကို ရေဖြင့်သာလျှင် အစဉ်ဆွတ်ဖျန်း နေပါမူ ထိုရွှေသည် အေးရုံမျှသာရှိရာ၏။နူးညံ့သော ရွှေစင်ရွှေကောင်းမဖြစ်လာနိုင်။ မီးလည်းမတိုက်၊ ရေလည်းမဖျန်းဘဲ အစဉ်သဖြင့် လျစ်လျူရှု၍ထားပါမူ ထိုရွှေသည် ရင့်ကျက်ခြင်းသို့မရောက်နိုင်။ နူးညံ့ပျော့ပျောင်းသော ရွှေစင်ရွှေကောင်းမဖြစ်လာနိုင်ပေ။

ကိလေသာအညစ်အကြေး ကင်းစင်၍ ဈာန်မဂ်ဖိုလ်တရားကို ရယူလိုသောပုဂ္ဂိုလ်သည် သမထဝိပဿနာစိတ်ကို အဖန်ဖန် ပွားများ အားထုတ်လေ၏။

ယင်းသို့ ပွားများအားထုတ်ရာ၌ ရံဖန်ရံခါ သမာဓိဟူသော အကြောင်းကို နှလုံးသွင်းအပ်၏။ ရံဖန်ရံခါ ဝီရိယဟူသော အကြောင်းကို နှလုံးသွင်းအပ်၏။ ရံဖန်ရံခါ ဥပေက္ခာဟူသော အကြောင်းကို နှလုံးသွင်းအပ်၏။

ယင်းသို့လျှင် အစီအစဉ်အားလျော်စွာ၊ အကြောင်းအားလျော်စွာ ပွားများအားထုတ်သည်ရှိသော် ထိုပုဂ္ဂိုလ်၏စိတ်အစဉ်သည် တည်ကြည်ငြိမ်သက်လာ၏။နူးညံ့သိမ်မွေ့လာ၏ သန့်ရှင်းစင်ကြယ်၍ အရောင်တောက်ပလာ၏။ ထိုသို့သဘောရှိပြီးသော

စိတ်အစဉ်သည် မိမိလိုရာကို ပြုလုပ်ရန်-စေစားရန် အသင့်ရှိနေသည်သာတည်း။

သမထဝိပဿနာစိတ်ကို ပွားများအားထုတ်သောပုဂ္ဂိုလ်သည် သမာဓိဟူသောအကြောင်းကိုသာလျှင် တဖက်သတ်နှလုံးသွင်းပါမူ စိတ်သည် ပျင်းရိငြီးငွေ့ခြင်းဖြစ်လာတတ်၏။ ဝီရိယဟူသောအကြောင်းကိုသာလျှင် တဖက်သတ်နှလုံးသွင်းပါမူ စိတ်သည် ပျံ့လွင့်တွေဝေခြင်းဖြစ်လာတတ်၏။ ဥပေက္ခာဟူသောအကြောင်းကိုသာလျှင် တဖက်သတ်နှလုံးသွင်းပါမူ စိတ်သည် ကောင်းစွာမတည်ခြင်း ဖြစ်လာတတ်၏။

ထိုသို့ရှိသော် စိတ်အစဉ်သည် နူးညံ့သိမ်မွေ့ခြင်းဖြစ်မလာနိုင်။ သန့်ရှင်းစင်ကြယ်၍ အရောင်တောက်ပခြင်းလည်း ဖြစ်မလာနိုင်။ မိမိလိုရာကို ပြုလုပ်စေစားရန် အသင့်ရှိခြင်းလည်းမဖြစ်လာနိုင်ပေ။

(တိကနိပါတ်၊ နိမိတ္တသုတ်)

## အိမ်၏ အမိုး လူ၏စိတ်

အထွတ်တပ်သောအိမ်ကို ကောင်းစွာမိုးမထားလျှင် အထွတ်ကိုလည်း စောင့်ရှောက်သည်မမည်။ အခြင်ကိုလည်းစောင့်ရှောက်သည်မမည်။ နံရံကိုလည်း စောင့်ရှောက်သည်မမည်ပေ။

အထွတ်သည်လည်း မိုးရေဖြင့်စွတ်စို၏။ အခြင်၊ နံရံတို့သည်လည်း မိုးရေဖြင့်စွတ်စိုကုန်၏။

အထွတ်သည်လည်း ဆွေးမြေ့၏။ အခြင်၊ နံရံတို့သည်လည်း ဆွေးမြေ့ကုန်၏။

စိတ်ကို မစောင့်ရှောက်လျှင် ကာယကံကိုလည်း စောင့်ရှောက်သည်မမည်။ ဝစီကံကိုလည်း စောင့်ရှောက်သည် မမည်။ မနောကံကိုလည်း စောင့်ရှောက်သည် မမည်ပေ။

ကာယကံသည်လည်း ကိလေသာအညစ်အကြေးတို့ဖြင့် စွတ်စိုမြေးရှက်၏။ ဝစီကံ၊ မနောကံတို့သည်လည်း ကိလေသာ အညစ်အကြေးတို့ဖြင့် စွတ်စိုမြေးရှက်ကုန်၏။

ကာယကံသည်လည်း ဆွေးမြေ့ပျက်စီး၏။ ဝစီကံ၊မနောကံတို့သည်လည်း ဆွေးမြေ့ပျက်စီးကုန်၏။

[(တိကနိပါတ်၊ အရက္ခိတသုတ်)]

## အံစာတုံးလိုလူ

မျက်နှာခြောက်ခုရှိသော အံစာတုံးကို အထက်သို့ပစ်မြှောက်လိုက်သော် ထိုအံစာတုံးသည် အောက်သို့ကျရာ၌ မည်သည့်မျက်နှာဖြင့် ကျသည်ဖြစ်စေ ကောင်းစွာ ရပ်တန့်တည်ရှိနိုင်ပေ၏။

ဤလောက၌ အသိအမြင်-အယူအဆ မှားယွင်း၍ အကျင့်သီလ ပျက်စီးသူသည် မည်သည့် နေရာဌာန၊ မည်သည့် အချိန်ကာလသို့ ရောက်ရှိသည်ဖြစ်စေ မကောင်းသဖြင့် ရပ်တည်ရာ၏။ အကျိုးပျက်စီးသဖြင့် ရပ်တည်ရာ၏။

[(တိကနိပါတ်၊ အပဏ္ဏကသုတ်)]

## ကျောက်စာ၊ မြေစာ၊ ရေစာ

ကျောက်ပြား၌ ရေးထွင်းထားသော အက္ခရာသည် ကာလရှည်စွာ မပျက်မစီး တည်နိုင်၏။ လေဒဏ်-မိုးဒဏ်-နေပူဒဏ်တို့ကြောင့် ရုတ်တရက် ပျက်စီးကွယ်ပျောက်သွားခြင်းမရှိနိုင်ပေ။

မြေကြီး၌ ရေးခြစ်ထားသော အက္ခရာသည် ကာလရှည်စွာ တည်တံ့နိုင်၏။ လေတိုက်၍ဖြစ်စေ၊ မိုးရွာ၍ဖြစ်စေ လျင်မြန်စွာ ပျောက်ကွယ်နိုင်ပေ၏။

ရေ၌ ရေးသားအပ်သော အက္ခရာသည်ကား အမှတ်မထင် ထောချင်းပင်လျှင် ကွယ်ပျောက်သွားပေ၏။

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အစဉ်မပြတ် အမျက် ထွက်တတ်၏။ ထိုအမျက်သည် လျင်မြန်စွာ ပြေငြိမ်းခြင်းမရှိ။ ကာလရှည်စွာ ကိန်းအောင်း၍နေ၏။ ထိုသူမျိုးကား ကျောက်၌ ရေးထွင်းထားသည့် အက္ခရာနှင့်တူပေ၏။

အချို့သူကား အစဉ်မပြတ် အမျက်ထွက်တတ်သော်လည်း ထိုအမျက် ဒေါသသည် ကာလရှည်စွာ ကိန်းအောင်း၍ မနေ။ ကြာမတင် ပြေငြိမ်းသွား၏။ ထိုသူမျိုးသည် မြေကြီး၌ ရေးခြစ် ထားသော အက္ခရာနှင့် တူပေ၏။

အချို့သောသူမှာမူ အချင်းချင်း ကြမ်းကြုတ်သောစကား၊ နှစ်သက်ဖွယ်သောစကားကို ပြောဆိုခြင်းပြုသော်လည်း အမှတ် အစွဲမရှိပေ။ နှီးနှော ဆက်ဆံမြဲ အတိုင်းပင် ဆက်ဆံ တတ်၏။ ထို သူမျိုးကား ရေ၌ ရေးသားအပ်သော အက္ခရာနှင့် တူပေ သတည်း။

(တိကနိပါတ်၊ လေခသုတ်)

## အညံ့ဆုံး ပုဆိုး

ချည်မျှင်ဖြင့် ယက်လုပ်အပ်သော အဝတ် အထည်တို့တွင် ဆံချည်မျှင်ဖြင့် ယက်လုပ်သော အဝတ်အထည်သည် အညံ့ဆုံး

အယူတ်ဆုံး ဖြစ်၏။ ထိုလူဆံချည်မျှင်ထည်သည် အေးသောရာသီ၌ အလွန်အေး၏။ပူအိုက်သောရာသီ၌ အလွန်ပူ၏။ အဆင်းမလှ၊ အနံ့မကောင်း၊ ကြမ်းတမ်း၏။

များစွာကုန်သော အယူဝါဒဟူသမျှတို့တွင် မက္ခလိဂေါသာလ၏ အယူဝါဒသည် အယုတ်ညံ့ဆုံးဖြစ်၏။မက္ခလိဂေါသာလ၏ အယူဝါဒသည် 'ကုသိုလ်-အကုသိုလ် ဟူ၍မရှိ။ ကောင်းမှုပြုလုပ်ခြင်း၊ မကောင်းမှုပြုလုပ်ခြင်းဟူ၍မရှိ။ အားထုတ် ကြိုးစားခြင်းဟူ၍မရှိ' ဟူသော ဝါဒများ ဖြစ်၏။

မက္ခလိဂေါသာလသည် ရှေးရှေးသောကာလက ပွင့်တော်မူပြီးသည့် ဘုရားရှင်တို့ကိုဂုဏ်း၊ နောင် ပွင့်တော်မူလတ္တံသော ဘုရားရှင်တို့ကိုဂုဏ်း ဆန့်ကျင်သည် မည်ပေ၏။

(တိကနိပါတ်၊ ကေသကမ္ဗလသုတ်)

## ဝေးကွာခြင်း

ကောင်းကင်နှင့်မြေကြီးသည်ဝေး၏။ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ထိုမှာဘက်ကမ်းသည် ဝေး၏။ နေထွက်ရာ အရပ်နှင့် နေဝင်ရာအရပ်သည် ဝေး၏။ သူတော်ကောင်းတို့နှင့် သူယုတ်တို့၏ တရားသည် အလွန့်အလွန်ဝေး၏။

သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်းသည် လျင်စွာ ပျက်စီး၏။ ထို့ကြောင့် သူတော်ကောင်းတို့၏ တရားသည် သူယုတ်မာတို့နှင့် ဝေးသတည်း။

(စတုက္ကနိပါတ်၊ သုဝိဒူရသုတ်)

## မိမိကိုယ်ကို မိမိသတ်ဖြတ်ခြင်း

ဒေဝဒတ်သည် သံဃာကိုသင်းခွဲ၍ လာဘ်ပူဇော်သကာ အကျော်အစောအတွက် အားထုတ်ခြင်းကား သူ့ကိုယ်သူ ဖျက်ဆီးခြင်းမည်၏။ သူ့ကိုယ်သူ သတ်ဖြတ်ခြင်းမည်၏။

ငှက်ပျောပင်သည် မိမိကို ဖျက်ဆီးသတ်ဖြတ်ရန် အသီးသီးလာသကဲ့သို့တည်း။

ဝါးပင်သည် မိမိကို ဖျက်ဆီးသတ်ဖြတ်ရန် အသီးသီးလာသကဲ့သို့တည်း။

ကျူပင်သည် မိမိကို ဖျက်ဆီးသတ်ဖြတ်ရန် အသီးသီးလာသကဲ့သို့တည်း။

အဿတိုရ်မြင်းမသည် မိမိကို ဖျက်ဆီးသတ်ဖြတ်ရန် ကိုယ်ဝန်ဆောင်သကဲ့သို့တည်း။

(စတုက္ကနိပါတ်၊ ဒေဝဒတ္တသုတ်)

## ခေါင်းဆောင်နှင့်နောက်လိုက်

မြစ်ကို ကူးကုန်သော နွားတို့တွင် ရှေ့ဆောင်နွားလားသည် ကောက်ကွေ့၍ သွားသော် နောက်လိုက် နွားတို့သည်လည်း ကောက်ကွေ့၍သာလျှင် လိုက်ကုန်၏။

ရှေ့ဆောင် နွားလားသည် ဖြောင့်တန်းစွာ ကူးသွားပါမူ နောက်လိုက်နွားတို့သည်လည်း ဖြောင့်တန်းစွာသာလျှင် ကူးလိုက်ကြကုန်၏။

ဤလောက၌ ရှေ့ဘန်းမှ တာဝန်ရှိသူ-ခေါင်းဆောင်လုပ်သူက စည်းကမ်းတကျ အမှန်အကန် ကျင့်သုံးလုပ်ဆောင်လျှင် နောက်လိုက်လူများသည်လည်း စည်းကမ်းတကျ အမှန်အကန်ပင် ကျင့်သုံးလုပ်ဆောင်မြဲဖြစ်၏။

ခေါင်းဆောင်လုပ်သူ အကြီးအကဲက စည်းကမ်းမရှိ၊ မဟုတ်မမှန် ကျင့်သုံးလုပ်ဆောင်ပါမူ နောက်လိုက်လူအများမှာ အဘယ်ဆိုဖွယ်ရာရှိမည်နည်း။

(စတုက္ကနိပါတ်၊ အဓိမ္မိကသုတ်)]

## ရောက်လာခါစ ချွေးမ

ယောက္ခမအိမ်သို့ လိုက်ပါလာသော ချွေးမသည် ထိုရောက်သာခါစတရက်လောက်၌ လင်ကိုလည်း လွန်စွာရှက်-ကြောက်၏။ ယောက္ခမများကိုလည်း လွန်စွာ ရှက်-ကြောက်၏။ လင်ဖြစ်သူ၏ ညီ-အကို-နှမ-အမတို့ကိုလည်း လွန်စွာ ရှက်ကြောက်၏။ယုတ်စွအဆုံး အိမ်၌ခိုင်းစေသူကိုပင် လွန်စွာ ရှက်ကြောက်လေ၏။

ထိုချွေးမသည် ကာလကြာ၍ ပေါင်းသင်းကျွမ်းဝင်ရှိလာသောအခါ တအိမ်လုံးကို အရေးမစိုက်-ပမာမခန့် ရှိလာတတ်၏။ "ဖယ်ကြစမ်းပါ၊ သင်တို့ နားမလည်ပါဘူး၊ ဝင်မရှုပ်ကြပါနှင့်" စသည်ဖြင့် မလေးမစားရှိလာတတ်ပေ၏။

ဤလောက၌ သူတော်ကောင်းတို့သည် မကောင်းမှုမှ ရှက်ခြင်း-ကြောက်ခြင်းဟူသော ဟီရိဩတ္တပ္ပတရားကို စောင့်ထိန်းရာ၌ ယောက္ခမအိမ်သို့ ရောက်လာခါစ ချွေးမကဲ့သို့ ကျင့်သုံးကုန်၏။

(စတုက္ကနိပါတ်၊ သဗ္ဗုရိသသုတ်)]

## သူကောင်ဖုတ်ထင်းမှ ထောပတ်ကြည်သို့

ဤလောက၌ အချို့သောသူသည် မိမိအကျိုးရှိရန် အတွက်လည်း အားထုတ်ကျင့်သုံးခြင်းမရှိ၊ သူတပါးအကျိုးရှိရန်အတွက်လည်း အားထုတ်ကျင့်သုံးခြင်းမရှိ။ ထိုသူမျိုးသည် အစွန်းနှစ်ဖက်မီးလောင်၍ အလယ်၌မစင်လူးသော သူကောင်ဖုတ် ထင်းမီးစနှင့် တူ၏။

သူကောင်ဖုတ် ထင်းမီးစသည် တော၌ဖြစ်စေ၊ မြို့ရွာ၌ဖြစ်စေမည်သို့မျှ အသုံးပြု၍မဖြစ်ပေ။

အချို့သော သူသည် သူတပါး အကျိုးရှိရန် အတွက် အားထုတ်ကျင့်သုံး၏။ မိမိအကျိုးရှိရန်အတွက်ကား အားထုတ် ကျင့်သုံးခြင်း မရှိ။

အချို့သောသူသည် မိမိအကျိုးရှိရန်အတွက် အားထုတ်ကျင့်သုံး၏။ သူတပါးအကျိုးရှိရန်အတွက်ကား အားထုတ် ကျင့်သုံးခြင်းမရှိ။

အချို့သောသူသည် မိမိအကျိုးရှိရန်အတွက်လည်း အားထုတ်ကျင့်သုံး၏။ သူတပါး အကျိုးရှိရန်အတွက်လည်း အားထုတ်ကျင့်သုံး၏။

ထိုပုဂ္ဂိုလ် ၃-မျိုးတို့တွင် ပထမ၊ ဒုတိယ၊ တတိယအစဉ်အားဖြင့် မြတ်ကုန်၏။

နွားမမှသည် နို့ရည်၊ နို့ရည်မှသည် နို့ဓမ်း၊ နို့ဓမ်းမှသည် ထောပတ်၊ ထောပတ်မှသည် ထောပတ်ကြည်အဖြစ်သို့ရောက်ရာ၌ အဆင့်ဆင့် မွန်မြတ်သကဲ့သို့တည်း။

(စတုက္ကနိပါတ်၊ ဆဝါလာတသုတ်)

## နွား ၄-မျိုး၊ လူ ၄-မျိုး

နွားတို့သည် အမျိုး အစားအားဖြင့် ၄-မျိုးရှိ၏။ အဘယ် ၄-မျိုးတို့နည်းဟူမူ ပထမနွားသည် မိမိနွားအုပ်၌သာလျှင် ကြမ်းတမ်း၏။အခြားနွားအုပ်၌ မကြမ်းတမ်း။ ဒုတိယနွားသည် အခြားနွားအုပ်၌သာလျှင် ကြမ်းတမ်း၏။ မိမိနွားအုပ်၌မူ မကြမ်းတမ်း။ တတိယနွားသည် မိမိနွားအုပ်၌လည်း ကြမ်းတမ်း၏။ အခြားနွားအုပ်၌လည်း ကြမ်းတမ်း၏။ စတုတ္ထနွားသည် မိမိနွားအုပ်၌လည်း မကြမ်းတမ်း။ အခြားနွားအုပ်၌လည်း မကြမ်းတမ်းပေ။

ဤလောက၌ အချို့သောသူသည် မိမိ၏ အပေါင်း အသင်း ပရိသတ်ကို တုန်လှုပ် ချောက်ချားအောင် နှောင့်ရှက် တတ်၏။ သူတပါး၏ အပေါင်းအသင်း ပရိသတ်ကိုမူ တုန်လှုပ်ချောက်ချားအောင် မနှောင့်ရှက်တတ်။ ပထမ နွားလားနှင့် တူသူတည်း။

အချို့သောသူသည် သူတပါး၏အပေါင်းအသင်း ပရိသတ်ကို တုန်လှုပ်ချောက်ချားအောင် မနှောင့်ရှက်တတ်။ မိမိ အပေါင်းအသင်း ပရိသတ်ကိုမူ တုန်လှုပ်ချောက်ချားအောင် နှောင့်ရှက်တတ်၏။ ဒုတိယ နွားလားနှင့် တူသူတည်း။

အချို့သောသူသည် မိမိအပေါင်းအသင်း ပရိသတ်ကိုလည်း တုန်လှုပ် ချောက်ချားအောင် နှောင့်ရှက်တတ်၏။ သူတပါး၏ အပေါင်းအသင်း ပရိသတ်ကိုလည်း တုန်လှုပ်ချောက်ချားအောင် နှောင့်ရှက်တတ်၏။ တတိယ နွားလားနှင့် တူသူတည်း။

အချို့သော သူသည် မိမိအပေါင်းအသင်း ပရိသတ်ကိုလည်း တုန်လှုပ် ချောက်ချားအောင် မနှောင့်ရှက်တတ်။ သူတပါး၏

အပေါင်း အသင်း ပရိသတ်တို့ကိုလည်း တုန်လှုပ် ချောက်ချား အောင် မနှောင့်ယှက်တတ်။ စတုတ္ထ နွားလားနှင့် တူသူတည်း။
(စတုက္ကနိပါတ်၊ ဗလီဗဒ္ဒသုတ်)

## သစ်ပင် ၄-မျိုး၊ လူ ၄-မျိုး

ဤလောက၌ သစ်ပင် ၄-မျိုးရှိ၏။ လူသည်လည်း ၄-မျိုး ရှိလေ၏။

ပထမသစ်ပင်မှာ အကာပင်ဖြစ်၍ အကာပင် အခြံအရံရှိသော သစ်ပင်။ ဒုတိယသစ်ပင်မှာ အကာပင်ဖြစ်၍ အနှစ်ပင် အခြံအရံ ရှိသော သစ်ပင်။ တတိယသစ်ပင်မှာ အနှစ်ပင်ဖြစ်၍ အကာပင် အခြံအရံရှိသော သစ်ပင်။ စတုတ္ထ သစ်ပင်မှာ အနှစ်ပင်ဖြစ်၍ အနှစ်ပင် အခြံအရံ ရှိသောသစ်ပင်။ ဤသို့လျှင် သစ်ပင် သည် ၄-မျိုး ၄-စား ရှိလေသည်။

အချို့သောသူသည် ကိုယ်ကျင့်တရားမရှိ၊ စိတ်သဘောထား ယုတ်ညံ့၏။ သူ၏အပေါင်းအဖော် ပရိသတ်သည်လည်း ကိုယ်ကျင့် တရားမရှိ၊ စိတ်သဘောထားယုတ်ညံ့၏။ ပထမ သစ်ပင်နှင့် တူသူ တည်း။

အချို့သောသူသည် ကိုယ်ကျင့်တရားမရှိ၊ စိတ်သဘောထား ယုတ်ညံ့၏။ သူ၏အပေါင်းအဖော် ပရိသတ်မှာမူကား ကိုယ်ကျင့် တရား ရှိ၏၊ စိတ်သဘောထား မြင့်မြတ်၏။ ဒုတိယ သစ်ပင်နှင့် တူသူတည်း။

အချို့သောသူသည် ကိုယ်ကျင့်တရား ရှိ၏၊ စိတ်သဘောထား မြင့်မြတ်၏။ သူ၏ အပေါင်းအဖော် ပရိသတ်မှာမူ ကိုယ်ကျင့်

ဘရားမရှိ၊ စိတ်သဘောထား ယုတ်ညံ့၏။ တတိယသစ်ပင်နှင့် တူသူတည်း။

အချို့သောသူသည် ကိုယ်ကျင့်တရားရှိ၏၊ စိတ်သဘောထား မြင့်မြတ်၏။ သူ၏အပေါင်းအဖော်ပရိသတ်သည်လည်း ကိုယ်ကျင့်တရား ရှိ၏၊ စိတ်သဘောထား မြင့်မြတ်၏။ စတုတ္ထ သစ်ပင်နှင့် တူသူတည်း။

[(စတုက္ကနိပါတ်၊ ရုက္ခသုတ်)]

## မြေ ၄-မျိုး၊ လူ ၄-မျိုး

ဤလောက၌ မြေ ၄-မျိုးရှိ၏။ လူလည်း ၄-မျိုး ရှိလေ၏။

ပထမမြေသည် အဆိပ်တက်လျင်မြန်၏။အဆိပ်မှာမူ မကြမ်း။ ဒုတိယမြေသည် အဆိပ်ကြမ်း၏။ အဆိပ်တက်ခြင်းကား မမြန်။ တတိယမြေသည် အဆိပ်တက်လည်း လျင်မြန်၏။ အဆိပ်လည်း ကြမ်း၏။ စတုတ္ထမြေသည် အဆိပ်တက်လည်း မမြန်။ အဆိပ်လည်း မကြမ်း။ ဤသို့လျှင် မြေ ၄-မျိုးရှိ၏။

အချို့သောသူသည် အစဉ်မပြတ်အမျက်ဒေါသထွက်တတ်၏။ ဆိုအမျက်ဒေါသသည် ကာလရှည်စွာမူကား မကိန်းအောင်းပေ။ ပထမ မြေနှင့်တူသော ပုဂ္ဂိုလ်တည်း။

အချို့သောသူသည် အစဉ်မပြတ် အမျက်ဒေါသမထွက်တတ်။ ထွက်လာသောဒေါသမူကား ရုတ်တရက် မပြေပျောက်ဘဲ ကာလရှည်စွာ ကိန်းအောင်းတတ်၏။ ဒုတိယ မြေနှင့်တူသော ပုဂ္ဂိုလ်တည်း။

အချို့သောသူသည် အစဉ်မပြတ် အမျက်ဒေါသထွက်တတ်၏၊ ထိုအမျက်ဒေါသသည်လည်း ကာလရှည်စွာ ကိန်းအောင်းနေ တတ်၏။ တတိယ မြေနှင့်တူသော ပုဂ္ဂိုလ်တည်း။

အချို့သောသူသည် အစဉ်မပြတ်လည်း အမျက်ဒေါသမထွက် တတ်။ ရံဖန်ရံခါ အမျက်ဒေါသထွက်လျှင်လည်း ကာလရှည်စွာ မကိန်းအောင်းတတ်။ စတုတ္ထမြေနှင့်တူသော ပုဂ္ဂိုလ်တည်း။

[(စတုက္ကနိပါတ်၊ အာသီဝိသသုတ်)]

## သတ်ပစ်ခြင်း

တရံရောအခါ၌ ကေသီအမည်ရှိသော မြင်းဆရာသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ တရားနှင့်စပ်သော စကားတို့ဖြင့် လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် မြင်းဆရာ ကေသီအား "အသင် သည် မြင်းရိုင်းကို အဘယ်သို့ ဆုံးမ သွန်သင် သနည်း"ဟု မေး တော်မူ၏။

"အရှင်မြတ်ဘုရား၊ တပည့်တော်သည် ရိုင်းသောမြင်းကို အနူး နည်းဖြင့် ဆုံးမပါသည်။ အကြမ်းနည်းဖြင့်လည်း ဆုံးမပါသည်။ အနူး-အကြမ်း နည်းဖြင့်လည်း ဆုံးမပါသည်" ဟု မြင်းဆရာက လျှောက်ထား၏။

"ကေသီ၊ အသင်သည် မြင်းရိုင်းတို့ကို ထိုနည်းများဖြင့် ဆုံးမ သွန်သင်၍ မရလျှင် အဘယ်သို့ ပြုသနည်း"ဟု မြတ်စွာဘုရားက မေးတော်မူပြန်၏။

"အရှင်ဘုရား၊ ဤသို့ နည်းမျိုးစုံဖြင့် ဆုံးမ သွန်သင်ခြင်းကို မခံယူသော မြင်းရိုင်းအား သတ်ပစ်ပါသည်"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"ကေသီ၊ ငါဘုရားသည်လည်း မယဉ်ကျေးသေးသော ပရိသတ်ကို ဆုံးမရာ၌ အနုနည်း အားဖြင့်ရင်း၊ အကြမ်းနည်း အားဖြင့်ရင်း၊ အနု-အကြမ်း နည်းအားဖြင့်ရင်း ဆုံးမ၏။ ထိုထို နည်းဘို့ဖြင့် ဆုံးမခြင်းကို မခံယူသောသူအား သတ်ပစ်သည်သာတည်း'"

"အရှင်မြတ်ဘုရား၊ အဘယ်သို့ ပါနည်း"ဟု ကေသီက မေးလျှောက်ပြန်၏။

"အပြစ်မရှိသော၊ ကောင်းသော အပြုအမူ၊ အပြောအဆို၊ အကြံအစည် ဟူသည်ကား ဤသို့တည်း၊ ဤသည်တို့ကို ကုသိုလ်တရားဟုလည်း ခေါ်၏။ သုစရိုက် တရားဟုလည်း ခေါ်၏။ ထိုကုသိုလ်သုစရိုက်တရားတို့ကို ပြုမူကျင့်သုံးပါမူ ဤသို့ ဤသို့သော ကောင်းကျိုးကို ရရှိခံစားရ၏ဟု ဆုံးမ သွန်သင်ခြင်းသည် အနုနည်း မည်၏။

"အပြစ်ရှိသော၊မကောင်းသော အပြု အမူ၊ အပြော အဆို၊ အကြံအစည်ဟူသည်ကား ဤသို့တည်း၊ ဤသည်တို့ကိုအကုသိုလ်တရားဟုလည်း ခေါ်၏။ ဒုစရိုက်တရားဟုလည်း ခေါ်၏။ ထိုအကုသိုလ်ဒုစရိုက်တရားတို့ကို ပြုမူကျင့်သုံးပါမူ ဤသို့ဤသို့သော မကောင်းကျိုးကို ရရှိ ခံစားရ၏ဟု ဆုံးမ သွန်သင်ခြင်းသည် အကြမ်းနည်း မည်၏။

"ကုသိုလ်သုစရိုက်ကိုရင်း၊ အကုသိုလ် ဒုစရိုက်ကိုရင်း နှစ်ပါး စုံရော၍ ဆုံးမသွန်သင်ခြင်းသည် အနု-အကြမ်းနည်းမည်၏။

"အနုနည်းအားဖြင့်လည်း အဆုံးမမခံ၊ အကြမ်းနည်း အား ဖြင့်လည်း အဆုံးမမခံ၊ အနု-အကြမ်းနည်းအားဖြင့်လည်း အဆုံး မမခံသောသူအား ငါဘုရားသည် ပြောဆိုဆုံးမထိုက်သူဟူ၍ အသိ အမှတ်မပြုတော့ပေ။ ယင်းသို့ အသိအမှတ်မပြုခြင်းသည်ပင်လျှင် ငါဘုရား၏ အဆုံးအမ၌ သတ်ပစ်လိုက်သည် မည်ပေ၏"ဟု မြွက်ကြားတော်မူ၏။

(စတုက္ကနိပါတ်၊ ကေသီသုတ်)

## မြင်း ၄-မျိုး၊ လူ ၄-မျိုး

ဤလောက၌ မြင်း ၄-မျိုးရှိ၏။ လူလည်း ၄-မျိုးရှိလေ၏။

ပထမ မြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့် မြင်းထိန်း၏ သဘောကို ကောင်းစွာသိ၏။ ယနေ့ ငါ၏သခင်သည်အဘယ်ကိစ္စ မျိုးကို ခိုင်းစေ မည်နည်း၊ ငါသည် သခင်အတွက် ဘယ်သို့ လုပ် ဆောင်ရမည်နည်းဟူ၍ ဆင်ခြင်တတ်၏။ ထိတ်လန့်တတ်၏။

ဒုတိယ မြင်းကား နှင်တံရိပ်ကိုမြင်ကာမျှဖြင့် ကောင်းစွာမသိ တတ်။ မဆင်ခြင်တတ်။ ထိတ်လန့်တုန်လှုပ်ခြင်းမရှိ။ နှင်တံဖြင့် အမွေးကို တို့ထိမှသာလျှင် ကောင်းစွာသိတတ်၏။ ဆင်ခြင်တတ်၏ တုန်လှုပ် ထိတ်လန့်တတ်၏။

တတိယ မြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့်ရင်း၊ အမွေးကို ထိတို့ကာမျှဖြင့်ရင်း မသိတတ်။ မဆင်ခြင်တတ်။ ထိတ်လန့်တုန်

လှုပ်ခြင်းမဖြစ်။ နှင်တံဖြင့် အရေကို တို့ထိမှသာလျှင် သိတတ်၏။ ဆင်ခြင်တတ်၊ တုန်လှုပ် ထိတ်လန့်တတ်၏။

စတုတ္ထ မြင်းကား နှင်တံရိပ်ကို မြင်ကာမျှဖြင့်ရင်း၊ အမွေးကို ထိ-တို့ကာမျှဖြင့်ရင်း၊ အရေကို ထိ-တို့ကာမျှဖြင့်ရင်း မသိတတ်။ မဆင်ခြင်တတ်။ ထိတ်လန့် တုန်လှုပ်ခြင်းမရှိ။ နှင်တံဖြင့် အရိုးကို ထိတို့မှသာလျှင် ကောင်းစွာသိ၏။ ဆင်ခြင်တတ်၊ တုန်လှုပ် ထိတ်လန့်တတ်၏။

အချို့သောပုဂ္ဂိုလ်သည် အရပ်တပါးမှ အခြားသော မိန်းမ-ယောကျ်ားတို့ မှားယွင်းသောမကောင်းမှုကြောင့် အပြစ်ဒဏ်ခံရသည်ဟုရင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းသည်ဟုရင်း၊ သေကြေပျက်စီးသည်ဟုရင်း သတင်းစကားကြားရုံမျှဖြင့် မိမိအတွက် ဆင်ခြင်မိ၏။ တုန်လှုပ်ထိတ်လန့်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ပထမ မြင်းနှင့်တူပေ၏။

အချို့သောပုဂ္ဂိုလ်သည် အရပ်တပါးမှ အခြားသော မိန်းမ-ယောကျ်ားတို့ မှားယွင်းသောမကောင်းမှုကြောင့် အပြစ်ဒဏ်ခံရသည်ကိုရင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းသည်ကိုရင်း၊ သေကြေပျက်စီးသည်ကိုရင်း ကိုယ်တိုင် မြင်တွေ့မှသာလျှင် မိမိအတွက် ဆင်ခြင်မိ၏။ တုန်လှုပ်ထိတ်လန့်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် ဒုတိယ မြင်းနှင့်တူပေ၏။

အချို့သောပုဂ္ဂိုလ်သည် မိမိ၏ဆွေမျိုးရင်းချာထဲက မိန်းမ-ယောကျ်ားတို့ မှားယွင်းသောမကောင်းမှုကြောင့် အပြစ်ဒဏ်ခံရသည်ကိုရင်း၊ အနာရောဂါနှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းသည်ကိုရင်း၊ သေကြေ ပျက်စီးသည်ကိုရင်း ကြုံတွေ့ရမှသာလျှင် မိမိ

အတွက် ဆင်ခြင်မိ၏။ ထိတ်လန့်တုန်လှုပ်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် တတိယ မြင်းနှင့် တူပေ၏။

အချို့သော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ပင် မှားယွင်းသော မကောင်းမှုကြောင့် အပြစ်ဒဏ်ခံနေရစဉ်ရင်း၊ အနာရောဂါ နှိပ်စက်သဖြင့် ဆင်းရဲပင်ပန်းရှိစဉ်ရင်း၊ သေလောက်သောဘေးကို ကြုံတွေ့ရစဉ်ရင်း မိမိအတွက်ဆင်ခြင်မိ၏။ ထိတ်လန့်တုန်လှုပ်မိ၏။ ထိုပုဂ္ဂိုလ်မျိုးသည် စတုတ္ထ မြင်းနှင့် တူပေ၏။

(စတုက္ကနိပါတ်၊ ပတောဒသုတ်)

## ဆင် ၄-မျိုး၊ လူ ၄-မျိုး

ဤလောက၌ ဆင် ၄-မျိုးရှိ၏။ လူ ၄-မျိုးရှိ၏။ အဘယ် ၄-မျိုးတို့နည်းဟူမူ-

ပထမ ဆင်သည် ယခင်က ပြုလုပ်ဖူးသည်ဖြစ်စေ၊ မပြုလုပ်ဖူးသည်ဖြစ်စေ ဆင်ထိန်းက ခိုင်းစေသောအလုပ်ကို ကောင်းစွာ လုပ်၏။ ရိုသေလေးစားစွာ နားထောင်၍ ထက်သန်စွာ လုပ်ဆောင်၏။

ဒုတိယ ဆင်သည် စစ်မြေပြင် အရပ်၌ အခြားဆင်ကို သတ်တတ်၏။ ဆင်စီးသူရဲကိုလည်း သတ်တတ်၏။ မြင်းကိုရင်း၊ မြင်းစီးသူရဲကိုရင်း သတ်ဖြတ်တတ်၏။ ခြေလျင် သူရဲတို့ကိုလည်း သတ်ဖြတ်တတ်၏။ ရထားတို့ကိုလည်း ဖျက်ဆီးပစ်တတ်၏။

တတိယ ဆင်သည် စစ်မြေပြင် အရပ်၌ လှံဖြင့် ထိုးခြင်းကို သည်းခံနိုင်ရည်ရှိ၏။ ပုဆိန်ဖြင့်ပေါက်ခြင်း၊ မြှားဖြင့် ပစ်ခြင်းကို

သည်း သည်းခံနိုင်စွမ်းရှိ၏။ စည်ကြီးသံ၊ ခရုသင်း-တံပိုးမှုတ်သံ၊ ပွဲတင်သံတို့ကိုလည်း သည်းခံနိုင်စွမ်းရှိ၏။

စတုတ္ထ ဆင်သည် ရှေးက ရောက်ဖူးသည်ဖြင့်စေ၊ မရောက်ဖူးသည်ဖြစ်စေ ဆင်ထိန်းက စေလွှတ်သော အရပ်သို့ လျင်မြန်စွာ သွားတတ်၏။

ဤသို့လျှင် နာယူတတ်သောဆင်၊ သတ်ဖြတ်တတ်သောဆင်၊ သည်းခံတတ်သော ဆင်၊ သွားတတ်သော ဆင် ဟူ၍ ၄-မျိုး ရှိလေ၏။

ထိုနည်းတူစွာပင် ပုဂ္ဂိုလ် ၄-မျိုးတို့ကား နာယူတတ်သူ၊သတ်ဖြတ်တတ်သူ၊ သည်းခံတတ်သူ၊ သွားတတ်သူဟူ၍ ၄-မျိုးတို့ပေတည်း။

မြတ်စွာဘုရားစသော ပညာရှိသူတော်ကောင်းတို့က ကောင်းမြတ်သော တရားလမ်းစဉ်ဖြင့် ညွှန်ပြပြောကြားသည်ကို ရိုသေလေးစား နှလုံးထား၍ စိတ်အားထက်သန်စွာ နာယူလက်ခံသူသည် နာယူတတ်သူမည်၏။

သတ်ဖြတ်တတ်သူဟူသည်ကား မကောင်းမှု အကုသိုလ်တရားယုတ်တို့ ဖြစ်ပေါ်ခြင်းကို လက်မခံဘဲ တွန်းလှန်ပယ်ဖျက်သော ပုဂ္ဂိုလ်ပင်ဖြစ်၏။

သည်းခံတတ်သူဟူသည်ကား အစားဆင်းရဲခြင်း၊အနေဆင်းရဲခြင်း၊ အဝတ်ဆင်းရဲခြင်းနှင့် အပူအအေးစသော အတွေ့အထိဒဏ်ကို ခံနိုင်စွမ်းရှိလျက် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း စသည်ကိုလည်း မတုန်မလှုပ် ခံနိုင်ရည်စွမ်းရှိသော ပုဂ္ဂိုလ်ပင်ဖြစ်၏။

သွားတတ်သူဟူသည်ကား အကြင်ပုဂ္ဂိုလ်သည် ဆင်းရဲခြင်းကင်းရာ ချမ်းသာသောအဖြစ်သို့ မရောက်ဘူးသေးသော်လည်း လောဘ-ဒေါသ-မာန်မာနစသော ကိလေသာလမ်းအရှုပ်တို့ကို ပယ်စွန့်ကျော်လွှား၍ သာယာချမ်းမြေ့သည့် ဘဝစခန်းသို့ရောက်ရှိနိုင်ပေ၏။ ထိုပုဂ္ဂိုလ်သည် သွားတတ်သူပေတည်း။

(စတုက္ကနိပါတ်၊ နာဂသုတ်)

## ငါးကြီးလား၊ ငါးငယ်လား

ရေအိုင်ကမ်းနား၌ ရပ်လျက်ရှိသော၊ မျက်စိ အမြင် ရှိသော သူသည် ရေထဲ၌ပေါ်လာသော ငါးကို မြင်ရာ၏။ ထိုငါး၏ကူးသန်း သွားလာပုံကိုရင်း၊ လျင်မြန်ဖျပ်လတ်ပုံကိုရင်း၊ရေလှိုင်းဖျက်ဆီးပုံ အခြင်းအရာကိုရင်း မြင်ရာ၏။ ထိုသို့မြင်သဖြင့် ထိုငါးသည် မည်မျှလောက် ကြီးမားပုံကိုရင်း၊ မည်မျှလောက် သေးငယ်သည်ကိုရင်း သိနိုင်ရာ၏။

ဤအတူပင် ပုဂ္ဂိုလ်အချင်းချင်း ဆွေးနွေး လတ်သော် ထိုပုဂ္ဂိုလ်၏ အမေးပြဿနာပေါ်လာပုံ၊အမေးပြဿနာကိုဖြေကြားပုံ၊ ပြဿနာနှင့်စပ်လျဉ်း၍ စဉ်းစားပုံ၊ ပြောဆိုပုံ အခြင်းအရာအားဖြင့် ထိုပုဂ္ဂိုလ်ကို အကဲခတ်နိုင်ရာ၏။ ပညာဉာဏ်ရှိသူလား ပညာဉာဏ်ကင်းမဲ့သူလား ဟူ၍ အကဲခတ်၍ သိနိုင်ရာ၏။

(စတုက္ကနိပါတ်၊ ဌာနသုတ်)

## မြစ်ကို ကူးသူ

မြစ်ကိုကူးမြောက်လိုသူ တဦးသည် တောသို့ဝင်၍ အင်ကြင်းပင်ကြီး တပင်ကို အရင်းမှ ခုတ်လဲ၏။ ထို့နောက် အဖျားကို

ဖြတ်၍ရင်း၊ အကိုင်းအခက်တို့ကို ဖြတ်ရှင်း၍ရင်း၊ ထို့နောက် အင်ကြင်း တုံးကို အပြင်မှ ဓားမဖြင့် သုတ်သင်၏။ ပဲခွပ်ဖြင့်လည်း သုတ်သင်၏။ ထို့နောက် ကျားလျှာ တံစဉ်း ဖြင့်လည်း ချောပြေအောင် သုတ်သင်၏။ ထိုအင်ကြင်းတုံးကို မြစ်ထဲသို့ချ၍ တဖက်ကမ်းသို့ လှော်ယက်ကူးခတ်သော် ထိုသူသည် မည်သို့ရှိမည်နည်း။ သစ်တုံးသည်ရင်း၊ ထိုသူသည်ရင်း လှိုင်းကြား၊ ဝဲဂယက်တို့ကြားတွင် နစ်မြုပ်ပျက်စီးရာ၏။ တဖက်ကမ်းသို့ကား မရောက်နိုင်ရာ။

အကယ်၍ ထိုသူသည် အင်ကြင်းတုံးကို အရင်း အဖျား-အကိုင်းအခက်တို့ကို ခုတ်ဖြတ်၍ အပြင်မှ ပြေလျှောအောင် ပွတ်တိုက်သုတ်သင်၏။ သစ်တုံး၏အတွင်းကိုလည်း ပုဆိန်-ပဲခွပ်တို့ဖြင့် ထွင်းဖောက် သုတ်သင်၍ ပြေပြစ်အောင် ပြုပြင်ငြားအံ့။ တက်မ ထိုး ဝါးကိုလည်း စီရင်ငြားအံ့။ ထို့နောက် ထိုထင်းတုံးကို မြစ်ထဲသို့ချ၍ တဖက်ကမ်းသို့ လှော်ယက်ကူးခတ်ငြားအံ့။ မြစ်၏တဖက်ကမ်းသို့ မလွဲမသွေ ရောက်ရှိမည်သာဖြစ်၏။

ဤအတူပင် အကြင်သူသည် ကိုယ်ဖြင့် ပြုမူ လုပ်ဆောင်ခြင်း၌ရင်း၊ နှုတ်ဖြင့် ပြောဆိုခြင်း၌ရင်း၊ စိတ်ဖြင့် ကြံစည်ခြင်း၌ရင်း၊ သန့်ရှင်းစင်ကြယ်မှု မရှိငြားအံ့။ အကျင့်သီလအရာ၌ ဖြောင့်မှန် စင်ကြယ်မှုမရှိငြားအံ့။ ထိုသူသည် အမှန်တရားကို ရှာဖွေ၍ မရရှိနိုင်။ အမြင်မှန်ကို မရရှိနိုင်သဖြင့် လောဘ-ဒေါသ-မောဟ-မာန်မာနစသော ကိလေသာ အညစ်အကြေးတို့ဖြင့် လိမ်းကျံ ငြိကပ်လျက်သာ နစ်မွန်းရာ၏။

အကယ်၍ ထိုသူသည် ကိုယ်-နှုတ်-စိတ်တို့ဖြင့် ပြုလုပ်ပြောဆို ကြံစည်ရာ၌ သန့်ရှင်းစင်ကြယ်၍ အကျင့်သီလလည်း ဖြောင့်

မှန် စင်ကြယ်ခြင်းအံ့။ အမှန် တရားကိုရရှိ၊ အမြင်မှန် ရရှိကာ ကိလေသာ အညစ်အကြေးတို့နှင့် ကင်းလွတ်ရာ၏။ ဆင်းရဲ ပင်ပန်းခြင်းတို့ကို ကျော်လွန်ကူးမြောက် နိုင်ရာ၏။

[(စတုက္ကနိပါတ်၊ သာဠှသုတ်)]

## ကလေးငယ် နှင့် ကလေးထိန်း

အသက်အရွယ် ငယ်နုနယ်သေးသော ကလေးသူငယ်သည် သစ်သားစကိုဖြစ်စေ၊ အိုးခြမ်းကွဲကိုဖြစ်စေ အမှတ်မထင် မျိုမိ၏။ ထိုအခါ ကလေးထိန်းသူသည် အလျင်အမြန် လုံ့လပြု၍ ထုတ်ယူရာ၏။ အလွယ်တကူဖြင့် ထုတ်ယူ၍မရသော် လက်တဖက်ဖြင့် ကလေး၏ဦးခေါင်းကို ထိန်းကိုင်လျက်၊လက်တဖက်ဖြင့် လက်ညှိုးကိုကွေး၍ ထုတ်ယူရာ၏။ ကလေးငယ်မှာ နာကျင်သည့်ဝေဒနာ ခံစားရသည်ဖြစ်စေ၊ အလွန်နာကျင်သည့်ဝေဒနာ ခံစားရသည် ဖြစ်စေ ထုတ်ယူရာ၏။

ထိုအမှိုက်စ၊ ထိုအိုးခြမ်းကွဲသည် သူငယ်၏ လည်ချောင်းကို ပိတ်ဆို့ မြိုမြိုသွားသော် အသက်ပင် ဆုံးရှုံး ပျက်စီးပေမည်။ ကလေး သူငယ် အသက်မဆုံးရှုံး စေရန် စောင့်ရှောက်သော အားဖြင့် နာကျင်သည့် ဝေဒနာကို မငဲ့ဘဲ ဆောင်ရွက်ရာ၏။

ထိုကလေးသူငယ်သည် အရွယ်တန်၍ အသိစိတ်ရှိလာသော အခါတွင်ကား မိမိကိုယ်ကို စောင့်ရှောက်နိုင်ပြီဖြစ်၍ အထိန်းသည် ကြည့်ရှုဖွယ်မလိုပေ။

ထိုနည်းတူပင် ငါဘုရားသည် ဆုံးမထိုက်သူအား ဆုံးမစောင့်ရှောက်ရမည်သာတည်း။ အသိမှန်-အမြင်မှန် မရရှိသေးသဖြင့်

ကျင့်သုံးမှု သီလသိက္ခာ မစင်ကြယ်သေးသူအား ဆုံးမ စောင့်ရှောက်ရမည်သာတည်း။ ထိုသူသည် အသိမှန်-အမြင်မှန် ရရှိ၍ လမ်းစဉ်မှန်အတိုင်း ကျင့်သုံး ဆောက်တည်သော အခါ၌မူကား ကြည့်ရှုဖွယ်မလိုပေ။ ထိုသူသည် မိမိကိုယ်ကို စောင့်ရှောက်တတ်ပြီ ဖြစ်၍ မေ့လျော့တော့မည် မဟုတ်ပေ။

(မဇ္ဈိမနိကာယ်၊ ကာမသုတ်)

## ရေစီးကို တန့်စေခြင်း

တောင်ကျရေတို့ဖြင့် အဝေးသို့စီးဆင်းလျက်ရှိသော မြစ်ငယ် တခုကိုကြည့်ပါ။ လျင်မြန်သော ရေအယဉ်ဖြင့် အမှိုက်သရိုက် ဒိုက်သရောစသည်ကို သယ်ဆောင်သွားသည်ကို တွေ့ရလိမ့်မည်။

ထိုမြစ်ငယ်၏ ကမ်းပါး ၂-ဖက်မှ ရေနုတ်မြောင်း တူးဖောက်ကြည့်ပါ။ ရေစီးသည် အရှိန်တန့်သွားလိမ့်မည်။ ရေအယဉ်သည် ဟိုဘက်သည်ဘက် ကွဲပြားပြန့်နှံ့လျက် အမျိုးမျိုး အဖုံဖုံ ဖရိုဖရဲ ဖြစ်ပေါ်လိမ့်မည်။ ထိုအခါ အမှိုက်သရိုက် ဒိုက်သရောစသည်တို့ သည် အဝေးသို့ စီးဆင်းမျောပါ၍မသွားသည်ကို တွေ့ရလိမ့် မည်။

ထူးသောညဏ်ပညာဖြင့် အမှန်တရားကိုရယူလိုသော ပုဂ္ဂိုလ် သည် ပိတ်ပင်တားဆီး၍ အားနည်းစေတတ်သော အကြောင်းတို့ ကို ကျော်လွှားရပေမည်။

ထိုအကြောင်းတို့ကား-

ကာမဂုဏ်၌ လိုလားတပ်မက်မှု၊ သူတပါးကို ဖျက်ဆီးလိုမှု၊ လေးလံထိုင်းမှိုင်းမှု၊ မတည်ငြိမ်-ပျံ့လွင့်မှု၊ နောင်တပူပန်မှု၊ ဇဝေ

ဘဝါ-မဝေခွဲနိုင်မှုတို့ပေတည်း။ ဤအကြောင်းတို့သည် ထူးသော ဉာဏ်ပညာဖြင့် အမှန်တရားရရှိရေးကို တားဆီးတတ်၏။ နှောင့်နှေးစေတတ်၏။

(ပဉ္စကနိပါတ်၊ အာဝရဏသုတ်)]

## မှိန်းမနှင့် ရဟန်း

ဤလောက၌ စစ်သည်တော် ၅-မျိုးရှိလေ၏။

ပထမ စစ်သည်တော်သည် စစ်မြေပြင်သို့ ထွက်ချီရာ၌ တဖက်မှ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင် တပ်တို့ ချီတက်လှုပ်ရှားမှုကြောင့် မြူမှုန်များ လွင့်တက်လာသည်ကို မြင်ရုံမျှဖြင့် ကြောက်ရွံ၏။ စစ်တိုက်ခြင်းငှာ မစွမ်းနိုင်တော့။ နောက်ဆုတ် ထွက်ပြေးသည်သာတည်း။

ဒုတိယ စစ်သည်တော်ကား တဖက် စစ်တပ်မှ လွင့်တက်လာသော မြူမှုန့်တို့ကိုမြင်ကာမျှဖြင့် ကြောက်ရွံ့ခြင်းမရှိ။ ကြံ့ကြံ့ခံနိုင်သေး၏။ သို့သော် တဖက်မှ ချီတက်လာသော စစ်အလံများကို မြင်လျှင်ကား ကြောက်ရွံ့လေ၏။ စစ်တိုက်ခြင်းငှာ မစွမ်းနိုင်တော့။ နောက်ဆုတ် ထွက်ပြေးသည်သာတည်း။

တတိယ စစ်သည်တော်ကား မြူမှုန့်တို့ကို မြင်ကာမျှဖြင့်၎င်း၊ အလံဖျားကို မြင်ကာမျှဖြင့်၎င်း ကြောက်ရွံ့ခြင်းမရှိ။ ကြံ့ကြံ့ခံနိုင်သေး၏။ သို့သော် ဆင်သံ၊ မြင်းသံ၊ ရထားတို့၏ အော်ဟစ် ကြွေးကြော်သံကို ကြားရလျှင်ကား ကြောက်ရွံ့လေ၏။ စစ်တိုက်ခြင်းငှာ မစွမ်းနိုင်တော့။ နောက်ဆုတ် ထွက်ပြေးသည်သာတည်း။

စတုတ္ထ စစ်သည်တော်ကား မြူမှုန့်ကို မြင်ကာမျှဖြင့်၎င်း၊ အလံများကို မြင်ကာမျှဖြင့်၎င်း၊ အော်ဟစ်ကြွေးကြော်သံကို ကြားရုံမျှဖြင့်၎င်း ကြောက်ရွံ့ခြင်းမရှိ။ ကြံ့ကြံ့ခံနိုင်သေး၏။ သို့သော် တိုက်ခိုက်-ထိုးခုတ်ရာ၌ကား ခံနိုင်ရည်မရှိ။ ပင်ပန်းအားကုန်ကာ ကျဆုံး ပျက်စီးရလေသည်။

ပဥ္စမ စစ်သည်တော်ကား တက်လွှင့်လာသော မြူမှုန့်တို့ကို မြင်ကာမျှဖြင့်၎င်း၊ စစ်အလံဖျားကို မြင်ကာမျှဖြင့်၎င်း၊ အော်ဟစ် ကြွေးကြော်သံတို့ကို ကြားရုံမျှဖြင့်၎င်း ကြောက်ရွံ့ခြင်းမရှိ။ ကြံ့ကြံ့ခံနိုင်၏။ တိုက်ခိုက်ထိုးခုတ်ရာ၌လည်း ကြံ့ကြံ့ခံ၍ အားစွမ်းသတ္တိရှိသောကြောင့် အနိုင်ရရှိလေ၏။ ထိုစစ်သည်တော် သူရဲကောင်းကား စစ်ပွဲအောင်နိုင်သဖြင့် စစ်မြေပြင်ကို စိုးအုပ်၍နေသည်သာတည်း။

ဤသာသနာတော်၌ အချို့သောရဟန်းသည် 'မည်သည့်မြို့၊ ရွာ၊ နိဂုံး၌ အလွန်ချောမောပြေပြစ်သည့် မာတုဂါမသည်ရှိ၏။ ထို မာတုဂါမသည် ရှုချင်စဖွယ် တင့်တယ်လှပ၏။ စိတ်ကြည်လင်ဖွယ်ရာသော အသွင်သဏ္ဍာန်ရှိ၏၊ နှစ်သက်မြတ်နိုးလောက်၏'ဟု သတင်းစကား ကြားကာမျှဖြင့် ထိုမာတုဂါမကို တပ်မက်စွဲလမ်းလေ၏။ မချုပ်ထိန်းနိုင်အောင်ပင် တပ်မက်စွဲလမ်းသဖြင့် သီလသိက္ခာကို မဆောက်တည်နိုင်။ ထိုသို့ ကိလေသာ နှိပ်စက်သောကြောင့် ရဟန်းအဖြစ်မှ လူအဖြစ်သို့ ကူးပြောင်းလေ၏။ ပထမ စစ်သည်တော်နှင့် တူသတည်း။

အချို့သော ရဟန်းကား ရှုမငြီးဖွယ်ရာ လှပတင့်တယ်သော မာတုဂါမ၏ သတင်းစကားကို ကြားရရုံမျှဖြင့် မတုန်လှုပ်ပေ။

ကြွကြွခံနိုင်သေး၏။ ထိုမာတုဂါမကို မြင်တွေ့လေသော် ကြွကြွ မခံနိုင်တော့ပေ။ တပ်မက်စွဲလမ်းသဖြင့် သီလ သိက္ခာကို မစောင့် ထိန်း နိုင်တော့ပေ။ သိက္ခာချ၍ လူထွက်လေ၏။ ဒုတိယ စစ် သည်တော်နှင့် တူသတည်း။

အချို့သော ရဟန်းသည် အချောအလှ သတင်းကြီးသော မာတုဂါမ၏ အကြောင်းကို ကြားရသော်ငြား၊ ထိုမာတုဂါမ ကို တွေ့မြင် ရသော်ငြား မတုန်လှုပ်ပေ။ ကြွကြွခံနိုင် သေး၏။ ထိုမာတုဂါမသည် အနီးသို့ ချဉ်းကပ်လာကာ ပြုံး၍ပြ၏။ ရယ်၍ ပြ၏။ သာယာ ချိုအေးသော အသံဖြင့် စကားဆို၏။ ထိုအခါ တွင်ကား ရဟန်းသည် မာတုဂါမအား စွဲလမ်းတပ်မက်ခြင်း ဖြစ် လာသဖြင့် သီလသိက္ခာကို မစောင့်ထိန်း နိုင်တော့ပေ။ လူဝတ် လဲလေတော့၏။ တတိယ စစ်သည်တော်နှင့် တူသတည်း။

အချို့သော ရဟန်းကား မာတုဂါမ၏ အချောအလှသတင်း ကို ကြားရသော်ငြား၊ ထိုမာတုဂါမကို ကိုယ်တိုင် တွေ့မြင်ရသော် ငြား၊ ထိုမာတုဂါမ၏ ပြုံးရွှင်သောဟန်ပန်၊ သာယာသော အသံ တို့ကို အနီးကပ်၍မြင်ရ-ကြားရသော်ငြား မတုန်လှုပ်ပေ။ ကြွကြွ ခံနိုင်သေး၏။ မာတုဂါမသည် ရဟန်းသို့ ကပ်၍ ထိုင်လာ၏။ ကပ်၍အိပ်လာ၏။ကလူကျီဆယ် မြူဆွယ်၍ ပွေ့ဖက် ဆွဲဆောင် ၏။ ထိုအခါတွင်ကား ရဟန်းသည် မစောင့်စည်း နိုင်တော့ပေ။ စိတ်ကို မထိန်းချုပ်နိုင်တော့သဖြင့် သိက္ခာချခြင်း၊ လူဝတ်လဲခြင်း ပင် မပြုလုပ်ဘဲ ထိုမာတုဂါမနှင့် မှားယွင်းလေ၏။ စတုတ္ထ စစ် သည်တော် နှင့် တူသတည်း။

အချို့သော ရဟန်းသည်ကား မာတုဂါမ၏ အချော အလှ သတင်းကိုကြားရသော်ငြား၊ကိုယ်တိုင်မြင်တွေ့ရသော်ငြား၊ပြုံးခြင်း

ရယ်ခြင်းနှင့် ချစ်ဖွယ်သောစကားဆိုလာသော်ငြား မတုန်လှုပ်ပေ။ ကြံ့ကြံ့ခံနိုင်၏။ ထို့ပြင် မာတုဂါမသည် ထိုင်၍ငြား၊ အိပ်၍ငြား ကလူကျီဆယ် မြူဆွယ်ပွေ့ဖက်ဆွဲဆောင်လာသော်လည်း မတုန်လှုပ်မေ။ သီလသိက္ခာ မချွတ်မယိမ်းအောင် ကြံ့ကြံ့ခံ၍ စောင့်ထိန်း၏။ မာတုဂါမနှင့်ဝေးရာသို့ ပြောင်းရွှေ့၏။ ပွေ့ဖက်သော် ဖြေ၍ ရုန်း၍ ခွာထွက်၏။

မက်မောတွယ်တာမှုဟူသမျှကို လွတ်လွတ်ရှင်းရှင်း ဖွန့်ပယ်နိုင်ပေသော ထိုရဟန်းသည်ကား ပဉ္စမ သူရဲကောင်း နှင့် တူလေသတည်း။

(ပဉ္စကနိပါတ်၊ ပထမယောဓာဇီဝသုတ်)

## အဆင်းရုပ်နှင့် အရင်းမူလ

ဤလောက၌ နွားတို့တွင် နွားဖြူ၊ နွားနီ၊ နွားနက်၊ နွားညို၊ နွားပြာ၊ နွားကျား-စသည်ဖြင့် အရောင်အမျိုးမျိုးရှိကြ၏။ ထိုနွားတို့တွင် ယဉ်ကျေးလိမ္မာသော၊ လျင်မြန်ဖြောင့်တန်းစွာ သွားတတ်သော၊ ခွန်အားနှင့်ပြည့်စုံ၍ ဝန်ကိုဆောင်နိုင်သော နွားသည် နွားကောင်းဖြစ်လေ၏။ လူတို့သည် ထိုနွားကိုသာလျှင် စုံမက်နှစ်သက်ကြ၏။ တန်ဘိုးထား-လေးစားကြ၏။ ထိုနွား၏ အရောင်ကိုမူ နီသည်၊ ဖြူသည်၊ ပြာသည်-ဟူ၍ စူးစမ်းမှုဖြင့် ပဓာနမပြုကြကုန်။ ထိုနွား၏ အဆင်းအရောင်ကို တန်ဘိုးထားကြခြင်း မဟုတ်သောကြောင့်တည်း။

ထိုနည်းတူ လူတို့တွင်လည်း မင်းမျိုး၊ သူဌေးမျိုး၊ ဆင်းရဲသားမျိုး၊ ဒွန်းစဏ္ဍာလမျိုးဟူ၍ ပဓာနပြုဘွယ်မရှိပေ။ ထိုသူ၏ ကိုယ်

အမှုအရာ၊ နှုတ်အမှုအရာ ယဉ်ကျေးသိမ်မွေ့၍ စိတ်ထားစင်ကြယ် မြင့်မြတ်ခြင်းသည်သာ ပဓာနဖြစ်၏။ ထိုသို့ ယဉ်ကျေးသိမ်မွေ့၍ မြင့်မြတ် စင်ကြယ်ခြင်းသာလျှင် သူတပါးအား ကောင်းကျိုး ပြုနိုင်သည် ဖြစ်သောကြောင့် ပေတည်း။

(ပဥ္စကနိပါတ်၊ ဂိဟိသုတ်)]

## ရေထဲ၌ အရိပ်ပေါ်ခြင်း

တရံခါ၌ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေးလျှောက်လေ၏။

"အရှင်မြတ်ဘုရား၊ အကျွန်ုပ်သည် ဗေဒင်အတတ်ကို တတ်ကျွမ်း၍ ဗေဒင်ဟောတတ်သူဖြစ်ပါသည်။ တခါတရံ၌ ဗေဒင်တို့သည် ဉာဏ်၌ မထင်လာပါကုန်။နေ့ညဉ့်မဟူ ရွတ်ဖတ်သရဇ္ဈာယ်ပါသော်လည်း မှန်ကန်စွာမထင်လာကုန်။ တခါတရံတွင်မူ ရွတ်ဖတ်သရဇ္ဈာယ်မှု များစွာမပြုသော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မှန်ကန်စွာ ထင်လာပါကုန်သည်။ အကြောင်း မည်သို့ ရှိပါသနည်း"ဟု လျှောက်မေးလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုပုဏ္ဏားအား "ပုဏ္ဏား၊ဟုတ်တိုင်းမှန်စွာ သိခြင်း၊ မသိခြင်း၏ အကြောင်း သည် ရှိ ၏။ ထိုအကြောင်းက ား-ကာမဂုဏ်တို့၌ စွဲမက်ခြင်းဟူသော ကာမရာဂ၊ ဖျက်ဆီးလိုခြင်း ဟူသော ဗျာပါဒ၊ လေးလံထိုင်းမှိုင်းခြင်းဟူသော ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း-နောင်တ ပူပန်ခြင်းဟူသော ဥဒ္ဓစ္စ-ကုက္ကုစ္စ၊ မဝေခွဲ မဆုံးဖြတ်နိုင်ခြင်းဟူသော ဝိစိကိစ္ဆာတို့ပေတည်း။

"ဤ ၅-ပါးသော ကိလေသာ အညစ်အကြေးတို့ ကပ်ငြိ ဖိစီးခြင်းခံရသော် အမှန်ကို မသိမမြင်နိုင်ပေ။ မိမိနှင့်ပတ်သက်၍ ၎င်း၊ သူတပါးတို့နှင့် ပတ်သက်၍ ၎င်း အကြောင်း-အကျိုး၊ အကောင်း-အဆိုး၊ အမှား-အမှန်တို့ကို ပိုင်းခြား၍ မသိမြင် နိုင်ပေ။

"ဤ ၅-ပါးသော ကိလေသာ အညစ်အကြေးတို့ ကပ်ငြိ ဖိစီးခြင်း မခံရသော်မူ ပိုင်းခြား၍ သိမြင်နိုင်ပေ၏။

"ပုဏ္ဏား၊ ဥပမာအားဖြင့် သန့်စင်ကြည်လင်သော ရေခွက်ထဲ သို့ ငုံ့ကြည့်ပါ။ သင်၏အရိပ်ကိုငင်း၊ အခြားတပါးသော အရိပ် ကို၎င်း ကောင်းစွာ မြင်နိုင်သည် မဟုတ်လား။

"ပုဏ္ဏား၊ အကယ်၍ ထိုရေသည် အနီ၊အပြာ၊အစိမ်းစသော ဆေးမှုန့်များ ရောခတ်ထားလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ပွက် ပွက်ဆူလျက် အခိုးအငွေ့ ထွက်နေလျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ရေညှိရေမှော်တို့ဖြင့် ရောရှက်ရှုပ်ထွေးနေလျှင်ဖြစ်စေ၊ သို့တည်း မဟုတ် လေပြင်းတိုက်ခတ်သဖြင့် မတည်မငြိမ် လှုပ်ရှားနေသည် ဖြစ်စေ၊ သို့တည်းမဟုတ် ရွှံ့ညွန်အနည်တို့ဖြင့် နောက်ကျုနေလျှင် ဖြစ်စေ ငုံ့၍ကြည့်သော်လည်း မြင်နိုင်ပါမည်လား၊ သင်၏ မျက်နှာရိပ်ကို၎င်း၊ အခြားတပါးသော အရိပ်ကို၎င်း ကောင်းစွာ မြင်နိုင်ပါမည်လား"ဟု မေးတော်မူ၏။

ထိုအခါ သိင်္ဂါရဝပုဏ္ဏားသည်"မှန်ပါသည် အရှင်ဂေါတမ၊ မမြင်နိုင်ကောင်းပါဘုရား"ဟု ပြန်လည် လျှောက်ထားလေ၏။

"ပုဏ္ဏား၊ ဤသည်လျှင် ဟုတ်တိုင်းမှန်စွာ သိမြင်ရခြင်းနှင့် မသိမြင်ရခြင်း၏ အကြောင်းရင်းပေတည်း"။

(ပဉ္စကနိပါတ်၊ သိင်္ဂါရဝသုတ်)

## လူမွဲတို၏ထွက်ရပ်လမ်း

ဤလောက၌ ကိုယ်ပိုင်ဥစ္စာမရှိသောလူမွဲသည် ကြွေးယူရ၏၊ ငွေချေးငှားရ၏။ ကြွေးယူ-ချေးငှားရာ၌ အတိုးပေးပါမည်ဟုဝန်ခံရ၏။ ဝန်ခံသည့် အတိုင်း မပေးဆပ်နိုင်သော် ကြွေးရှင်တို့က တောင်းဆို၏။ တောင်းဆို၍ မပေးဆပ်နိုင်သော် ကြွေးရှင်တို့က ထိုသူ၏နောက်သို့လိုက်ကြကုန်၏။ အစဉ်လိုက်၍လိုက်၍ တောင်းဆိုသော်လည်း မပေးဆပ်နိုင်။ ထို့ကြောင့် ထိုသူကို ဖမ်းဆီးချုပ်နှောင်ကြကုန်၏။

ဤသို့လျှင် ကိုယ်ပိုင်ဥစ္စာမရှိသော လူမွဲသည် ဆင်းရဲပင်ပန်းခြင်း၊ နှလုံးမသာယာခြင်း၊ ကြောင့်ကြပူပန်ခြင်းတို့ဖြင့် နှိပ်စက်ခံရလေ၏။

တစုံတယောက်သောသူသည် မှန်ကန်ကောင်းမွန်သော ကျင့်ဝတ်လမ်းစဉ်၌ ယုံကြည်မှုသဒ္ဓါ မရှိသည်ဖြစ်အံ့၊ မကောင်းသောအလုပ်မှု၌ ရှက်ခြင်း-ကြောက်ခြင်းဟူသော ဟိရိဩတ္တပ္ပမရှိသည်ဖြစ်အံ့၊ အပြစ်မရှိ- ကောင်းမြတ် စင်ကြယ်သည့် လုပ်ဆောင်ဖွယ်ကိစ္စ၌ အားထုတ် ကြိုးစားခြင်းဟူသော ဝီရိယ မရှိသည်ဖြစ်အံ့၊ အကြောင်း-အကျိုး၊ အကောင်းအဆိုးနှင့် အမှားအမှန်တို့ကို ဆင်ခြင် သိတတ်မှုဟူသော ပညာမရှိသည်ဖြစ်အံ့၊ ထိုသူကို ကိုယ်ပိုင်ဥစ္စာမရှိသော လူမွဲဟူ၍ ဆိုရလေ၏။

ယင်းသည့် သဒ္ဓါ၊ ဟိရိဩတ္တပ္ပ၊ ဝီရိယ၊ ပညာဟူသော ကိုယ်ပိုင်ဥစ္စာမရှိသူ၏ မကောင်းမှုဒုစရိုက်တို့ကို ပြုကျင့်ခြင်းသည် ကြွေးယူ ချေးငှားခြင်းမည်၏။

'ထိုသူကား မကောင်းမှုဒုစရိုက်တို့ကိုကျူးလွန်သူတည်း' ဟူ၍ အခြား သူတို့က ပြောဆို ခံရခြင်းသည် ကြွေး တောင်းခံရခြင်း မည်၏။

ထိုသူ သွားလာ-လုပ်ကိုင်-လှုပ်ရှားလေရာတိုင်း၌ မကောင်းမှု ဒုစရိုက်တို့ကြောင့် စိတ်နှလုံး မသာယာခြင်း၊ ပင်ပန်းဆင်းရဲခြင်း ဖြစ်ရ၏။ဤသို့ ဖြစ်ရခြင်းသည် ကြွေးရှင်တို့ နောက်ကလိုက်ခြင်း မည်၏။

ထိုသူသည် မိမိ ပြုခဲ့သော မကောင်းမှုတို့ကြောင့် မကောင်း ပြစ် ကျရောက်ခံရ၏။ မကောင်းမှု၏ ဖိစီးနှိပ်စက်ခြင်းကို ခံရ၏။ ဤသို့ ခံရခြင်းကား ကြွေးရှင်တို့က ဖမ်းဆီး ချုပ်နှောင်ခြင်းကို ခံရသည် မည်ပေ၏။

လူမဲ့တို့သည် ကိုယ်ပိုင်ပစ္စည်းဥစ္စာရှိနေလျှင် ကြွေးယူ ချေးငှားခြင်း၊ ကြွေးတောင်း ခံရခြင်း၊ ကြွေးရှင်တို့ အလိုက်ခံရခြင်း၊ အချုပ်အနှောင်ခံရခြင်း ဟူသော ဆင်းရဲပင်ပန်းမှုမှ လွတ်ကင်း ချမ်းသာပေမည်တည်း။

သဒ္ဓါ၊ ဟိရိ-ဩတ္တပ္ပ၊ ဝီရိယ၊ ပညာဟူသော 'ဓမ္မဥစ္စာ' ကိုယ် ပိုင်ရှိသူသည်လည်း မကောင်းသော အပြုအမူတို့ကို ရှောင်ကြဉ် ထိန်းသိမ်းသဖြင့် ကောင်းကျိုး ချမ်းသာကို ရရှိ ခံစားရပေမည် တည်း။

(ဆဋ္ဌနိပါတ်၊ ဇဏ္ဏသုတ်)

## ကြက်တောင်၊ ကြက်မွေး

ဤလောက၌ ခန္ဓာငါးပါးကို မတင့်တယ်ဟူ၍ရင်း၊ ရွံရှာစက် ဆုတ်ဖွယ်ဟူ၍ရင်း ရှုမြင်အပ်သော အသုဘကမ္မဋ္ဌာန်းဖြင့် အဖန်

တလဲလဲ ဆင်ခြင် သုံးသပ်သော သူသည် မေထုန်အကျင့်ကို မလိုလားပေ။ မေထုန်ကျင့်ရမည်ကို ရွံ၏။ တွန့်ဆုတ်၏။

ဥပမာသော်ကား ကြက်တောင် ကြက်မွေးကိုဖြစ်စေ၊ အကြောထုံးကိုဖြစ်စေ မီးကျီး၌ ချသည်ရှိသော် ပြန့်ခြင်း-ပွားခြင်းမရှိပေ။ ထိုကြက်တောင်ကြက်မွေး၊အကြောထုံးတို့သည် တွန့်ဆုတ်သည် သာတည်း။ ရှုံ့တွသည်သာတည်း။

(သတ္တကနိပါတ်၊ ဒုတိယသညာသုတ်)

## သေမင်း၏ ကျော့ကွင်း

အမျက်ဒေါသ ထွက်သော သူသည် ပြုလုပ်ရန် မလွယ်သည့် ကိစ္စကိုပင် အလွယ်တကူ မှားယွင်းစွာ ပြုလုပ်မိတတ်၏။ထိုသူသည် အမျက်ဒေါသ ပြေပျောက်သွားသည့် အခါ၌ မီးလောင်ခံရသူကဲ့သို့ နောင်တ ပူပန်ခြင်းဖြစ်ရ၏။

အမျက်ဒေါသထွက်လျက်ရှိသူ၏မျက်နှာသည် သန့်ရှင်းကြည်လင်ခြင်းမရှိ၊ တင့်တယ် တောက်ပခြင်းလည်း မရှိ။ မီးခိုးတအူအူ ထွက်နေသော မီးပုံကဲ့သို့တည်း။

အမျက်ဒေါသ ထွက်လျက်ရှိသူသည် မိမိ၏ အကျိုး စီးပွားကိုလည်း ဖျက်ဆီးတတ်၏။ မိမိကိုယ်ကိုသေစေတတ်သည့်အကြောင်းကိုပင် အမှန်အတိုင်း မသိမမြင်တတ်ပေ။ထို့ကြောင့် အမျက်ဒေါသသည် သေမင်း၏ ကျော့ကွင်းနှင့် တူပေ၏။

(သတ္တကနိပါတ်၊ ကောဓနသုတ်)

## အလကားမလိုချင်နှင့်

ကြက်မသည် မိမိ၏ဥများကို ထက်ဝန်းကျင်မှ ကောင်းစွာ ဝပ်ပေးရ၏။ အငွေ့ကိုလည်းပေးရ၏။ သို့မှသာလျှင် ဥတွင်းရှိ ကြက်ငယ်ကလေးများသည် အချိန်တန်သော် ကောင်းစွာပေါက်ဖွားလာနိုင်၏။

ထိုကြက်မသည် မိမိ၏ဥများကို ကောင်းစွာ ဝပ်မပေးမူဘဲ အငွေ့အနွေးကိုလည်း မပေးမူဘဲ 'ငါ၏ ကြက်ငယ်တို့သည် နှုတ်သီးဖြင့်၎င်း၊ ခြေသည်းတို့ဖြင့်၎င်း ဥခွံကိုဖောက်ခွဲပြီးလျှင် ပေါက်ဖွားလာပါမူ ကောင်းလေစွ'ဟု လိုချင်တောင့်တသော်လည်း ထိုသို့ကား မဖြစ်လာပေ။ ကြက်ငယ် ကလေးများသည် ဥခွံ၏ အပြင်သို့ ဖောက်ထွက်မလာနိုင်ပေ။

ထိုနည်းတူပင် အကြင်သူသည် ပွားများအပ်သော ဘာဝနာတရားကို အားထုတ် ကျင့်သုံးခြင်းမပြုမူဘဲ 'ငါသည် လောဘ၊ ဒေါသ၊ တဏှာ၊ ဒိဋ္ဌိ-ကိလေသာ အညစ်အကြေးတို့မှ ကင်းစင်ကုန်ခန်းပါမူ ကောင်းလေစွ'ဟု တောင့်တမြော်လင့်သော်လည်း အချည်းနှီးသာတည်း။

( သတ္တကနိပါတ်၊ ဘာဝနာသုတ်)]

## ပုဆိန်ရိုး

ဗိသုကာ လက်သမားသည် ပဲခွပ်ဖြင့် သစ်သားတို့ကို ခုတ်လှေ့ရှေလှေ့ရှိ၏။ ပဲခွပ်ရိုး၌ လက်သမား၏ လက်ချောင်းရာ - လက်မရာတို့သည် ပွန်းထင်ကုန်၏။ ထိုလက်သမားသည်- 'ယနေ့ ငါ၏ ပဲခွပ်ရိုး၌ ဤမျှလောက် ပွန်းသွားပြီဟူ၍ကား မသိပေ။ ယမန်

နေ့က ထိုမျှလောက်ပွန်းခဲ့သည်ဟူ၍လည်း မသိပေ။ ယခင့်ယခင် နေ့များက ဤမျှ-ထိုမျှလောက် ပွန်းခဲ့သည်ဟူ၍လည်း မသိပေ။ ပဲခွပ်ရိုးသည် အစဉ်သဖြင့် ပွန်းခဲ့ ထင်ခဲ့သောကြောင့် ကုန်ဆုံးသွားမှသာလျှင် ထိုလက်သမားသည် 'ငါ၏ ပဲခွပ်ရိုးကား ကုန်လေပြီ' ဟု သိလေ၏။

ဤအတူပင် ပွားများအပ်သော ဘာဝနာတရားကို အားထုတ်ကျင့်သုံးသော ပုဂ္ဂိုလ်သည် 'ငါ့အား ကိလေသာအညစ်အကြေးသည် ယနေ့မည်မျှလောက် ကင်းစင်သွားပြီ' ဟူ၍ရင်း၊ 'ယမန်နေ့က မည်မျှလောက် ကင်းစင်ခဲ့သည်' ဟူ၍ရင်း၊ 'ယခင့် ယခင်နေ့များက ဤမျှ-ထိုမျှလောက် ကင်းစင်ခဲ့သည်' ဟူ၍ရင်း၊ မသိမြင်ပေ။ စင်စစ်အားဖြင့် ထိုပုဂ္ဂိုလ်သည် ကိလေသာ အညစ်အကြေးတို့ ကင်းစင်ရာ၌ 'ကင်းစင်ပြီ' ဟူ၍သာလျှင် သိနိုင်လေ၏။

(သတ္တကနိပါတ်၊ ဘာဝနာသုတ်)

## မိုးနေခန်းမှ သုသာန်သို့

လူတို့၏အသက်သည် နည်းပါးတိုတောင်းလှ၏။ သစ်ပင်ဖျားဌ် ကျရောက်သော ဆီးနှင်းပေါက်သည် နေထွက်လျှင် ပျောက်ကွယ်သကဲ့သို့တည်း။

ရေကန်ထဲ၌ မိုးပေါက်ကျသော် ရေပွက်သည် ဖြစ်ပေါ်လျက် မကြာချက်ချင်း ကွယ်ပျောက်သကဲ့သို့တည်း။

ရေထဲ၌ တုတ်ဖြင့်ရိုက်ခတ်သည်ရှိသော် ပေါ်လာသောအရေးအကြောင်းသည် လျင်မြန်စွာ ကွယ်ပျောက်သကဲ့သို့တည်း။

တောင်ထိပ်မှ အဟုန်အရှိန်ပြင်းစွာ စီးဆင်းကျလာသော ရေအလျဉ်ကဲ့သို့တည်း။

တံတွေးကို လျှာဖျား၌ စုရုံးကာ ထွေးထုတ်လိုက် သကဲ့သို့ ဘည်း။

ရဲရဲတောက်သော မီးဖိုပေါ်၌ ကြာမြင့်စွာ တင်ထားသည့် သံအိုးကင်းထဲသို့ အသားတုံးကို ပစ်ချလိုက်သကဲ့သို့တည်း။

လူတို့သည် မွေးဖွားလာပြီးနောက် မုချ သေဆုံးကြရ၏။ မသေဆုံးခြင်း ဟူ၍ မရှိပေ။

ထို့ကြောင့် လူ့ဘဝသည် ဆီးနှင်းပေါက်နှင့်တူ၏။ ရေပွက်နှင့်တူ၏။ ရေရုပ်နှင့်တူ၏။ တောင်ကျရေနှင့်တူ၏။ တံတွေးပေါက်နှင့်တူ၏။ အသားတစ်နှင့်တူ၏။

အသတ်ခံရမည့် နွားမသည် သားသတ်ရုံသို့ ဆွဲငင်ယူဆောင်ခြင်း ခံရရာ၌ ခြေလှမ်းတိုင်းသည် သားသတ်ရုံနှင့် နီး၍နီး၍ လာသကဲ့သို့ လူတို့သည်လည်း မီးနေခန်းမှသည် သုသာန်ကုန်းသို့ နီး၍နီး၍ လာသည်သာဖြစ်၏။

(သတ္တကနိပါတ်၊ အရကသုတ်)

## စပါးလှေ့ခြင်း အကြောင်းရင်း

အနှံမထွက်သေးသောစပါးခင်းကိုကြည့်ပါ၊ စပါးပင်တို့သည် ခြားနားခြင်းမရှိ၊ တူကြသည်ဟု မှတ်ထင်လိမ့်မည်၊ ပင်စည်-ရိုးတံ-အရွက်တို့သည် မကွဲပြားကြဟု မှတ်ထင်ရလိမ့်မည်။

စင်စစ်သော်ကား ထိုစပါးခင်း၌ စပါးအဖျင်းပင်များ၊ စပါးအမှိုက်ပင်များလည်း ပါရှိနေသည်သာဖြစ်၏။ စပါးပင်များ အနှံထွက်သောအခါတွင်မှ သိသာထင်ရှားလေသည်။

စပါးခင်းရှင်သည် ထိုစပါးအဖျင်းပင်၊ အမှိုက်ပင် များကို အမြစ်ပါနုတ်၍ ဖျက်ဆီးပစ်ရ၏။ အဘယ့်ကြောင့်ဆိုသော် ထို အဖျင်း-အမှိုက်ပင်တို့သည် ကောင်းမွန်အောင်မြင်သော စပါးပင် များကို ရောရှက် ဖျက်ဆီးတတ်သောကြောင့်တည်း။

အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ မြို့ထဲရွာထဲ၌ဖြစ်စေ၊ အဖွဲ့ အစည်း၊ အသင်းအပင်း ပရိသတ်တို့ ရှိကုန်၏။ ထိုထိုပရိသတ်တွင် စိတ်သဘောထား၊ အပြုအမူ၊ အပြောအဆို ယဉ်ကျေးမြင့်မြတ်၍ ဖြောင့်မှန်စင်ကြယ်သူလည်း ပါရှိလေသည်။ ရိုင်းပြ ယုတ်မာ၍ ကောက်ကျစ် မည်းညစ်သူလည်း ပါရှိလေသည်။

ထိုသို့ ကောင်းသူနှင့်ဆိုးသူတို့ ရောရှက်ပါရှိနေခြင်းကို ရုတ် တရက်-သာမန်အားဖြင့် မသိဘဲရှိတတ်၏။ပရိသတ်ကို 'ပရိသတ်' အဖြစ်နှင့်သာ သိမြင်နေတတ်၏။ အခွင့်အားလျော်စွာ အခါ အားလျော်စွာ ကိစ္စကြီးငယ်ကို ပြုလုပ်ဆောင်ရွက်ကြရသည်တွင်မှ ကောင်းသူ နှင့် ဆိုးသူတို့၏ မတူကွဲပြားခြင်းသည် ပေါ်လွင် ထင် ရှားလာလေ၏။

ထိုအခါ၌ ဆိုးသောသူတို့အား အဖွဲ့အစည်း၊အသင်းအပင်းမှ ဖယ်ထုတ် ပစ်ရလေသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူတို့ ကြောင့် အခြားသူတို့လည်း ပျက်စီး ဆိုးယုတ် နိုင်သောကြောင့် ပေတည်း။

စပါးလှေ့သည်ကိုကြည့်ပါ။အနှစ်-အသားပါသော အောင် အောင်မြင်မြင် စပါးစေ့တို့သည် လေကြောင့် လွင့်စဉ်မသွားကြ ပေ။ အဖျင်းအမှော် အမှိုက်သရိုက်တို့ကား လေနှင့်အတူ လွင့်ပါ ကြလေ၏။ ယင်းသို့ လွင့်ပါသွားအောင်ပင်လျှင် စပါးရှင်က စပါးလှေ့ခြင်းဖြစ်လေသည်။

စပါးအဖျင်းအမှော် အမှိုက်သရိုက်တို့ကြောင့် စပါးကောင်းများ မပျက်စီး မဆုံးရှုံးပါစေနှင့် ဟူသော ရည်ရွယ်ချက်ဖြင့် ဤသို့ပြုလုပ်ရခြင်းပေတည်း။

(အင်္ဂုတ္တရနိပါတ်၊ ကာရဏ္ဍဝသုတ်)

## လယ်မြေကို လေ့လာခြင်း

စပါးစိုက်ပျိုးမည်ဆိုလျှင် လယ်ကွက်ကို ကြည့်ပါ။ ထိုလယ်ကွက်၌–

မြေသား မညီညာ – နိမ့်တုံ – မြင့်တုံရှိခြင်း၊ ကျောက်စရစ်–ကျောက်ခဲများ ရှိခြင်း၊ ဆပ်ပြာ ပေါက်ခြင်း၊ ထွန်ကြောင်းရာ မနက်ခြင်း၊ ရေဝင်ပေါက် မရှိခြင်း၊ ရေထွက်ပေါက် မရှိခြင်း၊ ရေသွင်းမြောင်း မရှိခြင်း၊ ကန်သင်းရိုး ဖွဲ့စည်းမှုမရှိခြင်း-ဟူသော လက္ခဏာ ၈–မျိုးကို တွေ့ရသော် မစိုက်ပျိုးလေနှင့်။ အချည်းနှီးသော လယ်ကွက်ဖြစ်၏။ မကောင်းသော လယ်ယာမြေ ဖြစ်၏။ မျိုးစေ့ကုန်၍ လုပ်နိုင်ရုံမျှသာ ရှိမည်။

လူတို့တွင်လည်း လက္ခဏာ ၈–မျိုးနှင့် ယှဉ်သည်၊မယှဉ်သည်ကို ဆင်ခြင်စိစစ်ရာ၏။ ထိုလက္ခဏာ ၈–မျိုးကား....

မမှန်သော အသိအမြင် အယူအဆ၊ မမှန်သော ကြံစည်တွေးတောမှု၊ မမှန်သော စကားပြောဆိုမှု၊ မမှန်သော လုပ်ကိုင်ဆောင်ရွက်မှု၊ မမှန်သော အသက်မွေးဝမ်းကျောင်းမှု၊ မမှန်သော အားထုတ်မှု၊ မမှန်သော ဆင်ခြင်အောက်မေ့မှု၊ မမှန်သော တည်ကြည်စွဲမြဲမှု။

ဤလက္ခဏာ ၈-မျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အချည်းနှီးသော ပုဂ္ဂိုလ်ဖြစ်၏။ မကောင်းသော ပုဂ္ဂိုလ်ဖြစ်၏။

ထိုပုဂ္ဂိုလ်အား ဆီးကပ်ခြင်း၊ ပေးကမ်းကူညီခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း ပြုသော်လည်း အကျိုး မရှိနိုင်ပေ။ အကျိုး မဲ့ခြင်းသာလျှင် ရှိလိမ့်မည်။

(အင်္ဂုတ္တိုရ်ပါဠိ၊ ဒါနဝတ္ထုသုတ်)

## အပြုမိုး၊ အဖျက်မိုး

အခါအားလျော်စွာ ရွာသွန်းသော မိုးကြီးသည် လောကကို ကောင်းကျိုးပြုသည်သာတည်း။

ကောက်ပဲသီးနှံတို့ ရှင်သန် ဖွံ့ဖြိုးရန်လည်းဖြစ်သော၊ အများသူငါတို့ သောက်ရန် - သုံးရန်လည်း ဖြစ်သော ထိုမိုးကြီးကို သူအပေါင်းတို့သည် လိုလားနှစ်သက်ကြကုန်၏။

ဤလောက၌ ပညာရှိသူတော်ကောင်း ပုဂ္ဂိုလ်တဦးတယောက် ပေါ်ပေါက်ခြင်းသည် အခါအားလျော်စွာ ရွာသွန်းသောမိုးကြီးနှင့် တူပေ၏။

အခါမဟုတ်ဘဲ ရွာချသော မိုးသည်ကား ကောက်ပဲသီးနှံ စိုက်ပင် ပျိုးပင်တို့ကိုလည်း ပျက်စီးစေ၏။ လူအများကိုလည်း အနာရောဂါပွားစေ၏။ ထို့ကြောင့် အခါမဟုတ်ဘဲ ရွာချသော ထိုမိုးကို လူအပေါင်းတို့သည်မလိုလားကြကုန်။မနှစ်သက်ကြကုန်။

ဤလောက၌ လူဆိုးလူမိုက် တဦးတယောက်ပေါ်ပေါက်ခြင်းသည် အခါမဟုတ် ရွာချသောမိုးနှင့် တူပေ၏။

(အင်္ဂုတ္တိုရ်ပါဠိ၊ သပ္ပုရိသသုတ်)

## ဆင်ရေချိုး၊ ယုန်ရေချိုး

တောစွန် တောင်ကြား တနေရာ၌ ရေအိုင်ကြီးတခု ရှိရာ၏။ ဆင်ပြောင်ကြီးတကောင်သည် တောကြီးထဲမှ ထိုရေအိုင်ကြီးဆီသို့ ရှေးရှုလာလေ၏။ ထို့နောက် ဆင်ပြောင်ကြီးသည် ရေအိုင်သို့ ဆင်းကာ ရေချိုးသည်။ နားရွက်ကို ရေထဲနှစ်၍၎င်း၊ ကျောကုန်းကို ရေထဲနှစ်၍၎င်း ဆေးကြောလေသည်။ နှာမောင်းဖြင့်ရေကို စုတ်ယူပြီး တဖန် အပေါ်သို့ မှုတ်ထုတ်လေသည်။ ယင်းသို့လျှင် ဆင်ပြောင်ကြီးသည် မြူးတူးစွာ ရေချိုး – ရေကစားပြီးနောက် ရေအိုင်ကြီးမှ တောကြီးဆီသို့ ကျေနပ်နှစ်သက်ခြင်းဖြင့် ထွက်ခွာသွားလေ၏။

ယုန်ငယ်တကောင်သည် ဆင်ပြောင်ကြီး ရေဆင်းချိုးခြင်းကို၎င်း၊ အားရကျေနပ်စွာ ထွက်ခွာသွားခြင်းကို၎င်း ကြည့်လျက်နေရာ၏။ ထိုယုန်ငယ်သည် 'ငါသည်လည်း သူ့လိုပင် ရေချိုးကစားရမှ ကောင်းလေစွ့၊ ပျော်ရွှင် မြူးတူးပေအံ့'ဟု အကြံဖြစ်ပေါ်ရာ၏။

ထိုယုန်ငယ်သည် ဆင်ပြောင်ကြီးနည်းတူ ရေအိုင်သို့ ဆင်း၍ ရေချိုးလေသော် နစ်မြုပ်မှုလည်း နစ်မြုပ်ပေမည်။ မနစ်မြုပ်ဘဲ ပေါ်၍မူလည်း နေပေမည်။

ဤလောက၌အချို့သောပုဂ္ဂိုလ်သည် ဉာဏ်ပညာအားဖြင့်၎င်း၊ အကျင့်သီလအားဖြင့်၎င်း အစဉ်သဖြင့် ဆည်းပူးလာခဲ့၍ ထူးသော ဉာဏ်အမြင်ကို ရရှိရာ၏။ ထို့ကြောင့် သူသည် ပရိသတ်ကင်းရာ ဆိပ်ငြိမ်ရာအရပ်ကို မှီဝဲလျက် သီလဘာဝနာဖြင့် မွေ့လျော်နေရာ၏။

ဥာဏ်ပညာ၊ အကျင့်သီလအားဖြင့် မရင့်ကျက်သေး သူသည် ထိုပုဂ္ဂိုလ်ကို အားကျရုံမျှဖြင့် ထိုပုဂ္ဂိုလ်နည်းတူ လူသူ ပရိသတ်မှ ဒဲခွာ၍ ဆိပ်ငြိမ်ရာတောရပ်သို့ ချဉ်းကပ် နေထိုင်လေသော် ယုန် ငယ်ကဲ့သို့ပင် နစ်မြုပ်မှုလည်း နစ်မြုပ်ပေအံ့၊ မနစ်မြုပ်ဘဲ ပေါ် မှုလည်း ပေါ်ပေအံ့။

ဤအရာ၌ အသိပညာ ဥာဏ်စဉ် တရားထူး၏ ရင့်ကျက်မှု သဘောကို ဥပမာဖြင့်သိရာ၏။ ပက်လက်အိပ်အရွယ် ကလေးငယ် သည် ကျင်ကြီးကျင်ငယ်ဖြင့်ကစား၏။ ထို့နောက် အရုပ်ကလေး များ၊ ပန်းပွင့်ကလေး များဖြင့် ကစား၏။ ထို့နောက်တွင်ကား စယ်ဝှက်-စယ်ခတ်ခြင်းများဖြင့် ကစား၏။ ထိုမှ နောက်တွင်မူ ကျည်းသား ရိုက်ခြင်း၊ ဂွမ်းထိုးခြင်း စသည်ဖြင့် ကစားလေ၏။

ထိုသူငယ်သည် ကစားရွယ်လွန်မြောက်၍ အာရုံ ၆-ပါးကို သိတတ်၊ ခံစားတတ်သည့် အခါတွင်မူ အိမ်ယာ တည်ထောင် လျက် ကာမဂုဏ်စည်းစိမ်ဖြင့် မွေ့လျော်လေရာ၏။

ယင်းသို့ နုရာမှရင့်၍ အဆင့်ဆင့်တည်ဆောက်ခြင်းသည် လမ်း မှန်ကို လျှောက်သည်မည်၏။

[(ဒသကနိပါတ်၊ ဥပါလိသုတ်)]

## ဆင်နွားမောင်းကို မြောက်ချီခြင်း

တောတွင်း၌ မွေ့လျော်ကျက်စားသော ဆင်ပြောင်ကြီးသည် အစာအတွက် စားကျက်သို့သွားလေ၏။ ထိုအခါ ဆင်မများသည် ၎င်း၊ ဆင်ပေါက်- ဆင်ရွယ်- ဆင်ငယ် များသည်၎င်း ဆင်ပြောင် ကြီးနှင့်အတူ လိုက်ပါကြကုန်၏။ ၎င်းတို့သည် ဆင်ပြောင်ကြီး၏

ရှေ့သို့ ကျော်၍ ကျော်၍ တက်သွားကြလျက် မြက်ညွန့်-သစ်ခက်တို့ကို ချိုး၍ချိုး၍ ဖျက်ဆီးကြကုန်၏။

ဆင်ပြောင်ကြီးသည် သစ်ခက်- သစ်ညွန့်တို့ကို နှိမ်၍ ချိုး၍ သွားသည်ရှိသော် ဆင်မ၊ ဆင်ပေါက်၊ ဆင်ရှယ်၊ ဆင်ငယ် ခြံရံ သင်းပင်းတို့က စား၍စား၍ ပစ်ကြကုန်၏။

ဆင်ပြောင်ကြီးသည် ရေသောက်ရန် ရေရှိရာ အရပ်သို့ သွားလျှင် ခြံရံသင်းပင်းတို့သည် လိုက်ပါကြလျက် ရှေ့သို့ ကျော်၍ တက်၍ သွားကြကုန်၏။ ဆင်ပြောင်ကြီးကို တိုးဝှေ့ကြ ကုန်၏။ ရေကိုလည်း အနည် အမှုန်ထ၍ နောက်ကျုအောင် ဆော့ကြ မွှေနှောက်ကြကုန်၏။

ထိုအခါ ဆင်ပြောင်ကြီးသည် ငြီးငွေ့လာ၏။ စိတ်နှလုံး မသာယာခြင်း ဖြစ်လာ၏။

ထို့ကြောင့် ဆင်ပြောင်ကြီးသည် ခြံရံသင်းပင်းတို့နှင့် ဝေးရာသို့ ထွက်ခွာသွားကာ တကိုယ်တည်း မွေ့လျော် ကျက်စားနေလေ၏။

ဆိပ်ငြိမ်ရာ၌ တကိုယ်တည်း နေသော ဆင်ပြောင်ကြီးသည် ခြံရံသင်းပင်း ဆင်အပေါင်းတို့၏ အနှောင့်အရှက်မှ ကင်းရှင်းသဖြင့် ကျေနပ်နှစ်သက်လျက်ရှိ၏။ အစာကို ကောင်းစွာစားရ၍ ငှင်း၊ ရေကိုကောင်းစွာ သောက်ရ- ချိုးရ၍ငှင်း ပျော်မွေ့လျက်ရှိသော ဆင်ပြောင်ကြီးသည် နှာမောင်းကို လေထဲ၌ မြှောက်ချီကာ ပီတိဖြစ်နေလေ၏။

သီလ၊ ဘာဝနာကို အားထုတ်ကျင့်သုံးလိုသော ရဟန်းသည် ရဟန်း ပရိသတ်၊ လူပရိသတ်တို့နှင့် ရောနှောဆက်ဆံလျက် နေ့ရလေ၏။

ထိုသို့ ပရိသတ်ကို အကြောင်းပြု၍ ကိစ္စကြီးငယ်၊ ပြဿနာ ကြီးငယ်တို့နှင့် ရှုပ်ထွေးစွာ တွေကြုံလျက် နေရ၏။

ထိုအခါ ရဟန်းသည် ငြီးငွေ့လာ၏။ စိတ်နှလုံးမသာယာခြင်း ဖြစ်လာ၏။

ထို့ကြောင့် ရဟန်းသည် ပရိသတ်နှင့် ကင်းဝေးရာသို့ ထွက်ခွာလျက် တကိုယ်တည်း ချမ်းမြေ့စွာ နေထိုင်လေ၏။ သီလ၊ ဘာဝနာကို ပွားများ အားထုတ်ရသဖြင့် ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး သန့်ရှင်းလျက်ရှိ၏။ နှစ်သက်-ချမ်းသာခြင်း ပီတိ-သုခဖြင့် မွေ့လျော်ရသော ထိုရဟန်းသည် စျာန်စိတ်ကို မြောက်ချီ စေစားလျက် ရှိသတည်း။

(နဝကနိပါတ်၊ နာဂသုတ်)

## မှန်ကြည့်၍ အလှဆင်ပါ

မိမိကိုယ်ကို လှပအောင် တန်ဆာဆင်ယင် ပြုပြင်လေ့ရှိသော မိန်းမပျိုသည် ကြေးမုံပြင် မှန်ကို ကြည့်လေ၏။ မျက်နှာ၌ မှဲ့-ဝက်ခြံ-အမှိုက်သရိုက်စသော အညစ်အကြေးများ ရှိ-မရှိ၊ အကြိမ်ကြိမ် စစ်ဆေးကြည့်ရှု၏။

မျက်နှာ၌ အညစ်အကြေးများကို တွေ့ရလျှင် သန့်ရှင်းပြေပြစ်ရန် ပြုပြင်ခြယ်မှုန်း၏။ မလျော့သော လုံ့လဝီရိယဖြင့် ပြုပြင်ခြယ်သ၏။

အကယ်၍ ထိုမိန်းမပျိုသည် ကြေးမုံ-မှန်ကို ကြည့်ရာ၌ မျက်နှာတွင် အညစ်အကြေး မပြေပြစ်ခြင်းများကို မတွေ့ရသော်-'ငါသည် သန့်ရှင်း စင်ကြယ်ပေ၏၊ ပြေပြစ် ချောမောပေ၏' ဟူ၍ ရွှင်ပျမြူးတူးလေသည်၊ နှစ်သက်ကြည်နူးလေသည်။

ဤနည်းတူ လူတို့သည် မိမိ၏စိတ်ကို စစ်ဆေး သုံးသပ်ရာ၏။ 'ငါ၏စိတ်သည် လိုချင်တပ်မက်အားကြီး နေသလား၊ ဖျက်ဆီး နှိပ်စက်ချင်နေသလား၊ မလိုမုန်းထား အဘိဇ္ဈာ များနေသလား၊ တွေဝေ မိုက်မဲ၍ နေသလား'စသည်ဖြင့် ကိလေသာ အညစ် အကြေးတို့ လွှမ်းခြုံ မြေးရှက်ခြင်းရှိ-မရှိ စိစစ်သုံးသပ်ရာ၏။

အကယ်၍ ကိလေသာ အညစ်အကြေးတို့ လွှမ်းခြုံ မြေးရှက် လျက်ရှိသော် ပယ်ဖျက်ရှင်းလင်းပစ်ရာ၏။ ကောင်းသော အသိ အမြင်၊ ကောင်းသော အကြံအစည်၊ ကောင်းသော အပြုအမူ စသည့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်တရားဖြင့် ပယ်ဖျက် သုတ်သင်ပစ် ရာ၏။

မိမိ၏ စိတ်အစဉ်သည် ကိလေသာ အညစ်အကြေးတို့မှ ကင်း စင် သန့်ရှင်းလျက် ရှိမူကား ထိုသူသည် 'ငါကား - အရတော် လေစွ၊ စင်ကြယ်သော စိတ်မြတ်စိတ်ကောင်းတို့သည် သာလျှင် ငါ၌ ကိန်းအောင်းရပေစွ'ဟူ၍ နှစ်သက်ဝမ်းမြောက်ရလေ၏။

(ဒသကနိပါတ်၊ သစိတ္တဝဂ်)

## န္ွားကျောင်းသား၏ အရည်အချင်း

ဤလောက၌ နွားကျောင်းသားတို့၏ ဂုဏ်အင်္ဂါ အရည် အချင်း ၁၁-မျိုးရှိ၏။

နွား၏ရုပ်ပုံသဏ္ဍာန်ကို သိခြင်း၊ နွား၏လက္ခဏာ ဆိုးကောင်း ကို ကျွမ်းကျင်သိမြင်ခြင်း၊ နွား၌ ကျရောက်သော ယင်ချေး၊ ဥ- မှတ်ကောင် စသည်ကို ခွာချတတ်ခြင်း၊ နွား၌ ဖြစ်ပေါ်သော အနာကို ဖုံးလွှမ်းကာကွယ်တတ်ခြင်း၊ ခြင်ကောင်ပိုးမွှားတို့မှ ကာ

ကွယ်ရန် မီးဖိုမီးခိုး ဖန်တီးတတ်ခြင်း၊ ရေတိုက်ရန် ဆိပ်ကမ်းကို သိခြင်း၊ နွားများ ရေသောက်ပြီးသည်-မသောက်ပြီးသည်ကို သိတတ်ခြင်း၊ လမ်းခရီးကိုသိခြင်း၊ စားကျက်၌ ကျွမ်းကျင်ခြင်း၊ နို့ညှစ်ရာ၌ သင့်တင့်အောင်ညှစ်တတ်ခြင်း၊ ရှေ့ဆောင်ရှေ့ရွက်ဖြစ်သော နွားကြီးများကို ပိုမို၍ ပူဇော်ရှောက်တတ်ခြင်း။ ဤ ၁၁-မျိုးသော အရည်အချင်း ရှိသူသည် နွားကျောင်းသားကောင်း မည်၏။ နွားတို့၏ကောင်းကျိုးကို ဆောင်ရွက်နိုင်သူ မည်ပေ၏။

ဤ ဂုဏ်အင်္ဂါ အရည်အချင်း ၁၁-မျိုးနှင့် မပြည့်စုံလျှင် နွားကျောင်းသားကောင်း မမည်ပေ။ နွားတို့၏ ကောင်းကျိုးကို ဆောင်ရွက်နိုင်သူ မဟုတ်ပေ။

ထိုနည်းတူပင် လောက၏အကျိုးကို ဆောင်ရွက်သူ ခေါင်းဆောင်ကောင်းတို့သည်လည်း ဂုဏ်အင်္ဂါအရည်အချင်း ၁၁-မျိုးနှင့် ပြည့်စုံကြရပေသည်။

အဘယ် ၁၁-မျိုးတို့နည်း ဟူမူ- ရုပ်ကိုသိခြင်း၊ လက္ခဏာကို သိခြင်း၊ ယင်ချေးဥကို ခွာတတ်ခြင်း၊ အနာကို ဖုံးလွှမ်းတတ်ခြင်း၊ အခိုးထုတ်တတ်ခြင်း၊ ဆိပ်ကမ်းကိုသိခြင်း၊ ရေ သောက်သုံးပြီးသည်ကို သိခြင်း၊ လမ်းခရီးကိုသိခြင်း၊ စားကျက်၌ လိမ္မာကျွမ်းကျင်ခြင်း၊ သင့်တင့်မျှတအောင် နို့ညှစ်တတ်ခြင်း၊ ကြီးသူ၊ မြင့်မြတ်သူတို့ကို ပိုမို၍ ပူဇော်ရှောက်တတ်ခြင်းတို့ပင် ဖြစ်၏။

ဤအရာ၌ ရုပ်ကိုသိခြင်းဟူသည်ကား- မြင်လေသမျှ၊ ကြားလေသမျှ၊ တွေ့ထိလေသမျှသော ရုပ်သဘာဝကို ဟုတ်တိုင်းမှန်ရာ ရှုမြင် သိရှိခြင်းပေတည်း။

ပညာရှိခြင်း- ပညာမဲ့ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း- မိုက်ရိုင်းခြင်း၊ အပြစ်မရှိခြင်း-အပြစ်ရှိခြင်း၊ ကောင်းမြတ်ခြင်း-ဆိုးယုတ်ခြင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းတရား လက္ခဏာကို သိခြင်းပေတည်း။

ကိလေသာ ကာမဂုဏ်ကိစ္စ၌ တွေးတော ကြံစည်မှုကိုရင်း၊ ဖျက်ဆီး-နှိပ်စက်လိုမှု၌ တွေးတော ကြံစည်မှုကိုရင်း၊ အပြစ်ရှိ၍ မကောင်းသော တွေးတောကြံစည်မှုကိုရင်း ပယ်ဖျောက်၏။ လက်ခံခြင်းမပြု။ နောက်တဖန် ငြိတွယ်ကပ်ရောက်ခြင်းမရှိစေရန် တားဆီး၏။ နှင်ထုတ်၏။ ဤသည်ကား ယင်ချေးဥကို ခွာခြင်းမည်၏။

အဆင်း-အသံ-အနံ့-အရသာ-အတွေ့အထိ-စိတ်ကူးဟူသော အာရုံတို့၌ စွဲလမ်းတပ်မက်ခြင်းမရှိအောင် စောင့်ထိန်း၏။ ထိုအာရုံတို့၏ ဆွဲဆောင်ရာနောက်သို့ မလိုက်ပါဘဲ မှန်ကန်သည့်လမ်းစဉ်၌ ရပ်တည်ရန် ဆောက်တည်ကျင့်သုံး၏။ ဤသည်ပင်လျှင် အနာကို ဖုံးအုပ်ခြင်းပေတည်း။

မိမိ သင်ကြားရသော အသိပညာကိုရင်း၊ ကြားနာ-မှတ်သားရသော နည်းကောင်းလမ်းမှန် ကျင့်ဝတ်ကောင်းကိုရင်း သူတပါးအား တဆင့် ပို့ချ-ပြောကြားပေးနိုင်ခြင်းသည် အခိုးထုတ်တတ်ခြင်းပေတည်း။

မိမိ မသိ-မမြင်သေးသော နည်းကောင်းလမ်းမှန်-သဘောတရား-ကျင့်ဝတ်ကောင်းများရှိပါက တတ်သိလိမ္မာ ပညာဉာဏ်ကြီးသူတို့ထံ ချဉ်းကပ်၍ စုံစမ်း၏။ သင်ယူ-နာခံ၏။ ဤသည်ကိုပင် ဆိပ်ကမ်းကို သိခြင်းဟုဆိုရလေ၏။

တတ်သိလိမ္မာ အသိပညာရှိသူတို့က ညွှန်းပြ-သင်ကြားသည်ကို ကောင်းစွာ သဘောပေါက်၏။ သိမြင်-နားလည်၏။ ဤသည်ကား ရေသောက်ပြီးသည်ကို သိတတ်ခြင်းပေတည်း။

မှန်ကန်သော အသိအမြင်-အယူအဲဆရှိခြင်း၊ မှန်သည်ကိုသာ ကောင်းစွာ ကြံစည်တတ်ခြင်း၊ မှန်ကန်သော စကားကိုသာ ကောင်းစွာ ပြောဆိုတတ်ခြင်း၊ မှန်သည်ကိုသာ ကောင်းစွာပြုလုပ်ဆောင်ရွက်တတ်ခြင်း စသည်ကို လမ်းသိသူဟူ၍ ဆိုရ၏။

ခန္ဓာကိုယ်အပေါ်၌ရင်း၊ စိတ်အာရုံအပေါ်၌ရင်း၊ တွေ့ထိခံစားမှုအပေါ်၌ရင်း၊ ဖြစ်ပျက်-ပြောင်းလဲ-ပြုပြင်မှု သဘောတရားအပေါ်၌ရင်း၊ ဟုတ်တိုင်းမှန်ရာ ရှုမြင်တတ်၏။ ဤသည်ပင်လျှင် စားကျက်၌ ကျွမ်းကျင်လိမ္မာခြင်းမည်၏။

မိမိအား သူတပါးက ကူညီခြင်း၊ ပေးကမ်းခြင်း၊ စောင့်ရှောက်ခြင်းတို့၌ လိုအပ်သမျှကိုသာလျှင် ခံယူ၏။ အတိုင်းအရှည်မထားဘဲ ပေးသမျှယူခြင်းကို ရှောင်ကြဉ်၏။ သင့်တင့်လျောက်ပတ်ရုံမျှ ခံယူကျင့်သုံး၏။ ဤသည်ကား သင့်တင့်မျှတအောင် နို့ညှစ်တတ်ခြင်းပေတည်း။

မိမိထက်ပို၍ အသက်သိက္ခာ ကြီးသူ၊ အသိပညာကြီးသူတို့အား ရိုသေလေးစား၏။ မေတ္တာထား၏။ မေတ္တာအရင်းခံ၍ ပြုမူ၏။ ပြောဆို၏။ ကြံစည်၏။ ဤသည်ပင်လျှင် ပိုမို၍ ပြုစုစောင့်ရှောက်ခြင်းမည်။

ယင်းသည့် ဂုဏ်အင်္ဂါအရည်အချင်း ၁၁-မျိုးနှင့် မကိုက်ညီမပြည့်စုံသူသည် ခေါင်းဆောင်ကောင်း မမည်ပေ။ လောက၏ကောင်းကျိုးကို ဆောင်ရွက်နိုင်သူ မဟုတ်ပေ။

(ကောဒသကနိပါတ်၊ ဂေါပါလသုတ်)

## ရေကန်ကြီးနှင့် ချိန်ခွင်

ဤလောက၌ အသက်မွေးမှု မျှတခြင်းရှိသူသည် ချမ်းသာ၏။ ဆင်းရဲငြိုငြင်ခြင်းမှ ကင်း၏။ အသက်မွေးမှု မမျှတသူကား ဆင်းရဲငြိုငြင်စွာနေရ၏။

'ငါ့၌ စီးပွားဥစ္စာ တိုးပွားမှု(ဝင်ငွေ)သည် ဤမျှရှိ၏။ ဤမျှလောက်သုံးစွဲလျှင် မည်မျှ ကျန်ရှိမည်၊ ဤမျှလောက် သုံးစွဲလျှင်ကား မကျန်ရှိနိုင်၊ ထို့ထက်ပို၍ သုံးစွဲလျှင်မူ ကြွေးတင်လိမ့်မည်' ဤသို့ ဆင်ခြင်၍ သိတတ်သူသည် အသက်မွေးမှု မျှတသူမည်၏။

ရာဇူကိုင် ချိန်ခွင်သမားသည် ချိန်ခွက် ၂-ခွက်၌ ကုန်ပစ္စည်းထည့်၍ ချိန်ရာတွင် ချိန်ခွင်လျှာ မည်သည့်ဘက်သို့ ထွက်လာမည်ကို သိမြင်သကဲ့သို့တည်း။

ရေကန်ကြီးတကန်ကို ကြည့်ပါ။ ရေဝင်ပေါက်လည်း ရှိ၏။ ရေထွက်ပေါက်လည်းရှိ၏။ ရေဝင်ပေါက်ကို ဖွင့်ထားလျက် ရေထွက်ပေါက်ကို ပိတ်ဆို့ထားသော်၊ မိုးလည်း ရွာသွန်းသော် ထိုရေကန်၌ ရေသည် တိုးပွား ပြည့်ဖြိုးလာမည်သာ ဖြစ်၏။

အကယ်၍ ရေဝင်ပေါက်ကို ပိတ်၍ ရေထွက်ပေါက်ကို ဖွင့်ထားပါမူ၊ မိုးလည်း မရွာသွန်းပါမူ ထိုရေကန်၌ ရေသည် လျော့နည်း ကုန်ခန်းမည်သာဖြစ်၏။

(အင်္ဂုတ္တရနိပါတ်၊ ဒီဃဇာဏုသုတ်)

## အဟောင်းစိစစ်၊ အသစ်ဖွေရှာ

နွားမတကောင်သည် မိမိကျက်စားနေကျစားကျက်နယ်မြေမှ လွန်၍ အခြား စားကျက်နယ်မြေသို့ ကူးသွား၏။ 'ငါသည်

မရောက်ဘူးသေးသော နေရာသို့ ရောက်ရမှု ကောင်းလေစွ၊ မစားဘူးသေးသော မြက်များကို စားရမှု ကောင်းလေစွ၊ မသောက်ဘူးသေးသော ရေအိုင် ရေတွန်တို့၌သောက်ရမှု ကောင်းလေစွ'ဟူ၍ နွားမ စိတ်ကူးကြံစည်မိ၏။

ထိုနွားမသည် နယ်မြေကို မကျွမ်းကျင်။ ခရီးလမ်းကိုလည်း မကျွမ်းကျင်။

ချိုင့်ဝှမ်း-ကုန်းမြင့် မညီညွတ်ရာအရပ်၌ ရှေ့ခြေ ၂-ချောင်းကို မည်သို့ အခိုင်အမာ စွဲမြဲ၍ နောက်ခြေ ၂-ချောင်းကို မည်သို့ လှမ်းကြွရမည်ဟူသော ဒေသအလိုက် သွားလာမှုကိုလည်း ထိုနွားမ မသိတတ်။

ထို့ကြောင့် ထိုနွားမသည် စားကျက်သစ် နယ်မြေသို့လည်း မရောက်နိုင်။ စားကျက်ဟောင်း နယ်မြေသို့လည်း ပြန်မရောက်နိုင်။ မျက်စိလည် လမ်းမှားကာ ဆင်းရဲပင်ပန်းရလေ၏။

ဤလောက၌ အချို့သောသူသည် မိမိ ရရှိထားပြီးဖြစ်သော ကောင်းကျိုးချမ်းသာထက် ပိုလွန်၍ တဆင့်တက်ကာ အလိုရှိ၏။

ထိုသူသည် ရရှိထားပြီးဖြစ်သော လက်ရှိအခြေအနေ ကောင်းကျိုးချမ်းသာကို မယိုယွင်းစေဘဲ-ခိုင်မြဲအောင် ဆောက်တည် ထိန်းသိမ်းနိုင်စွမ်း မရှိပြီးအဲ့၊ လက်ရှိထက် တဆင့် ပိုလွန်သော ကောင်းကျိုးချမ်းသာကို ရရှိပိုင်နိုင်ကြောင်း နည်းလမ်းကောင်းကိုလည်း သိမြင်ကျွမ်းကျင်မှု မရှိပြီးအဲ့၊ ထိုသူ၏ အလိုဆန္ဒသည် ပျက်စီးရ လိမ့်မည်။ ကောင်းကျိုး ချမ်းသာ အသစ် ကိုလည်း ရမည်မဟုတ်။အဟောင်းသည်လည်း ယိုယွင်း ဆုတ်ယုတ်မည်သာ ဖြစ်၏။

((နဝကနိပါတ်၊ ဂါဝီ ဥပမာသုတ်)

## ရေထဲက အန္တရာယ် ၄-မျိုး

မြစ်-ပင်လယ်ပြင်ထဲသို့ ဆင်းသက်သူအား မုချကေန် တွေ့ကြုံရမည့် ဘေးအန္တရာယ်သည် ၄-မျိုး ရှိ၏။

လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ ဝဲဂယက်ဘေး၊ လပိုင်ဘေးတို့ ပေတည်း။

အိမ်ယာ တည်ဆောက်သော လူ့ဘောင်မှ အိမ်ယာမတည်ထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်သူအား မုချစောန် တွေ့ကြုံရမည့် ဘေးအန္တရာယ်သည်လည်း ၄-မျိုး ရှိပေ၏။

လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ ဝဲဂယက်ဘေး၊ လပိုင်ဘေးတို့နှင့် အလားတူစွာ ဥပမာဆိုရာ၏။

ဤလောက၌ အချို့သော ယောကျ်ားသည် လူ့ဘောင်၏ လူမှုဒုက္ခအဝဝနှင့်တကွ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းဟူသော ဆင်းရဲပင်ပန်းမှုတို့ကို သင်ခြင် ထိတ်လန့်မိသဖြင့် ရဟန်းဘောင်သို့ ကူးပြောင်းလေ၏။

ထိုရဟန်းသစ်အား သိက္ခာအားဖြင့်ကြီးကုန်သော ကျောင်းရှိ ရဟန်းတို့က နေ့ထိုင်ကျင့်သုံးမှု၌ ဆုံးမပြောကြားကုန်၏။ သင်္ကန်းဝတ်ပုံ၊ နေထိုင်သွားလာပုံတို့၌ ရဟန်းကျင့်ဝတ်နှင့် ညီစေရန် သွန်သင် ပြောဆိုကြကုန်၏။

ထိုအခါ ရဟန်းသစ်သည် 'ငါ့အောက်ငယ်ကုန်သော သူတို့ကလည်း ငါ့ကိုဆုံးမကြကုန်၏။ အမျိုးမျိုး ညွှန်ပြပေးကြ ကုန်၏။ ငါသည် လူ့ဘောင်မှာရှိစဉ်က သူတပါးကို ဆုံးမသွန်သင်ခဲ့သူပင်

ဖြစ်လျက် ယခု ငါ့ကို စကားအားဖြင့် လွှမ်းမိုးချုပ်ချယ် ကြကုန်၏ တကား’ဟူ၍ အမျက်ဒေါသဖြစ်လေ၏။ အမျက်ဒေါသ ဖြစ်ပွားသဖြင့် ဆင်းရဲ ပင်ပန်းခြင်း ဖြစ်ရလေ၏။ ထိုရဟန်းသည် မကြာမီပင် လူဝတ်လဲကာ နေအိမ်သို့ ပြန်ကပ်လေ၏။

ထိုရဟန်းသစ်၏ မခံချင်သောစိတ်ဖြင့် အမျက်ဒေါသဖြစ်ပွားခြင်းကို‘လှိုင်းတံပိုး’ ဘေးအန္တရာယ်ဟူ၍ ခေါ်ဆိုရလေသည်။

ဤလောက၌ အချို့သော ယောကျ်ားသည် လူ့ဘောင်ကို ငြီးငွေ့သဖြင့် ရဟန်းဘောင်သို့ ကူးပြောင်းလေ၏။

ထိုရဟန်းသစ်အား ကျောင်း၌ရှိနှင့်ပြီးသော သီတင်းသုံးဖော် ရဟန်းတို့က စားသောက်မှု ဆိုင်ရာကို သွန်သင် ဆုံးမကြကုန်၏။ “ဤအစာကို နံနက်ချိန်မှသာ စားရာ၏။ မွန်းလွဲချိန်၌မစားရာ၊ ဤအစာကား ခံဖွယ်တည်း၊ မလျက်ရာ၊ မသောက်ရာ၊ ဤအစာသည် သင့်အဖို့မအပ်။ မသုံးဆောင်ရာ” စသည်ဖြင့် ရဟန်း ကျင့်ဝတ်နှင့် ညီစေရန် ဆုံးမ ပြောကြားကြကုန်၏။

ထိုအခါ ရဟန်းသစ်သည် “ဤရဟန်းတို့သည် ငါ၏ခံတွင်းကို ပိတ်ဆို့ကြကုန်၏။ သူတပါးပေးလှူသည်ကို မစားရ၊မသောက်ရ၊ မလျက်ရဟု တားဆီး ပိတ်ပင်ကြကုန်၏။ ရှေးလူဖြစ်စဉ်ကမူ ငါသည် နံနက်-နေ့-ညဥ့်ဟူ၍ ရှောင်ရန်မလို။ အလိုရှိရာကို စားသောက် နိုင်ခဲ့၏။ ယခုသော် ငါ၏ခံတွင်းကိုပိတ်ဆို့ထားကြသည် တကား”ဟူ၍ အမျက်ဒေါသဖြစ်၏။ စိတ်မချမ်းမြေ့ခြင်း၊ ပင်ပန်း ဆင်းရဲခြင်း ဖြစ်၏။ ထို့ကြောင့် လူဝတ်လဲကာ အိမ်ပြန်လေ၏။

ထိုရဟန်းသစ်၏ ဝမ်းစာအရေး ပူဆွေးဒေါသဖြစ်ပွားခြင်းကို 'မိကျောင်းဘေး'ဟူ၍ ဆိုရလေသည်။

ဤလောက၌ အချို့သော ယောကျ်ားသည် လူ့ဘောင်ကို ငြီးငွေ့သဖြင့် ရဟန်းဘောင်သို့ ကူးပြောင်းလေ၏။ ထိုရဟန်းသစ်သည် နံနက်ချိန်၌ သပိတ်ပိုက်ကာ ရပ်ထဲရွာထဲသို့ ကူ့ခြေ မစောင့်စည်းဘဲ ဆွမ်းခံဝင်၏။ ထိုအခါ ရပ်ထဲရွာထဲရှိ အချို့သူများမှာ ကာမဂုဏ်အာရုံအားဖြင့် တင့်တယ် စံပယ်လျက်ရှိခြင်းကို တွေ့မြင်၏။ ထိုရဟန်းအား ငါသည်လည်း ရှေးက ဤသို့ပင် စည်းစိမ် ခံစားခဲ့၏။ ငါ့၌စည်းစိမ်ခံစားရန်ရှိသည်သာတည်း။ ဤသို့ကာမဂုဏ်စည်းစိမ်ကို ခံစားရင်း ကုသိုလ်ကောင်းမှုပြုလျက် နေရသော် ကောင်းလေစွ'' ဟု အကြံဖြစ်ကာ လူဝတ်လဲလေ၏။

ထိုရဟန်းသစ်၏ အာရုံငါးပါး၌ ငြိတွယ်ခြင်းကို 'ဝဲဂယက်ဘေး'ဟု ဆိုရလေသည်။

ဤလောက၌ အချို့သော ယောကျ်ားသည် လူ့ဘောင်ကို ငြီးငွေ့သဖြင့် ရဟန်းအဖြစ်သို့ ကူးပြောင်းလေ၏။ ထိုရဟန်းသစ်သည် နံနက်ချိန်၌ သပိတ်လက်စွဲလျက် ရပ်ထဲရွာထဲသို့ ဆွမ်းခံဝင်၏။ ကိုယ်-နှုတ်-စိတ်တို့ကို မထိန်းချုပ် မစောင့်စည်း သဖြင့် မာတုဂါမတို့ကို ကြည့်မိမြင်မိ၏။ မလုံမခြုံ ဝတ်ရုံထားသော မာတုဂါမတို့ကို မြင်သော် ထိုရဟန်းသည် တပ်မက်ခြင်း ရာဂ နှိပ်စက်သဖြင့် လူဝတ်လဲ၍ နေရင်းအိမ်သို့ ပြန်လေ၏။

ထိုရဟန်း၏ မာတုဂါမတို့ကို ရာဂဖြင့် တပ်မက် စွဲလမ်းခြင်းသည် 'လပိုင်ဘေး' မည်သတည်း။

[(စတုက္ကနိပါတ်၊ ဦမိဘာယသုတ်)]

## အညစ်အကြေး

သံ၊ ကြေး၊ ခဲမဖြူ၊ ခဲပုပ်၊ ငွေ-တည်းဟူသော ဤ ၅-မျိုးတို့သည် ရွှေ၏အညစ်အကြေးများဖြစ်၏။

ရွှေသည် ဤ ၅-မျိုးတို့ကြောင့် ညစ်နွမ်း၏။ မာကျောကြွပ်ဆတ်၏။ လက်ကောက်၊ နားတောင်းစသည် ပြုလုပ်ရန် အသင့်မဖြစ်ပေ။

ထို ၅-မျိုးတို့ ကင်းစင်မှုကား ရွှေသည် အရောင်လည်း ထွက်၏။နူးညံ့ပျော့ပျောင်းခြင်းလည်းရှိ၏။လက်ကောက်၊ နားတောင်းစသည် ပြုလုပ်ရန် အသင့်လည်း ဖြစ်လေ၏။

ထိုနည်းတူပင် စိတ်၏အညစ်အကြေးတို့သည် ၅-မျိုး ရှိ၏။

ကာမဂုဏ်ကို လိုလားမှု ဟူသော ကာမစ္ဆန္ဒ၊ နှိပ်စက် ဖျက်ဆီးလိုမှုဟူသော ဗျာပါဒ၊ လေးလံ ထိုင်းမှိုင်းမှုဟူသော ထိနမိဒ္ဓ၊ မတည်ငြိမ်-ပျံ့လွင့်မှုနှင့် နောင်တ ပူပန်မှုဟူသော ဥဒ္ဓစ္စ-ကုက္ကုစ္စ၊ မဝေခွဲနိုင်မှုဟူသော ဝိစိကိစ္ဆာ။ ဤ ၅-မျိုးတို့ပေတည်း။

ဤ ၅-မျိုးတို့ကြောင့် စိတ်သည် ညစ်နွမ်း၏။ နူးညံ့သိမ်မွေ့မှု မရှိ၊ အကြည်ဓာတ် အလင်းရောင် ကင်းမဲ့၏။ ထို့ကြောင့် ထူးသောဉာဏ်ဖြင့် တစုံတခုသော လမ်းမှန်-တရားမှန်ကို သိမြင်ရန်၊ မျက်မှောက်ပြုရန် စိတ်ညွတ်ခြင်း မရှိနိုင်ပေ။

(ပဉ္စကနိပါတ်၊ ဥပက္ကိလေသသုတ်)

## စမ်းရေအိုင်၏ စွတ်စိုခြင်း

စိမ့်ရေဖြင့် ပြည့်လျက်ရှိသော စမ်းရေအိုင်ကြီးကို ကြည့်ပါ။ ရေဝင်ပေါက်ဟူ၍ မရှိပေ။ အရပ် ၄-မျက်နှာ မည်သည့်ဘက်ကမျှ ရေဝင်ပေါက်မရှိပေ။ မိုးရွာသွန်းခြင်းလည်းမရှိပေ။

သို့ဖြစ်သော်လည်း ထိုစမ်းအိုင်ကြီး၌ ရေရှိနေပေသည်။ စိမ့်၍ ထွက်သော ရေတို့တည်း။

ထိုရေသည် မြေ၏။ အိုင်ကြီးတခုလုံးသည် စွတ်စိုလျက်ရှိ၏။ ထိုအိုင်ကြီးသည် နေရာမလပ် ပျံ့နှံ့ စွတ်စိုလျက်သာ ရှိလေ၏။

ထိုနည်းတူပင် တရားအားထုတ်သော ပုဂ္ဂိုလ်သည် ကိလေသာ အညစ်အကြေးတည်းဟူသော မကောင်းမှုတို့ကို နှိမ်နင်းပယ်ဖျက် ပြီးသဖြင့် တည်ကြည်ခြင်း သမာဓိကို ကောင်းစွာရ၏။

ထိုသမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း 'ပီတိ'နှင့် ချမ်းသာခြင်း သုခကို ထိုပုဂ္ဂိုလ်သည် ခံစားရ၏။ ပီတိနှင့် သုခသည် တကိုယ်လုံး၌ ပျံ့နှံ့၍ဖြစ်ပေ၏။ နေရာလပ်ဟူ၍မရှိအောင် ပျံ့နှံ့ ဖြစ်ပေလေ၏။

(ပဉ္စကနိပါတ်၊ ပဉ္စင်္ဂိကသုတ်)

## ရေအိုး၊ ရေကန်၊ မြင်း

မြေညီရာအရပ်၌ ရေအပြည့်ရှိသော အိုးကြီးကို ကရွတ်ဖြင့် ကောင်းစွာတည်ထား၏။ အားကောင်းသော ယောကျ်ားသည် ထိုရေအိုးကြီးကို မည်သည့်ဘက်သို့ဖြစ်စေ စောင်းငဲ့သွန်ချသော် ရေသည် ထွက်ကျသည်သာဖြစ်၏။

မြေညီရာအရပ်၌ ကန်ပေါင်ရိုးတို့ဖြင့် ဖွဲ့ထားသော ရေကန် ကြီးသည်ရေပြည့်လျက်တည်ရှိ၏။အားကောင်းသော ယောကျ်ား သည် ထိုရေကန်ကြီး၏မည်သည့်ဘက်ကဖြစ်စေ ကန်ပေါင်ရိုးကို တူးဖို့ဖွင့်ထုတ်သော် ရေတို့သည် စီးထွက်သည်သာဖြစ်၏။

ကျွမ်းကျင်သော မြင်းဆရာသည် လမ်း ၄-ခုဆုံရာ အရပ်၌ မြင်းကိုစီးလျက် တည်ရှိနေ၏။ ထိုမြင်းဆရာသည် မိမိသွားလိုရာ အရပ်သို့ မြင်းကို မောင်းနှင်နိုင်သည်သာဖြစ်၏။ တဖန်ပြန်လှည့်၍လည်း မောင်းနှင်နိုင်သည်သာဖြစ်၏။

ထိုနည်းတူပင် ကောင်းမြတ်သော တည်ကြည်ခြင်း သမ္မာသမာဓိကို အဖန်တလဲလဲ ပွားများဆောက်တည်၍ ထူးသော ဉာဏ်အမြင်ရှိသော ပုဂ္ဂိုလ်သည် တစုံတခုသောတရားကို မျက်မှောက်ပြုရန် (တွေ့ရှိသိမြင်ရန်) စိတ်ကို ညွတ်စေနိုင်သည်သာ ဘည်း။

[(ပဉ္စကနိပါတ်၊ ပဉ္စင်္ဂိကသုတ်)]

## သူရဲကောင်း ၅-ယောက်

အချို့သော သူရဲကောင်းသည် တာဝန်အားလျော်စွာ စစ်မြေပြင်သို့ထွက်ခဲ့၏။ လက်နက်စွဲကိုင်လျက် တဖက်ရန်သူကိုတိုက်ခိုက်လေ၏။ ယင်းသို့ တိုက်ခိုက်ရင်းပင် စစ်ပွဲ၌ကျဆုံးသွားရ၏။ ဤကား ပထမ သူရဲကောင်းတည်း။

ဒုတိယ သူရဲကောင်းကား စစ်မြေပြင်သို့ထွက်ခဲ့၍ တိုက်ခိုက်ခြင်း ဒဏ်ရာရရှိ၏။ ထိုသူရဲကောင်းအား အဖော်စစ်သည်တို့က မိမိတို့စစ်တပ်ရှိရာသို့ယူဆောင်၏။ ထို့နောက် သူ၏မိဘဆွေမျိုးများထံ ပို့ဆောင်သောအခါ လမ်းခရီး၌ပင် သေဆုံးသွားလေ၏။

တတိယ သူရဲကောင်းကား စစ်မြေပြင်သို့ထွက်ခဲ့၍ တိုက်ခိုက်ခြင်း ဒဏ်ရာရရှိ၏။ ၎င်းအား အဖော်စစ်သည်တို့က မိမိတို့ စစ်ဘပ်သို့ ယူဆောင်လျက် တဖန် သူ၏မိဘဆွေမျိုးများထံ ပို့ဆောင်

လေ၏။ မိဘဆွေမျိုးတို့က စောင့်ရှောက်ပြုစုပေးစဉ်၌ပင် ထို သူရဲကောင်းသည် သေဆုံးသွားလေ၏။

စတုတ္ထ သူရဲကောင်းကား စစ်မြေပြင်သို့ထွက်ခဲ့၍ တိုက်ခိုက် ရင်း ဒဏ်ရာရရှိ၏။ အဖော်စစ်သည်တို့က ၎င်းအား မိမိတို့ စစ် တပ်သို့ ယူဆောင်လျက် တဖန် သူ၏မိဘဆွေမျိုးများထံပို့ဆောင် လေ၏။ မိဘဆွေမျိုးများက ပြုစုစောင့်ရှောက်သဖြင့် ဒဏ်ရာ ပျောက်ကင်းသွားလေ၏။

ပဥ္စမသူရဲကောင်းကား စစ်မြေပြင်သို့ထွက်ခဲ့၍ တဖက် ရန်သူ တို့ကို တိုက်ခိုက်ရာ အောင်မြင်သွားလေ၏။ ထိုသူရဲကောင်းသည် စစ်အောင်နိုင်သူဖြစ်၍ ထိုစစ်မြေပြင်အရပ်ကို စိုးအုပ်ရလေ၏။

ဤသာသနာတော်၌ အချို့သော ရဟန်းသည် နံနက်ချိန်တွင် ရပ်ထဲ ရွာထဲသို့ ဆွမ်းခံဝင်၏။ ကိုယ်-နှုတ်-စိတ် ဟူသော ဣန္ဒြေ ၃-ပါးကို မစောင့်စည်းမူ၍သာလျှင် ဆွမ်းခံဝင်၏။ ထိုရဟန်း သည် မလုံမခြုံ ဝတ်ဆင် ထားသော မာတုဂါမကို မြင်သော ကြောင့် ကာမစိတ် ဖြစ်ပေါ်လာ၏။ စွဲမက်ခြင်းရာဂကို မချုပ် တည်းနိုင်။ ထို့ကြောင့် သိက္ခာမချ၊ လူဝတ်မလဲတော့ဘဲ မေထုန် မှီဝဲလိုက်လေ၏။ ပထမ စစ်သူရဲကောင်းနှင့် တူသတည်း။

အချို့သောရဟန်းကား ဣန္ဒြေမစောင့်စည်းဘဲ ရပ်ထဲ ရွာထဲ သို့ ဆွမ်းခံဝင်၍ မာတုဂါမကို တွေ့မြင်သောအခါ တပ်မက်ခြင်း ရာဂစိတ် ဖြစ်ပေါ်သော်လည်း ဤသို့အကြံဖြစ်၏။ "ငါသည် ကျောင်းသို့ပြန်သွားမည်၊ အခြားသော အတူနေ ရဟန်းတို့အား 'အကျွန်ုပ်သည် ရာဂစိတ်ဖြစ်ပွားသဖြင့် ရဟန်းတရားကို မကျင့် သုံးနိုင်တော့ပါ၊ သိက္ခာချ၍ လူဝတ် လဲပါတော့မည်'ဟု ဝန်ခံ

ပြောကြားမည်”ဟု အကြံ ဖြစ်ပေါ် လာ၏။ ထိုရဟန်းသည် ယင်းသို့ကြံမိ၍ ကျောင်းသို့ ပြန်လာသော်လည်း ကျောင်းသို့ ကား မရောက်။လမ်း၌ပင် သိက္ခာချ လူဝတ်လဲလိုက်လေတော့၏။ ဒုတိယ သုရဲကောင်းနှင့် တူသူတည်း။

အချို့သောရဟန်းကား ဣန္ဒြေကိုမစောင့်စည်းဘဲ ရပ်ထဲရွာထဲသို့ ဆွမ်းခံဝင်၍ မာတုဂါမကို မြင်သောအခါ ကာမစိတ် ဖြစ်ပေါ်၏။ တပ်မတ်စွဲလမ်းမိ၏။ သို့သော် ထိုရဟန်းသည် မိမိ နေဆိုင်ရာ ကျောင်းသို့ ပြန်သွား၍ အတူနေ ရဟန်းတို့အား ဝန်ခံပြောဆို၏။ “အကျွန်ုပ်သည် မာတုဂါမကို စွဲလမ်းတပ်မက်သဖြင့် မြတ်သော အကျင့်ကို မကျင့်နိုင်တော့ပါ။ လူဝတ် လဲပါတော့မည်”ဟု ဝန်ခံပြောဆို၏။ ထိုအခါ ရဟန်းတို့က “ငါ့ရှင်၊ လူဝတ် မလဲပါနှင့်၊ ကာမဂုဏ်တို့သည် အပြစ်များလှပါ၏။ ဆင်းရဲပင်ပန်းခြင်း များလှပါ၏။ကာမဂုဏ်တို့သည် အသားမကပ်သော အရိုးနှင့်တူသည်ဟုရင်း၊ အသားတစ်နှင့် တူသည်ဟုရင်း၊ ကောက်ရိုးမီးနှင့် တူသည်ဟုရင်း၊ မီးကျီးတွင်းနှင့်တူသည်ဟုရင်း၊ကာမဂုဏ်တို့၏ ဆိုးပြစ်ကို မြတ်စွာဘုရား ညွှန်ပြထားသည် မဟုတ်လော” ဟူ၍ ဆိုဆုံးမကြကုန်၏။ ယင်းသို့ ဆိုဆုံးမကြ သော်လည်း ထိုရဟန်းသည် ကာမစိတ်ရာဂစိတ်ကို မချုပ်တည်းနိုင်သဖြင့် လူဝတ်လဲလေ၏။ တတိယ သုရဲကောင်းနှင့် တူသူတည်း။

အချို့သောရဟန်းကား ဆွမ်းခံဝင်၍ မာတုဂါကို တွေ့မြင်၊ ကာမရာဂစိတ်ဖြစ်ပေါ်၊ ကျောင်းသို့ ပြန်သွား၊ အတူနေရဟန်းတို့အား ဝန်ခံပြောကြား၏။ အတူနေ ရဟန်းတို့က – “ငါ့ရှင်၊ ကာမရာဂသည် ပူလောင်နှိပ်စက်တက်ပါ၏၊ ဆင်းရဲပင်ပန်းလှပါ

၏၊ လူဝတ်မလဲပါနှင့်၊ ကာမရာဂသည် အိပ်မက်နှင့် တူသည်ဟု ၎င်း၊အသီးရှိသော သစ်ပင်နှင့်တူသည်ဟု၎င်း၊ စဉ်းတီးတုံးနှင့် တူသည်ဟု၎င်း၊ တံစို့တံကျင်နှင့်တူသည်ဟု၎င်း၊မြတ်စွာဘုရားညွှန်ပြထားသည်မဟုတ်လော၊ကာမရာဂ၏ဆိုးပြစ်ကို ရှုမြင်သုံးသပ်ပါ၊ လူမထွက်ပါနှင့်”ဟု ဆိုဆုံးမကြကုန်၏။ ထိုရဟန်းသည် ကာမရာဂစိတ်ကို ချိုးနှိမ်လိုက်နိုင်သဖြင့် ရဟန်းအဖြစ်၌ပင် ဆက်လက်တည်နေ၏။ လူဝတ်မလဲတော့ပေ။ စတုတ္ထ သူရဲကောင်းနှင့်တူသူတည်း

အချို့သောရဟန်းကား ရပ်ထဲရွာထဲသို့ ဆွမ်းခံဝင်ရာ၌ ကိုယ်-နှုတ်-စိတ်ဟူသော ဣန္ဒြေတို့ကို ကောင်းစွာစောင့်စည်း၏။ မလုံ့ဘလုံ ဝတ်ဆင်ထားသော မာတုဂါမကို မြင်သော်၎င်း၊ ပြုံးရယ်မြူဆွယ်သည်ကိုမြင်သော်၎င်း၊ သာယာ နာပျော်ဘွယ် အသံကိုကြားသော်၎င်း တုန်လှုပ်ခြင်းမဖြစ်။ ကြံ့ကြံ့ခံနိုင်၏။ ‘အဆင်းအသံ၊ အနံ့စသော အာရုံတို့သည် မမြဲကုန်။ ဖြစ်ပျက်-ပြု-ပြင်ပြောင်းလဲ ဖောက်ပြန်ခြင်း သဘောရှိကုန်၏’ဟု အမြင်မှန်ဖြင့် ရှုမြင်သုံးသပ်၏။ ဆွမ်းခံခြင်းကိစ္စပြီးသော် မိမိလိုရာ အရပ်သို့ ထွက်ခွာသွားလေ၏။ ပဉ္စမ သူရဲကောင်းနှင့်တူသူတည်း။

(ပဉ္စကနိပါတ်၊ ဒုတိယ ယောဓာဇီဝသုတ်)

## မြှော်လင့်ခြင်း

မြင်းတကောင်သည် ဤသို့ စိတ်ကူးမိ၏။ ‘လူတို့သည် အာဇာနည်မြင်းကောင်းကို အစာကောင်းကောင်း ကျွေးကြသည်၊ သန့်ပြန့်ကောင်းမွန်သောနေရာ၌လည်း ထားကြသည်၊ ပွတ်သပ် နှိပ်

နယ်ခြင်း စသည်ဖြင့်လည်း ကောင်းစွာပြုစုပေးကြသည်၊ ယုယ ကြင်နာစွာလည်း ဆက်ဆံကြသည်၊ ငါ့ကိုလည်း ဤသို့ပင်လျှင် ကျွေးမွေးပြုစု-ဆက်ဆံကြပါမူ ကောင်းလေစွ'

ယင်းသို့ စိတ်ကူး၍ လိုချင်တောင့်တသောမြင်းကား အချည်း နှီးသာဖြစ်၏။ လိုအင်ဆန္ဒမပြည့်ပေ။ အကြောင်းမူကား လူတို့ သည် ထိုမြင်းကို ကောင်းစွာသိသောကြောင့်တည်း။ ထိုမြင်းသည် အာဇာနည် မြင်းကောင်းကဲ့သို့ ယဉ်ကျေး လိမ္မာသည် မဟုတ်၊ အပြစ်ကင်းသော ရုပ်ဆင်း လက္ခဏာ ရှိသည်လည်း မဟုတ်၊ စွမ်းဆောင်နိုင်သော အရည်အချင်း စွမ်းအင်လည်း မရှိသည်ကို ကောင်းစွာ သိသောကြောင့်တည်း။

ထိုနည်းတူပင် ဤလောက၌ အချို့သောသူသည် အတူနေ ပတ်ဝန်းကျင်ပရိသတ်၏ ရိုသေလေးစားမှုကို ခံယူလို၏။ ကူညီ စောင့်ရှောက်မှုကို ခံယူလို၏။

ထိုသူ၏ လိုချင် တောင့်တမှုကား အချည်းနှီးသာ ဖြစ်၏။ အကြောင်းမူကား ပရိသတ်သည် ထိုသူကိုကောင်းစွာသိနေသော ကြောင့်တည်း။ အကျင့်သီလနှင့်ပြည့်စုံသူလည်းမဟုတ်၊ အများ သူငါအတွက် အကျိုးပြုနိုင်စွမ်းသူလည်း မဟုတ်သောကြောင့် ပေတည်း။

(ဒသကနိပါတ်၊ နပ္ပိယသုတ်)

## အရှုးစကား

ခင်မင်ရင်းနှီးသော မိတ်ဆွေ ၂-ဦးရှိလေ၏။ မိတ်ဆွေတဦးက ကျန်တဦးကို ဤသို့ ပြောလေသည်။

"ငါ့မှာ ရွှေငွေပစ္စည်းပေါများ၏။ သင့်မှာ ကိစ္စကြီးငယ်ရှိ၍ လိုအပ်လျှင်ပြောပါ၊ ကူညီပေးကမ်းပါမည်"ဟု ပြောလေသည်။

ထိုကြောင့် ကျန်မိတ်ဆွေတဦးက အကြောင်းပေါ်ပေါက်၍ ရွှေဖြစ်စေ၊ ငွေဖြစ်စေ ထုတ်ပေးရန် အကူညီတောင်း၏။

ထိုအခါ ဖိတ်ကြွားထားသောမိတ်ဆွေက "သူငယ်ချင်း၊လာပါ-ဟောသည်နေရာမှာ တူးဖော်ပါ၊ ငါ့ရွှေ-ငွေတွေရှိပါသည်" ဟု ဆိုလျက် မြေကြီးတနေရာ၌ ညွှန်ပြ၏။

ငွေလိုသောမိတ်ဆွေက တူးဆွလေသည်။ သို့သော် ဘာမျှမတွေ့ရ။ "မိတ်ဆွေ၊ သင် မဟုတ်တာပြောတာဘဲ၊ ဘာမှလဲမတွေ့ပါကလား"ဟု ဆို၏။

"မဟုတ်တာမပြောပါဘူး၊ ဟောသည်နေရာမှာ တူးပါအုံး" ဟူ၍ဆိုကာ အခြားတနေရာကို ညွှန်ပြပြန်၏။

ငွေလိုသော မိတ်ဆွေသည် ညွှန်ပြသည့်နေရာကို တူးပြန်၏။ သို့သော် ဘာမျှမတွေ့ရ။ "မိတ်ဆွေ၊ သင်မမှန်တာတွေ ပြောပြန်ပြီ၊ ဘယ်မှာလဲ ရွှေ-ငွေ" ဟူ၍ ပြစ်တင် ပြောဆိုပြန်၏။

ယင်းသို့ဖြင့် တနေရာမှ တနေရာသို့ ပြောင်းရွှေ့ ညွှန်ပြကာ တူးဖော်စေသော်လည်း အချည်းနှီးသာဖြစ်၏။ ဘာပစ္စည်းမျှမရရှိပေ။

ထို့ကြောင့်-"မိတ်ဆွေ၊ သင်သည် ငါ့ကိုလိမ်လည်ပြောကြားခြင်းပေတည်း၊ မမှန်သော စကားကို ဆိုခြင်းပေတည်း" ဟူ၍ ပြစ်တင် ရှုတ်ချလေ၏။

( 10 )

"အဆွေ၊ ငါသည် သင့်ကို လိမ်လည်ပြောကြားခြင်း မဟုတ်ပါ၊ မမှန်သောစကားကို ဆိုခြင်းလည်းမဟုတ်ပါ၊ စင်စစ်သော် ငါသည် ရှုးသွပ်သူပါတည်း"ဟု ဆိုလေ၏။

ထိုနည်းတူပင် ဤလောက၌ အချို့သောသူသည် မိမိ၌မရှိသည်ကို ဝင့်ဝါမော်ကြွားကာ ရှိသည်ဟု ဆိုတတ်၏။

'ငါကား မည်သို့သောအတတ်ပညာကို တတ်ကျွမ်းသူတည်း၊ ငါကား တရားထူးကိုရရှိ၍ ဈာန်ဝင်စားနိုင်သူတည်း' စသည်ဖြင့် ကြွားဝါ လိမ်လည်တတ်၏။

ထိုသူကား တကယ် တတ်ကျွမ်းသော အတတ်ပညာရှင်က စူးစမ်းလျှင် သော်၎င်း၊ တရားထူးရရှိသူ ဈာန်ဝင်စားနိုင်သူက စစ်ဆေး မေးမြန်းလျှင်သော်၎င်း သူရူးပမာ ပရမ်းပတာ ပြောဆိုသည် သာတည်း။

[(ဒသကနိပါတ်၊ ကိတ္တိသုတ်)]

## မြင်း ၂-ကောင်၏ စဉ်းစားခြင်း

အမျိုးအစားအားဖြင့် ညံ့ဖျင်းသော မြင်းသည် စားကျင်းစားခွက်၌ ချည်ထားစဉ် ဘာကိုစဉ်းစားသနည်း။ ထိုမြင်းညံ့သည် စားစရာ မြက်ကိုသာလျှင် စဉ်းစားလေ၏။ ထိုမြင်းညံ့၏ အတွေးအာရုံ၌ 'မြက်-မြက်'ဟူသော စားလိုခြင်း တဏှာသည်သာလျှင် စွဲဝင်နေ၏။ 'ယနေ့ ငါသည် ငါ့သခင်အတွက် ဘယ်လို အမှုကိစ္စမျိုး ဆောင်ရွက်၍ ကျေးဇူးတုံ့ပြန်ရပါမည်နည်း'ဟူ၍ မစဉ်းစားပေ။

အမျိုးအစားအားဖြင့် မြတ်သော အာဇာနည် မြင်းကောင်းသည်ကား စားကျင်းစားခွက်၌ ချည်ထားစဉ် 'မြက်-မြက်'ဟူသော စားသောက်ရလိုမှုကို မစဉ်းစားပေ။ 'ယနေ့ ငါသည် ငါ့သခင်အတွက် ဘယ်သို့သော ဆောင်ရွက်ပေးမှုဖြင့် ကျေးတုံ့ပြန်ရပါအံ့နည်း'ဟူ၍သာလျှင် ကျေးဇူးဆပ်လိုမှုကို စဉ်းစား၏။

ထိုနည်းတူစွာပင် ဤလောက၌ သဘောတရား အမြင်မှား၍ စိတ်ထား ယုတ်နိမ့်သူသည် လိုချင် တပ်မက်မှု၊ ဖျက်ဆီးလိုမှု၊ စဉ်းလဲဝန်တိုမှု၊ တွေဝေမှု-စသော ကိလေသာစိတ်၊ အညစ်အကြေးစိတ်များဖြင့် သာလျှင် ရပ်တည်၏။ စဉ်းစား၏။ ထိုကိလေသာစိတ်၊ အညစ်အကြေးစိတ်တို့နှင့် ကင်းလွတ်ကြောင်းကောင်းမြတ်စင်ကြယ်သော စိတ်ဖြင့် မရပ်တည်။ စဉ်းစားခြင်းမပြု။

သဘောတရား အမြင်မှန်၍ စိတ်ထား မြင့်မြတ်သူသည်ကား ကိလေသာစိတ်၊ အညစ်အကြေးစိတ်တို့ဖြင့် မရပ်တည်။ ကိလေသာ အညစ်အကြေးအာရုံတို့ကို မစဉ်းစား။ ထိုကိလေသာ အညစ်အကြေးစိတ်၊ အာရုံတို့မှ ကင်းလွတ်၍ ကောင်းမြတ်စင်ကြယ်သောစိတ်-အာရုံတို့သို့ ဆိုက်ရောက်အောင်သာလျှင် စဉ်းစား၏။ ဆောက်တည် ကျင့်သုံး၏။

(ကောဒသကနိပါတ်၊ သဒ္ဓသုတ်)

## ခွေးချည်တိုင်

ငုတ်တိုင်တွင် ကြိုးချည်၍ထားသော ခွေးကို ကြည့်ပါ။ ထိုခွေးသည် အိပ်လျှင်သော်၎င်း၊ စားလျှင်သော်၎င်း၊ သွားလာ လှုပ်ရှားလျှင်သော်၎င်း ငုတ်တိုင်အနီး၌သာလျှင်ရှိ၏။ ငုတ်တိုင်အနီး၌သာလျှင် တရစ်ဝဲဝဲ ကျင်လည်ကျက်စား၍နေ၏။ အဝေးသို့ မထွက်ခွာနိုင်။ ငုတ်တိုင်တွင် ကြိုးဖြင့်ချည်ထားသောကြောင့်တည်း။

ပစ္စည်းဥစ္စာ၊ ရာထူးစည်းစိမ်နှင့် သားသမီး၊ ဇနီး ခင်ပွန်းတို့ကို တွယ်တာမက်မောလွန်းသူသည် ငုတ်တိုင်၌ ကြိုးဖြင့် ချည်နှောင်ခြင်းခံရသော ခွေးနှင့် တူ၏။

(ဂဒ္ဒုလ ဗန္ဓ သုတ်)

# သံယုတ်ပါဠိတော် ဥပမာများ

## ရေကူးသူ

မြစ်များ-ချောင်းများတွင် ရေကူးသူကို ကြည့်ပါ။ ဤဖက်ကမ်းမှ ဟိုဖက်ကမ်းသို့ ရောက်ရှိရန်အတွက် အားထုတ် ကူးခတ်လျက် ရှိနေပေလိမ့်မည်။ ထိုသူသည် ခြေဖြင့် အလှမ်းမှီအောင် ထောက်တည်ရာ မရသေးသမျှကာလပတ်လုံး ကူးကာ-ယက်ကာ အားထုတ်လျက် ရှိနေပေလိမ့်မည်။

ထောက်တည်ရာအရပ်သို့ ရောက်ရှိလျှင်ကား ထို ရေကူးသူသည် ကူးကာ-ယက်ကာ အားထုတ်ခြင်း မပြုတော့ပေ။ တဖက်ကမ်းသို့ ရောက်ရှိရန် လှမ်းကာ-လှမ်းကာသာလျှင် သွားနိုင်ပေပြီ။ ထိုသူသည် ကမ်းတဖက်သို့ ကူးမြောက်ပြီးသူပင်မည်၏။

မကောင်းမှု ကိလေသာ အညစ်အကြေးတို့ကို နှိမ်နင်း-ပယ်ဖျက်ပြီးသော ပုဂ္ဂိုလ်သည် ထောက်တည်ရာ ရရှိပြီးသော ရေကူးသူကဲ့သို့တည်း။ ကြိုးစားအားထုတ်ရန် ပြုဖွယ်ကိစ္စဟူ၍ မရှိတော့ပေ။ ထိုပုဂ္ဂိုလ်သည် မကောင်းမှုဟူသမျှကို ပယ်ဖြတ်ပြီး၊ လွန်မြောက်ပြီးသူပင် မည်၏။

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ ဒါမလိသုတ်)

## ထောင်ချောက်မိသော သမင်

စည်းစိမ်ဥစ္စာ ကာမဂုဏ်တို့၌ လွန်စွာစွဲလမ်း၍ တပ်မက်လွန်းသူတို့သည် ထောင်ချောက်-ကျော့ကွင်းကို မသိမမြင်သော သားသမင်နှင့် တူကုန်၏။

အစာကို တွယ်တာ မက်မောလွန်းသဖြင့် ထောင်ချောက်-ကျော့ကွင်းကို မသိမမြင်သော သားသမင်သည် ထောင်ချောက်-ကျော့ကွင်းတွင်မိ၍ ပျက်စီးခြင်းသို့ ရောက်ရလေသည်။

စည်းစိမ်ဥစ္စာ ကာမဂုဏ်တို့၌ တွယ်တာ ယစ်မူး၍နေသူသည် မကောင်းမှု၌ မိမိ ကျူးလွန်သည်ကိုလည်း မသိ။ သူတပါးအား ပြစ်မှားမိသည်ကိုလည်း မသိ။ မေ့လျော့၍သာနေ၏။

ထိုသူသည် ထောင်ချောက်မိသော သားသမင်ကဲ့သို့ ခါးသီးစပ်ရှားသော မကောင်းကျိုးကို ရရှိခံစားရမည်မှာ မလွဲပေ။

[(အပဏ္ဏကသုတ်)]

## ရေကန်ကြီး ၂-ကန်

လူမရှိသောအရပ်၌ ရေကန်ကြီးတကန်ရှိ၏။ ထိုရေကန်ကြီးမှာ သန့်ရှင်းကြည်လင်သောရေလည်းရှိသည်။ ဘေးပတ်ဝန်းကျင်တွင် သစ်ပင်ပန်းပင်များလည်း ကြည်နူးဖွယ်ရာ ပေါက်ရောက်လျက်ရှိသည်။ နှလုံးမွေ့လျော် ပျော်ရွှင်ဖွယ်ကောင်းသော ရေကန်ကြီးပေတည်း။

လူအပေါင်းတို့သည် ထိုရေကန်ကြီး၏ရေကိုမခပ်ယူကြရကုန်။ သောက်ခြင်း၊ ချိုးခြင်း၊ သုံးဆောင်ခြင်း မပြုကြရကုန်။ သို့ဖြစ်လျက် ထိုရေကန်ကြီး၏ ရေတို့သည် အချည်းနှီး ခန်းခြောက်ရသည်သာတည်း။

မြို့-ရွာ · လူနေနှင့် နီးသောအရပ်၌ အလားတူ ရေကန်ကြီးတကန်ရှိလေ၏။ လူအပေါင်းတို့သည် ထိုရေကန်ကြီး၏ရေတို့ကို ခပ်ယူကြလေသည်။ သောက်ခြင်း၊ ချိုးခြင်း၊ သုံးဆောင်ခြင်း

ပြုကြလေသည်။ ရေတို့သည် အကျိုးမဲ့ ခန်းခြောက်ခြင်း မရှိကြကုန်။

ပညာမရှိသော လူမိုက်တို့၌ ပစ္စည်းဥစ္စာ များစွာကြွယ်ဝသော်လည်း အချည်းနှီးဖြစ်၏။ မိမိလည်း အကျိုးမရှိ။ ကောင်းသောအသုံးပြုခြင်းဖြင့် မသုံးဆောင်တတ်။ မိဖ-ဆွေမျိုး-မိတ်ဆွေများအတွက်လည်းကောင်း၊ အခြား လူသူအပေါင်းတို့အတွက်လည်းကောင်း အကျိုးမရှိပေ။ ကောင်းသောအသုံးပြုခြင်းဖြင့် သုံးဆောင်ခြင်းသို့ မရောက်ဘဲ ပျက်စီး ဆုံးရှုံးရသည်သာတည်း

အသိပညာရှိသော သူတော်ကောင်းတို့၌ ပစ္စည်းဥစ္စာကြွယ်ဝလျှင်ကား မိမိအတွက်လည်း အကျိုးရှိ၏။ ကောင်းသောအသုံးပြုခြင်းဖြင့် သုံးဆောင်လေ၏။ မိဖ-ဆွေမျိုး-မိတ်ဆွေတို့အတွက်လည်းကောင်း၊ အများသူငါ လူအပေါင်းတို့ အတွက်လည်းကောင်း အကျိုးရှိ၏။ ကောင်းသော အသုံးပြုခြင်းဖြင့် သုံးဆောင်ခြင်းသို့ ရောက်လေသည်တည်း။

(ပထမ အပုတ္တကသုတ်)

## အမှောင် အလင်း၊ အဆင်း အတက်

ဤလောက၌ ပုဂ္ဂိုလ် ၄-မျိုးရှိ၏။ အမှောင်မှလာ၍ အမှောင်သို့သွားသူ၊ အမှောင်မှလာ၍ အလင်းသို့သွားသူ၊ အလင်းမှလာ၍ အမှောင်သို့သွားသူ၊ အလင်းမှလာ၍ အလင်းသို့သွားသူ။ ဤ ၄-မျိုးတို့ပေတည်း။

အချို့သောသူသည် ဘဝရပ်တည်မှုနိမ့်ကျလျက် ဆင်းရဲပင်ပန်းလှ၏။ စား-ဝတ်-နေရေး၊ လူမှုရေးတို့၌ ချို့တဲ့ခေါင်းပါး

လှ၏။ သက်မွေးဝမ်းကျောင်း လုပ်ငန်းမှာလည်း ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်ရ၏။ ပစ္စည်းဥစ္စာဟူ၍ လက်ညှိုးထိုးပြစရာပင်မရှိ။ ရုပ်ရေ ရူပကာယမှာလည်း လှပတင့်တယ်ခြင်းမရှိ။ လူတကာ၏ မနှစ်သက်ဖွယ်ရာသော ကိုယ်အင်္ဂါမျက်နှာနှင့်တကွ ရှုချင်ဖွယ်ရာ မရှိသော ဟန်ပန် အမူအရာတို့သာလျှင်ရှိကုန်၏။

ထိုသူသည် စိတ်ဖြင့် မကောင်းမှုတို့ကို ကြံစည်တွေးတော၏။ နှုတ်ဖြင့် မမှန်ကန်သည်တို့ကို ပြောဆို၏။ ကိုယ်ဖြင့် မကောင်းသော အကျင့်တို့ကို ပြုမူလုပ်ဆောင်၏။

ထိုသူမျိုးသည် အမှောင်မှလာ၍ အမှောင်သို့သွားသူမည်၏။

× × ×

အချို့သောသူသည်ဘဝရပ်တည်မှုနိမ့်ကျလျက် ဆင်းရဲပင်ပန်းလှ၏။ စား-ဝတ်-နေရေး၊ လူမှုရေးတို့၌ ချို့တဲ့ခေါင်းပါးလှ၏။ သက်မွေးဝမ်းကျောင်းလုပ်ငန်းမှာလည်း ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်ရ၏။ ပစ္စည်းဥစ္စာဟူ၍ လက်ညှိုးထိုးပြစရာပင်မရှိ။ရုပ်ရေ ရူပကာယမှာလည်း လှပတင့်တယ်ခြင်းမရှိ။လူတကာ၏မနှစ်သက်ဖွယ်ရာသော ကိုယ်အင်္ဂါ မျက်နှာနှင့်တကွ ရှုချင်ဖွယ်ရာမရှိသော ဟန်ပန် အမူအရာတို့သာလျှင်ရှိကုန်၏။

ထိုသူသည် စိတ်ဖြင့် အပြစ်မရှိသောကောင်းမှုတို့ကို ကြံစည်တွေးတော၏။ နှုတ်ဖြင့် မှန်ကန်သည်တို့ကို ပြောဆို၏။ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ပြုမူလုပ်ဆောင်၏။

ထိုသူမျိုးသည် အမှောင်မှလာ၍အလင်းသို့ သွားသူမည်၏။

မြေပြင်မှ ပလ္လင်သို့ တက်ရာသကဲ့သို့၊ ပလ္လင်မှ မြင်းပေါ်သို့ တက်ရာသကဲ့သို့၊ မြင်းပေါ်မှ ဆင်ပေါ်သို့တက်ရာသကဲ့သို့၊ ဆင်

ပေါ်မှ ပြာသာဒ်ပေါ်သို့ တက်ရာသကဲ့သို့ ထိုသူ၏ ဘဝရပ်တည်မှုသည် အဆင့်ဆင့် မြင့်လာနိုင်သည်သာတည်း။

× × ×

အချို့သောသူသည် ဘဝရပ်တည်မှု အဆင့်အတန်း မြင့်၍ ချမ်းသာကြွယ်ဝ၏။ စားဝတ်နေရေး၊ လူမှုရေးတို့၌ ပြည့်စုံပေါ များလှ၏။ သက်မွေးဝမ်းကျောင်း လုပ်ငန်းမှာလည်း သက်သက်သာသာ လုပ်ကိုင်ရ၏။ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေများ သုံး၍ မကုန်နိုင်လောက်အောင် ရှိ၏။ အဆင်းရုပသည် လှပတင့်တယ် ရှုချင်စဖွယ်ရှိ၏။ အများသူငါ နှစ်လိုဖွယ်ရာသော ကိုယ်အင်္ဂါနှင့် ပြည့်စုံပေ၏။

ထိုသူသည် စိတ်ဖြင့် မကောင်းမှုကို ကြံစည် တွေးတော၏။ နှုတ်ဖြင့် မမှန်သန်သည်တို့ကို ပြောဆို၏။ ကိုယ်ဖြင့် မကောင်းသော အကျင့်တို့ကို ပြုမူလုပ်ဆောင်၏။

ထိုသူမျိုးသည် အလင်းမှလာ၍ အမှောင်သို့သွားသူ မည်၏။

ပြာသာဒ်ထက်မှ ဆင်ကျောက်ကုန်းသို့ ဆင်းရာသကဲ့သို့၊ ဆင်ပေါ်မှ မြင်းကျောက်ကုန်းသို့ ဆင်းရာသကဲ့သို့၊ မြင်းပေါ်မှ ပလ္လင်သို့ ဆင်းရာသကဲ့သို့၊ ပလ္လင်ပေါ်မှ မြေပြင်သို့ ဆင်းရာသကဲ့သို့၊ မြေပြင်မှလည်း အမှောင်ထဲသို့ တိုးဝင်ရာသကဲ့သို့ ထိုသူ၏ ဘဝရပ်တည်မှုသည် အဆင့်ဆင့်အားဖြင့် နိမ့်ကျ၍ ပျက်စီးနိုင်သည်သာတည်း။

× × ×

အချို့သောသူသည် ဘဝရပ်တည်မှု အဆင့်အတန်းမြင့်၍ ချမ်းသာကြွယ်ဝ၏။ စား-ဝတ်-နေရေး၊ လူမှုရေးတို့၌ ပြည့်စုံ

ပေါများလှ၏။ သက်မွေးဝမ်းကျောင်း လုပ်ငန်းမှာလည်း သက်သက်သာသာ လုပ်ကိုင်ရ၏။ ပစ္စည်းဥစ္စာ ရတနာရွှေငွေမှာ သုံးစွဲ၍ မကုန်နိုင်လောက်အောင်ရှိ၏။ အဆင်းရူပမှာ လှပတင့်တယ် ရှုချင်စဖွယ်ရှိ၏။ အများသူငါ နှစ်လိုဖွယ်ရာသော ကိုယ်အင်္ဂါနှင့် ပြည့်စုံပေ၏။

ထိုသူသည် စိတ်ဖြင့် အပြစ်မရှိသော ကောင်းမှုတို့ကို ကြံစည်တွေးတော၏။ နှုတ်ဖြင့် မှန်ကန်သည်တို့ကိုသာ ပြောဆို၏။ ကိုယ်ဖြင့် ကောင်းသော အကျင့်ကို ပြုမူလုပ်ဆောင်၏။

ထိုသူမျိုးသည် အလင်းမှလာ၍ အလင်းသို့သွားသူမည်၏။

ပလ္လင်မှ အခြားပလ္လင်သို့ ပြောင်းရွှေ့ရာသကဲ့သို့၊ မြင်းပေါ်မှ အခြားမြင်းပေါ်သို့ ပြောင်းရွှေ့ရာသကဲ့သို့၊ ဆင်ပေါ်မှ အခြားဆင်ပေါ်သို့ ပြောင်းရွှေ့ရာသကဲ့သို့၊ ပြာသာဒ်ပေါ်မှ အခြားပြာသာဒ်ပေါ်သို့ ပြောင်းရွှေ့ရာသကဲ့သို့ ထိုသူ၏ ဘဝရပ်တည်မှုသည် နိမ့်ကျခြင်းမရှိနိုင်ပေ။ တိုးပွားစည်ပင်ရန်သာ ရှိပေ၏။

(ပုဂ္ဂလသုတ်)

## မိုးထိတောင်ကြီးများ

မြေပြင်မှသည် မိုးကောင်းကင်အထိမြင့်မားသော ကျောက်တောင်ကြီးများသည် ထက်ဝန်းကျင် အရပ် ၄-မျက်နှာမလင်ထိစပ်လျက် သတ္တဝါဟူသမျှကို ကြိတ်ချေကာ အစဉ် လိမ့်၍လာသကဲ့သို့-

အိုခြင်းတရား နှင့် သေခြင်းတရားသည် သတ္တဝါဟူသမျှကို လွှမ်းမိုးနှိပ်စက်ကုန်၏။ ကြီးငယ်မဟူ၊ ဆင်းရဲ-ချမ်းသာမရွေး

အယုတ်-အလတ်-အမြတ် မရွေး၊ သတ္တဝါအလုံးစုံကို လွှမ်းမိုးချုပ်နှံ၏။ အိုခြင်း-နာခြင်းသဘောကို မည်သူ တဦးတယောက်ကမျှ ဖယ်ရှားနိုင်စွမ်းမရှိပေ။ပုန်းကွယ်ရှောင်ရှား၍လည်းမရပေ။

(ပဗ္ဗတူပမသုတ်)

## ထင်းမီးနှင့် ဉာဏ်မီး

ကောသလတိုင်းသား ပုဏ္ဏားတဦးသည် တောစပ် မြစ်ကမ်းနား၌ မီးပူဇော်ရန် စီစဉ်လျက်ရှိ၏။ မီးကို ကိုးကွယ်သောပုဏ္ဏားဖြစ်လေသည်။ သူ၏ အမည်မှာ 'သုန္ဒရိက ဘာရဒွါဇ' ဖြစ်လေသည်။

သုန္ဒရိက ဘာရဒွါဇသည် မီးကိုပူဇော်ရန် အစီ အစဉ်များပြုလုပ်ရာ၌ နို့ထမင်းချက်ခြင်းသည်လည်းအစီအစဉ်တရပ်ဖြစ်၏။

ဘာရဒွါဇသည် သန့်စင်ကောင်းမြတ်သောထင်းတို့ဖြင့် မီးပုံပြုလုပ်သည်။ မီးတောက်မီးလျှံတို့ကို အရိုအသေပြု၍ ပူဇော်သည်။ ကောင်းစွာ စီစဉ်ချက်လုပ်အပ်သော နို့ထမင်းဖြင့်လည်း မီးပုံမီးလျှံကို ပူဇော်လေသည်။

ပုဏ္ဏားသည် မီးပူဇော်ခြင်းအစီအစဉ် ပြီးဆုံးလျှင် ကြွင်းကျန်နေသော နို့ထမင်းကို မည်သူ့အားပေးရအံ့နည်း၊ ကျွေးရအံ့နည်းဟု ကြံစည်စိတ်ကူး၍ ပတ်ဝန်းကျင်ကိုကြည့်ရှု၏။

ထိုစဉ်အခါ၌ ဗုဒ္ဓမြတ်စွာသည် သုန္ဒရိက မြစ်ကမ်းနား သစ်ပင်ရင်း၌ တပါးတည်း အေးချမ်းစွာ နေထိုင်လျက်ရှိ၏။

ပုဏ္ဏားသည် ဗုဒ္ဓကိုမြင်သဖြင့် လက်တဖက်တွင် နို့ထမင်းအကြွင်းအကျန်ကိုကိုင်လျက် အခြား လက်တဖက်ဖြင့် ရေကရားကိုကိုင်လျက် ဗုဒ္ဓထံသို့ ချဉ်းကပ်သွားလေ၏။

ပုဏ္ဏားသည် ဗုဒ္ဓ၏အနီးသို့ ရောက်သော် ‘ဤပုဂ္ဂိုလ်သည် ဦးပြီးခေါင်းတုံးပါကလား’ဟု မြင်သိ၍ နောက်သို့ခြေလှမ်းဆုတ်သွားလေသည်။

ထို့နောက် ပုဏ္ဏားသည် ‘ဤလောက၌ အချို့သော ဗြာဟ္မဏ ပုဂ္ဂိုလ်သည်လည်း ဦးပြီးခေါင်းတုံးနှင့်ပင် ရှိချေ၏။ ဤ ဦးပြီး ခေါင်းတုံးနှင့်သူကို အမျိုးဇာတ် စုံစမ်းဦးမည်’ဟု အကြံဖြစ်ပေါ်လေ၏။

“အို အရှင်၊ အသင်သည် အဘယ်အမျိုးဇာတ် ရှိသူပါနည်း”

ထိုအခါ ဗုဒ္ဓသည် ဘာရဒွါဇပုဏ္ဏားအား လမ်းမှန်ကို ညွှန်းပြ၍ ဆုံးမရန် အခါအခွင့် ကြုံလေပြီဟု စိတ်အကြံဖြစ်ပေါ်တော်မူ၏။

“ပုဏ္ဏား၊ အမျိုးဇာတ်ကို မမေးပါနှင့်၊ အကျင့်သိက္ခာကိုသာ မေးပါ၊ မီးသည် ထင်းမှဖြစ်ပေါ်၏။ မည်သည့်အမျိုးဇာတ်မှပင် ဖြစ်စေ ရဟန်းမည်သည်မှာ တည်ကြည်ခြင်းရှိ၏။ အကြောင်း ဟုတ်သည်မဟုတ်သည်ကို သိမြင်တတ်၏။ မကောင်းမှုကို တားမြစ်တတ်၏။ မှန်ကန်မှုသစ္စာဖြင့် ယဉ်ကျေး၏။ မျက်စိ-နား-လျှာ စသော ဣန္ဒြေကို ဆုံးမပြီး ဖြစ်၏။ မြတ်သော အကျင့်ကို ကျင့်သုံးပြီး ဖြစ်၏။ ထိုသို့သော ရဟန်းပုဂ္ဂိုလ်ကို သင့်တင့် လျောက်ပတ်သောအခါ၌ ပင့်ခေါ်ရာ၏။ ထိုသို့ ပင့်ခေါ်ခြင်းသည် မြတ်သောအလှူခံပုဂ္ဂိုလ်ကို ပူဇော်သည်မည်ပေ၏”

“အရှင်ဘုရား၊ အကျွန်ုပ်သည် မြတ်သောရဟန္တာပုဂ္ဂိုလ်အား ဖူးမြင်ရပြီဖြစ်ပါ၏။ ထို့ကြောင့် ကောင်းစွာ ပူဇော်ခြင်းဖြစ်ပေအံ့၊ ကောင်းစွာ ကျွေးမွေးပြုစုခြင်းဖြစ်ပေအံ့။ အရှင်ဂေါတမ။ ဤမီးပူဇော်ရာမှ ကျန်ကြွင်းသော နို့ထမင်းကို ခံယူလော့။ ဘုန်း

ပေးသုံးဆောင်ပါလော့။ အရှင်ဘုရားကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့ကို မတွေ့မမြင်ရသောကြောင့်သာလျှင် ဤမီးပူဇော်ရာမှ ကျန်ကြွင်းသော နို့ထမင်းတို့ကို အခြားသူများ စားခြင်းဖြစ်ပါ၏။

"ပုဏ္ဏား၊ ဂါထာဖြင့် ရွတ်ဖတ်သီဆို၍ ရအပ်သောဆွမ်းကို ငါဘုရား မသုံးဆောင်ပေ။ အကြောင်းအကျိုးကို သိမြင်တတ်သော ပညာရှိသူတော်ကောင်းတို့အား ဤသို့သော ဆွမ်းကို သက်ခံသုံးဆောင်ခြင်းသည် တရားသဘောသို့ မသက်ဝင်ပေ"

ဗုဒ္ဓသည် ဘာရဒွါဇ၏ ကျန်ကြွင်းသော နို့ဆွမ်းကို ပယ်တော်မူလေသည်။

ဘာရဒွါဇပုဏ္ဏားသည် မီးကို အထွတ်အမြတ်ထား၍ ကိုးကွယ်သူဖြစ်၏။ မီးပူဇော်ခြင်းမှကျန်ကြွင်းသော နို့ထမင်းကို ဗုဒ္ဓအား၎င်း၊ ဗုဒ္ဓ၏အနွယ်ဝင် ရဟန္တာတို့အား၎င်း ပေးလှူခြင်းသည် သင့်မြတ်မှန်ကန်သည်ဟု အယူအဆရှိနေတုန်းပင်ဖြစ်၏။ မီးသည် အမြင့်မြတ်ဆုံး၊ မီးကို ကိုးကွယ်ပူဇော်ခြင်းသည် အမှန်ကန်ဆုံးဟူ၍ စွဲမြဲနေတုန်းပင်ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓသည် ဘာရဒွါဇ၏အမြင်မှားကို ပြောင်းလဲစေရန် လမ်းစဉ်မှန်ဖြင့် ညွှန်ပြတော်မူ၏။

"ပုဏ္ဏား၊ ထင်းကိုမီးရှို့ကာမျှဖြင့် စင်ကြယ်သည်ဟု မထင်မှတ်လေနှင့်၊ ထင်းကို မီးရှို့ခြင်းသည် အပြင်ပဒ္ဒသာဖြစ်၏။ ထင်းကိုမီးရှို့သောအမှုဖြင့် စင်ကြယ်ခြင်းမဖြစ်နိုင်။

"ထင်းမီးရှို့သောအပြင်ပအမှုကိုစွန့်ပယ်၍ကိုယ်တွင်းသဏ္ဌာန်၌ ဉာဏ်မီးကိုတောက်ပစေရာ၏။ အစဉ်မပြတ် ဉာဏ်မီးတောက်ပလျက်ရှိသော ရဟန္တာပုဂ္ဂိုလ်သည် တည်ကြည်သဖြင့် မြတ်သော အကျင့်ကိုကျင့်ပေ၏။

"ပုဏ္ဏား၊ ထောင်လွှားခြင်းမာနသည် ထမ်းပိုးဝန် သဖွယ်ဖြစ်၏။ အမျက်ဒေါသသည် မီးခိုးသဖွယ်ဖြစ်၏၊ မမှန်ကန်သော စကားကို ပြောဆိုခြင်းသည် ပြာသဖွယ်ဖြစ်၏။

"ပုဏ္ဏား၊ ငါဘုရား၏လျှာသည်တရားတည်းဟူသော ယဇ်ကို ပူဇော်ခြင်းငှာ ယဇ်ယောက်မသဖွယ်ဖြစ်၏။ သတ္တဝါတို့၏ နှလုံးသည် တရားတည်းဟူသော ယဇ်၏ မီးတောက်ရာ ဌာနသဖွယ်ဖြစ်၏။ သတ္တဝါအပေါင်း၏ ကောင်းစွာ ယဉ်ကျေးသောစိတ်သည် မီးသဖွယ်ဖြစ်၏။

"ပုဏ္ဏား၊ မဂ္ဂင်ရှစ်ပါး တရားသည် ထုံးအိုင်သဖွယ် ဖြစ်၏။ သီလဟူသော ရေချိုးဆိပ်ရှိ၏။ နောက်ကျုခြင်းမရှိ၊ အကြင်ထုံးအိုင်၌ ဉာဏ်၏အဆုံးသို့ ရောက်ကြသူ ရဟန္တာပုဂ္ဂိုလ်တို့သည် ရေချိုးကြကုန်၏၊ ထိုထုံးအိုင်၌ မစိုစွတ်သောကိုယ် ရှိကြကုန်သည်သာဖြစ်၍ တဖက်ကမ်း နိဗ္ဗာန်သို့ ကူးမြောက်ကြကုန်၏။

"ပုဏ္ဏား၊ မှန်ကန်သော တရားဓမ္မ စောင့်စည်းမှုဟူသော ဤမြတ်သောအကျင့်သည် မဇ္ဈိမ ပဋိပဒါကိုမှီသည်ဖြစ်၍ မြတ်သောအဖြစ်သို့ရောက်၏။ သင်သည် ဖြောင့်မတ်ကုန်သော ရဟန္တာတို့ကို ရှိခိုးသင့်သည်သာတည်း၊ ပူဇော်သင့်သည်သာတည်း"

ဘာရဒွါဇပုဏ္ဏားသည် ဗုဒ္ဓ၏ လမ်းညွှန်ပြခြင်းကို သဘောသက်ဝင်လျက် မီးကိုကိုးကွယ်ခြင်း၊ ယဇ်ပူဇော်ခြင်းအကျင့်မှ လွတ်မြောက်သွားလေသည်။ ဗုဒ္ဓအထံတော်၌ တပည့်အဖြစ်ခံယူကာ မဇ္ဈိမပဋိပဒါလမ်းစဉ်အရ မြတ်သောအကျင့်ဖြင့် အားထုတ်လေရာ ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။

(သုန္ဒရိကသုတ်)

## ခွေးချည်တိုင်

ငုတ်တိုင်တွင် ကြိုးချည်၍ထားသောခွေးကို ကြည့်ပါ။ ထိုခွေးသည် အိပ်လျှင်သော်၎င်း၊ ထိုင်လျှင်သော်၎င်း၊ သွားလာလှုပ်ရှားလျှင်သော်၎င်း ငုတ်တိုင်အနီး၌သာလျှင်ရှိ၏။ ငုတ်တိုင်နှင့် ဝေးရာသို့ မရောက်ရှိနိုင်။ ငုတ်တိုင်၏အနီး၌သာလျှင် လှည့်ပတ်၍နေ၏။ ကျင်လည်ကျက်စား၍နေ၏။ ငုတ်တိုင်တွင် ကြိုးဖြင့် ချည်နှောင်၍ ထားသောကြောင့်ပေတည်း။

ဤလောက၌ အကြားအမြင် ဆင်ခြင်ဉာဏ် နည်းသူတို့သည် စည်းစိမ်ဥစ္စာကို တွယ်တာ စွဲလမ်းလွန်းကုန်၏။ မိမိကိုယ်ကို၎င်း၊ မိမိနှင့်ပတ်သတ်သော သားသမီး၊ ဇနီး-ခင်ပွန်း၊ ပစ္စည်းအိမ်ရာထူး အခွင့်အလမ်း၊ ကျော်စောခြင်း စသည်ကို၎င်း တွယ်တာမက်မောလွန်း၏။ နှစ်သက်စွဲလမ်းလွန်း၏။

ထိုသူမျိုးသည် ငုတ်တိုင်၌ ကြိုးဖြင့် ချည်နှောင်ထားသောခွေးကဲ့သို့တည်း။

(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်၊ ဂဒ္ဒုလ ဗန္ဓသုတ်)

## အိုးနှင့် ကရွတ်ခွေ

ကရွတ်ခွေမရှိသော အိုးသည် တိမ်းစောင်းလွယ်၏။ လိမ့်လွယ်၏။ ကရွတ်ခွေရှိသောအိုးသည် တိမ်းစောင်းနိုင်ခဲ၏။ လိမ့်နိုင်ခဲ၏။

တည်ရာ မှီရာ မရှိသောစိတ်သည် ပျံ့လွင့်လွယ်၏။ လှုပ်ရှားပြောင်းလဲလွယ်၏။ တည်ရာ မှီရာ ရှိသောစိတ်သည် ပျံ့လွင့်နိုင်ခဲ၏။ လှုပ်ရှား ပြောင်းလဲနိုင်ခဲ၏။

စိတ်၏တည်ရာ မှီရာဟူသည်မှာ အဘယ်နည်း။

မှန်ကန်သော အမြင်၊ ကောင်းမြတ်သော အကြံအစည်၊ မှန်ကန်သော စကား၊ ကောင်းမြတ်သော အပြုအမူ၊ မှန်ကန်သော အသက်မွေးမှု၊ ကောင်းမြတ်သော အားထုတ်မှု၊ မှန်ကန်သော ဆင်ခြင်အောက်မေ့မှု၊ ကောင်းမြတ်သော တည်ကြည်မှု။ ဤ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယာမဂ်သည် စိတ်၏ တည်ရာ မှီရာပေတည်း။

ကရွတ်ခွေသည် အိုးကို မလိမ့်လဲ၊ မတိမ်းစောင်းအောင် ထိန်းသကဲ့သို့ ဤမဂ္ဂင်ရှစ်ပါးသည် စိတ်ကို မပျံ့လွင့်အောင်၊ မလှုပ်ရှား-မပြောင်းလဲအောင် ထိန်းနိုင်သည်သာတည်း။

(မဟာဝဂ္ဂ သံယုတ်၊ ကုမ္ဘသုတ်)

## စည်းစိမ်နှင့် မစင်ပိုး

ပစ္စည်းဥစ္စာဒေပါများခြင်း၊ ရာထူးစည်းစိမ်ကြီးမြင့်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းတို့သည် ဉာဏ်ပညာမရှိသူအဖို့ အနှောင့် အရှက်ဖြစ်၏။ အနှောင်အဖွဲ့ အပိတ်အပင်ဖြစ်၏။ မစင်ပိုးကောင် ကဲ့သို့ ဖြစ်စေ၏။

မစင်စားသော ပိုးကောင်သည် မစင်ဖြင့် နစ်မွှမ်း၍ နေလေသည်။ ရှေ့၌လည်း မစင်အတိပြီး၏။ နောက်၌ရင်း၊ဘေးပတ်ဝန်းကျင်၊ ထက်အောက်ဝန်းကျင်၌ရင်း မစင်တို့ဖြင့် ဝိုင်းဝိုင်းလည်ကာ ပြည့်နှက်၍နေ၏။

ထိုမစင်ပိုးကောင်သည် ယင်းသို့လျှင် မစင်တို့ဖြင့် ပြည့်နှက် ဝန်းရံလျက်ရှိသည်ကိုပင် ကျေနပ်အားရကာ ဝင့်ကြွားလေ၏။ ငါ၏ရှေ့တွင်၎င်း၊ နောက်တွင်၎င်း၊ ဘေးပတ်ဝန်းကျင်တို့တွင်၎င်း မစင်တို့သည် အပြည့်အနှက် ရှိနေသည်တကားဟူ၍ မော်ကြွား ထောင်လွှားလေ၏။

ဥာဏ်ပညာကင်းမဲ့သူတို့အား ပစ္စည်းဥစ္စာပေါများခြင်း၊ ရာထူး စည်းစိမ်ကြီးမြင့်ခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းသည်လည်း ထိုသူ အဖို့ ဝင့်ကြွား ထောင်လွှားရန် ဖြစ်ပေ၏။

ထို့ကြောင့် ထိုပညာမရှိသူအား မစင်စားသော၊ မစင်၌ မွေ့လျော်သော မစင်ပိုးနှင့်တူသည်ဟု ဆိုအပ်ပေ၏။

[(နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ မိဠှကသုတ်)]

# မဇ္ဈိမပဏ္ဏာသပါဠိတော် ဥပမာများ

## ကာမဂုဏ် အမဲရိုး

အမဲဖျက်ရာ၌ ကျွမ်းကျင်သူသည် အမဲရိုးမှ အသားတို့ကို ဓား ဖြင့် လှီးရှဲယူ၏။ အထပ်ထပ်အခါခါ လှီးရှဲယူ၏။ ထို့နောက် အရိုး၌ကပ်၍နေသော အသားစကလေးများကိုလည်း ဓားဖြင့် ခြစ်၍ယူ၏။ အထပ်ထပ်အခါခါ ခြစ်၍ယူ၏။ အမဲရိုးသည် အသားမရှိ ပြောင်ရှင်းလျက်ရှိတော့၏။

အမဲသားစားရန်းဖြင့် စောင့်မြော်နေသော ခွေးတကောင် သည် ထိုအမဲဖျက်သူအနီး၌ ရှိနေ၏။

အမဲဖျက်သူသည် အသားမရှိသောအမဲရိုးကို စောင့်စားငံ့လင့် လျက်ရှိသော ခွေးအား ပစ်ပေးလိုက် လေသည်။ ထိုခွေးသည် သွေးနံ့ကို မက်မောစွာဖြင့် အမဲရိုးကို လျှာဖြင့် လျက်လေ၏။ အကြိမ်ကြိမ် လျက်လေ၏။

ထိုခွေးသည် ဆာလောင်မွတ်သိပ်ခြင်း မပျောက်သည်သာ တည်း။ စားချင်သော အလိုဆန္ဒ မပြည့်နိုင်သည်သာတည်း။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ- ဟူသော ကာ မဂုဏ်တို့သည် အမဲရိုးနှင့် တူကုန်၏။

သတ္တဝါတို့သည် ထိုကာမဂုဏ်တို့ဖြင့် အားရ တင်းတိမ်ခြင်း မရှိနိုင်၊ အလိုဆန္ဒ ပြည့်စုံပြီဟူ၍ မရှိနိုင်။ ဆားရေသောက်သူသည် သောက်လေ ငတ်လေ၊ ငတ်မပြေနိုင်သကဲ့သို့တည်း။

## သားတစ် ကာမဂုဏ်

အသားစားငှက်တကောင်သည် သားတစ်ကိုချီ၍ ပျံသွားလေ၏။ သင့်တော်ရာ၌ ရပ်နားကာ ထိုသားတစ်ကို စားမည်ဟူသော ရည်ရွယ်ချက်ဖြင့် ပျံသန်းလျက် ရှိ၏။ ထိုအခါ အခြား သားစားငှက်များသည် သားတစ်ကိုလုရန် လိုက်လံကြလေ၏။ သားတစ်ကို ချီယူသွားသော ငှက်အား ထိုးဆိတ်၍ တိုက်ခိုက် လုယူကြကုန်၏။

ယင်းသည့် အခြေအနေ၌ သားတစ် ချီထားသော ငှက်သည် မည်သို့ ပြုလုပ်သင့်သနည်း။

သူသည် သားတစ်ကို စွန့်လွှတ်ရန်သာ ရှိ၏။ ပစ်ချ လိုက်ရန်သာ ရှိ၏။

သို့မဟုတ်လျှင် အခြားငှက်များ၏ ထိုးသုတ် တိုက်ခိုက်ခြင်းကို ခံရကာ ပျက်စီးဆုံးရှုံးရမည်တည်း။

ကာမဂုဏ် အာရုံတို့သည် သားတစ်နှင့် တူကုန်၏။ ဘေးရန်အန္တရာယ်များလှပေသည်။ ထိုကာမဂုဏ် အာရုံတို့ကို စွဲလမ်းတွယ်တာ၍ နေလျှင် ဘေးအန္တရာယ်ကို ပွေ့ပိုက်ထားသည်နှင့် မခြားပေ။

ကာမဂုဏ်အာရုံကို စွန့်လွှတ်၍ လျစ်လျူရှု ထားနိုင်သူကား ဘေးရန်အန္တရာယ်မရှိ၊ ဆင်းရဲပင်ပန်းခြင်းလည်းမရှိ၊ ချမ်းသာစွာ နေရ၏။

## မီးတောက် ကာမဂုဏ်

လှပတင့်တယ်သော ရုပ်ဆင်း-ရူပါရုံ၌ နှစ်သက် စွဲလမ်းခြင်း၊ သာယာကြည်နူးဖွယ်ရာသော အသံ-သဒ္ဒါရုံ၌ နှစ်သက် စွဲလမ်း

ခြင်း၊ မွှေးကြိုင်သင်းပြန့်သော ရနံ့-ဂန္ဓာရုံ၌ နှစ်သက်စွဲလမ်းခြင်း၊ ချို-ချဉ်-ငံစပ် စသော ရသာရုံ၌ နှစ်သက်စွဲလမ်းခြင်း၊ နူးညံ့ အိစက်သော အတွေ့အထိ-ဖောဋ္ဌဗ္ဗာရုံ၌ နှစ်သက် စွဲလမ်းခြင်းတို့ သည် ကာမဂုဏ်၌ တွယ်တာမက်မောခြင်းမည်၏။

ထိုကာမဂုဏ်တို့သည် မီးအလျှံနှင့် တူသည်တည်း။ လောင် ကျွမ်းတတ်၏။ ဖျက်ဆီးနှိပ်စက်တတ်၏။ ပူပန်စေတတ်၏။

လူတယောက်သည် မြက်ပင်-ကောက်ရိုးပင်များကို မီးရှို့ကာ စွဲကိုင်လျက် လေတိုက်ရာဘက်သို့ ပြေးသွား၏။ မီးတောက်မီးလျှံ သည် ထိုသူ၏လက်ကိုဎင်း၊ လက်ရုံးကိုဎင်း၊ မျက်နှာ-ဦးခေါင်း စသည်ကိုဎင်း အရှိန်ဖြင့် လောင်ကျွမ်းသည်သာတည်း။

ထိုသူသည် မီးစကို စွန့်လွှတ် ရမည်သာတည်း။ ပစ်ချလိုက်ရ မည်သာတည်း။ သို့မဟုတ်က ထိုသူသည် မီးအလျှံ၏ လောင် ကျွမ်း ဖျက်ဆီးခြင်းကို ခံရမည်မှာ မလွဲပေ။

ကာမဂုဏ်ကို မက်မောတွယ်တာလျက် ရှိသူသည် မီးစကိုကိုင် ကာ လေတိုက်ရာဘက်သို့ ပြေးသွားနေသူနှင့် တူ၏။

## ကာမဂုဏ် မီးကျီးတွင်း

ကျွံလူးအိုင်သာသာ ကျယ်ပြန့်သော မြေကျင်းသည်ရှိ၏။ လူ တရပ်ကျော်ကျော် နက်စောက်၏။ ထိုမြေကျင်းထဲ၌ အလွန် အားကောင်းသော မီးကျီးခဲကြီးများသည် တရှိန်ရှိန် တောက် လောင်လျက် ရှိနေကြ၏။ ပြိုတောင်း-ခွက်တောင်းခန့် ပမာဏ ရှိသော ရှားသား မီးကျီးခဲကြီးများဖြစ်၍ အပူရှိန်မှာ ပြင်းထန် အားကောင်းလှပေသည်။

အားကောင်းမောင်းသန် ယောကျ်ားနှစ်ယောက်သည် အားနည်းသူတဦးအား လက်တဖက်စီမှ ချုပ်ကိုင်၍ ထိုမီးကျီးတွင်းဆီသို့ ဆွဲခေါ်လာကြ၏။

ထိုအခါ အားနည်းသူသည် မီးကျီးတွင်းထဲသို့ ကျရောက်မည်ကို လွန်စွာ ထိတ်လန့်သဖြင့် ရုန်းကန်လေ၏။ အားရှိသမျှ အကြိမ်ကြိမ် ရုန်းကန်လေ၏။ မီးကျီးတွင်းထဲသို့ မကျရောက်ရန်ဟူသော ဆန္ဒဇောသည် ထိုသူအား အစွမ်းကုန် လွှမ်းမိုးနေသည်သာတည်း။

ကာမဂုဏ် အာရုံတို့သည် မီးကျီးတွင်းကဲ့သို့ ဘေးအန္တရာယ်ကြီးမားလှ၏။ ကာမဂုဏ်ကို တပ်မက်ငြိတွယ်သော် ဖြတ်တောက်ဖယ်ရှားပစ်ရသည်။ မီးကျီးတွင်းထဲသို့ ကျရောက်ရမည်ကို ထိတ်လန့်သော အားနည်းသူကဲ့သို့ ကာမဂုဏ်၌ ထိတ်လန့်ရွံ့ရှာမှုဖြင့် ဆောက်တည်ကျင့်သုံးရသည်။

## အိပ်မက် ကာမဂုဏ်

ယောကျ်ားတယောက်သည် အိပ်မက်ထဲ၌ လွန်စွာ ပျော်ရွှင်မြူးတူးလျက်ရှိ၏။

သူသည် ကြည်နူးနှစ်သက်ဖွယ်ကောင်းသော ဥယျာဉ်ကြီးထဲ၌ ရောက်ရှိနေ၏။ စားသောက်ရန် သစ်သီးမျိုးစုံတို့သည်၎င်း၊ လှပမွှေးကြိုင်သော ပန်းမျိုးစုံတို့သည်၎င်း ဥယျာဉ်ကြီးထဲ၌ သုံးစွဲ၍မကုန် ဆွတ်ယူမကုန်လောက်အောင် သီးပွင့်လျက် ရှိလေ၏။ ကြည်လင်သန့်ရှင်းသော ရေကန်သည်လည်း ဥယျာဉ်ကြီးထဲ၌ပင် တည်ရှိနေပေ၏။ ချောမောလှပသော မိန်းမပျိုတို့သည် ထိုသူ၏ အနီးတွင် ရှိနေကြ၏။ အချို့က နံ့သာယပ်တောင်ဖြင့် အသာ

အာယာ ခပ်ပေးကြ၏။ အချို့က ခြေဆုပ်လက်နယ် ပြုစုပေးနေကြ၏။ သစ်သီး-ပန်းပွင့်များကို ပေးဆက်သူများလည်းရှိ၏။ သီချင်းကျူးရင့်သူ၊ ကပြသူများလည်း ရှိလေ၏။ လွန်စွာ ကျေနပ် နှစ်သက်ခြင်းဖြင့် ပျော်မွေ့နေသော ထိုသူသည် ရုတ်တရက် လန့်နိုးလေရာ သူ၏ စည်းစိမ်သည် ကုန်ဆုံးလေ၏။ ဖမ်းယူ၍လည်းမရ။ တကြော်ကြော် ခေါ်ပါသော်လည်း မရ။ အချည်းနှီးသာတည်း။

ကာမဂုဏ် ဟူသည်မှာ အိပ်မက်ပမာတည်း။ မြင်ကာမျှ၊ ကြားကာမျှ၊ တွေ့ထိကာမျှသော ကာမဂုဏ်ကို စွဲလမ်းတပ်မက်ခြင်းသည် အရူးနှင့် တူလေ၏။

## ကာမဂုဏ် အငှားပစ္စည်း

ပွဲလမ်းသဘင်သို့ တက်ရောက်ကြည့်ရှုသူ မိန်းမတယောက်သည် အဝတ်အစားသစ်များ ဝတ်ဆင်လာ၏။ နားကပ်၊ လက်ကောက်၊ ဆွဲကြိုးစသည်ကို ဝတ်ဆင်ကာ ပြင်ဆင် မွမ်းမံထားသဖြင့် တင့်တယ်လှပလျက်ရှိ၏။ ထိုမိန်းမအား အခြားသူများက "တင့်တယ်ပါပေ၏၊ အဝတ်တန်ဆာ ရတနာများ ပြည့်စုံပါပေ၏" စသည်ဖြင့် ချီးမွမ်းကြ၏။ ထိုမိန်းမသည်လည်း သာယာ နှစ်သက်လျက် ရှိလေ၏။

စင်စစ်အားဖြင့် ထိုမိန်းမသည် အဝတ်တန်ဆာ ရတနာများကို ငှားရမ်း ဝတ်ဆင်လာခြင်းဖြစ်ရာ မကြာမီပင် ပိုင်ရှင်ထံသို့ ပြန်လည် အပ်နှံလိုက်ရလေသည်။

ပြင်ဆင်မွမ်းမံမှုဖြင့် သာယာနှစ်သက်ခြင်းသည်ရင်း၊ အခြားသူများ၏ ချီးမွမ်းခြင်းသည်ရင်း ပစ္စည်းများကို ပိုင်ရှင်ထံသို့ အပ်

နှံ့လိုက်ရသည်နှင့်အတူ ကုန်ဆုံးသွားလေ၏။ တင့်တယ်လှပခြင်းနှင့် သာယာနှစ်သက်ခြင်းတို့ကို ထိမိန်းမ ဖမ်းကိုင်၍မရ။ သိမ်းဆည်း၍ မရ။ လိုချင်တောင့်တသော်လည်း ပြန်လည် မရောက်လာနိုင်။

ကာမဂုဏ်ဟူသည်မှာ အငှားပစ္စည်းနှင့် တူ၏။ တခဏမျှဖြင့် ပျောက်ကွယ်သည်သာတည်း။ ထို့ကြောင့် ကာမဂုဏ်ကို လိုချင်တောင့်တမှုသည် သူတပါး၏ပစ္စည်းကို ခဏယူ ငှားရမ်းရလေသကဲ့သို့ အောက်တန်းကျ၍ ဆင်းရဲပင်ပန်းလှလေသည်။

## သရက်ပင် ကာမဂုဏ်

ယောကျ်ားတယောက်သည် သရက်သီးကိုလိုချင်သဖြင့် အပင်ပေါ်တက်၍ ဆွတ်ခူးလေ၏။ သရက်သီးများကို အိတ်ထဲထည့်လေ၏။ ထိုသူသည် သရက်ပင်ပေါ်မှာပင် ချိုမြိန် မွှေးကြိုင်သော သရက်သီးများကို စားလျက်ရှိ၏။

အခြားယောကျ်ား တယောက်သည်လည်း သရက်သီး လိုချင်သဖြင့် ထိုသရက်ပင်သို့ပင် ရောက်လာပြန်လေ၏။ သူသည် သစ်ပင် မတက်တတ်ပေ။ သရက်ပင်ပေါ်ရောက်အောင် မစွမ်းဆောင်နိုင်ပေ။ သရက်သီးကိုလည်း လိုချင်နေ၏။ ထို့ကြောင့် သူသည် ပါလာသည့် ဓားမဖြင့် သရက်ပင်ကို ခုတ်လှဲလေသည်။ သရက်ပင် လဲကျလျှင် သရက်သီးများကို ခူးဆွတ် နိုင်ပေမည် ဟူသော စိတ်ကူးအရ ပြုလုပ်ခြင်းဖြစ်၏။

ထိုသို့ရှိစဉ် သရက်ပင် ပေါ်၌ သရက်သီး စားနေသော ယောကျ်ားသည် အလျင်အမြန် ဆင်းသက်ရမည်သာ ဖြစ်၏။

သို့မဟုတ်က သရက်ပင်လဲကျသောအခါ ခြေ-လက် ကျိုးခြင်း၊ ဦးခေါင်းကွဲခြင်းစသော ဘေးဒုက္ခနှင့် ကြုံရမည်မှာ မလွဲတည်း။

သရက်ပင်ပေါ်၌ သရက်သီး စားနေသူသည် သရက်ပင်ကို စွန့်လွှတ်၍ အလျင်အမြန်ဆင်းသက်ရမည်သာ ဖြစ်သကဲ့သို့ ကာမဂုဏ်တို့ကို စွန့်လွှတ်ဖြတ်တောက်ရပေမည်။ ဘေးဒုက္ခနှင့် မုချတွေ့ကြုံရမည် ဖြစ်သောကြောင့်တည်း။

(ပေါတလိယသုတ်)

## လူသားနှင့် ကာမဂုဏ်

(အဆင်း၊ အနံ့၊ အသံ၊ အရသာ၊အတွေ့အထိတို့ကို ကာမဂုဏ် ဟူ၍ ဆိုရလေသည်။ လူသားတို့သည် ဤ ကာမဂုဏ်ငါးမျိုးကို လိုချင်မက်မောမြဲဖြစ်၏။ သာမန်မျှ လိုချင်မက်မောခြင်း၊ များစွာ လိုချင်မက်မောခြင်း၊ အလွန် အကြူး လိုချင်မက်မောခြင်း ဟူ၍ ခြားနားချက်ကား ရှိလေသည်။

ကာမဂုဏ်ကို လိုချင်မက်မောမှု အတိုင်း အတာနှင့် အမျှ လူသားတို့ ဆင်းရဲပင်ပန်းကြရသည်ဟု ဗုဒ္ဓက ညွှန်ပြလေသည်။

ကာမဂုဏ်ကို လိုချင်မက်မောမှု အတိုင်းအတာနှင့် အမျှ လောဘ၊ ဒေါသ၊ မာန်မာန-စသော ကိလေသာစိတ် ပွားများကြရသည်၊ ကိလေသာစိတ် ပွားများသည်နှင့်အမျှ ဆင်းရဲပင်ပန်းကြရသည်၊ ပူပန် ကြောင့်ကြရကုန်သည်၊ ထိတ်လန့်ကြရသည်ဟု ဗုဒ္ဓ ညွှန်ပြတော်မူလေသည်။

လူသားတို့သည် ကာမဂုဏ်ကို မက်မောစွဲလမ်းခြင်းကြောင့် ကိလေသာစိတ် ဖြစ်ပွားကာ အသိအမြင်၌မှားကြ၊ လွဲကြလျက်

ပြုလုပ်ဆောင်ရွက်ခြင်းများမှာလည်း မမှန်မကန် ဖြစ်ကြရသည်။ ထို့ကြောင့် မိမိအတွက်ငှင်း၊ မိမိ၏ ပတ်ဝန်းကျင်အတွက်ငှင်း တိုးတက်ကြီးပွားရေးနှင့် သာယာ ချမ်းမြေ့ရေးများ ဆုတ်ယုတ် ပျက်ပြား ကြရသည်ဟု ဗုဒ္ဓ ညွှန်ပြတော်မူလေသည်။

ကာမဂုဏ်ကို စွဲလမ်းတပ်မက်ခြင်းမရှိသင့်။ ကာမဂုဏ်၌ ရောင့်ရဲရမည်။ ကာမဂုဏ်သည် စက်ဆုတ်ဖွယ် ဖြစ်၏။ ကာမဂုဏ်ဟူသည်မှာ စင်စစ်အားဖြင့် ရေရာတိကျသော အရာမဟုတ်။ အနှစ်သာရလည်းမရှိ။ ဘေးများသည်။ ရန်များသည်။ အန္တရာယ်များလှသည်ဟူ၍ ဗုဒ္ဓသည် ကာမဂုဏ်၏ သဘော သဘာဝကို လူသားတို့ ထင်မြင် သိရှိရန် ဥပမာအဖုံဖုံဖြင့် ညွှန်ပြတော် မူလေသည်။

ယင်းသည့် ကာမဂုဏ်ဥပမာများကို အဖန်ဖန်သုံးသပ်၍ လေးလေးနက်နက် ဆင်ခြင်မိပါက လူ့ဘဝ၏အမှန်လမ်းနှင့် လူသားတို့၏ တကယ့်ရပ်တည်နေပုံကို ထင်မြင်လျက် လက်တွေ့အားဖြင့် အကျိုးခံစားရမည်မှာ မလွဲပေ။)

ကာမဂုဏ် အမဲရိုး၊ သားတစ် ကာမဂုဏ်၊ မီးတောက်
ကာမဂုဏ်၊ ကာမဂုဏ် မီးကျီးတွင်း၊ အိပ်မက် ကာမဂုဏ်
ကာမဂုဏ် အငှားပစ္စည်း၊ သရက်ပင် ကာမဂုဏ်။

## မြေ-ရေ-လေ-မီး

မြေကြီးအထုသည် မိမိအပေါ်သို့ ကျရောက်လာသောအရာဝတ္ထုတိုင်းကို ကွဲပြားခြားနားခြင်းမရှိဘဲ ခံယူ၏။ ကျင်ကြီး-ကျင်ငယ်-ခွဲ-သလိပ်စသော ရွံရှာစက်ဆုတ်ဖွယ် အရာဝတ္ထုများ ကျ

ရောက်လျှင်လည်း မတုန်မလှုပ်ခံယူ၏။ ရွှေငွေ စိန်ကျောက်-ပန်းနံ့သာစသော နှစ်လိုဖွယ်ရာ အရာဝတ္ထုများ ကျရောက်လာလျှင်လည်း မတုန်မလှုပ် ထူးခြားခြင်းမရှိဘဲ ခံယူ၏။

× × ×

ရေတို့မည်သည် မည်သည့် အရာဝတ္ထုကိုပင်ဖြစ်စေ ဆေးကြောသည်သာ ဖြစ်၏။ ကျင်ကြီး-ကျင်ငယ်-သလိပ်-တံတွေးသည့် အညစ်အကြေးလိမ်းကျံသော အရာဝတ္ထုမျိုးကိုလည်း ဆေးကြော၏။ ထိုအညစ်အကြေးများ ကင်းရှင်းသည့် စင်ကြယ်သောအရာဝတ္ထုမျိုးကိုလည်းဆေးကြော၏။ မည်သည့်အရာဝတ္ထုမျိုးကိုပင်ဖြစ်စေ ရေသည် ကွဲပြားခြားနားခြင်းမရှိဘဲ ဆေးကြောသုတ်သင်သည်သာဖြစ်၏။

× × ×

လေဟူသည်မှာ တိုက်ခတ်ခြင်းသဘောရှိ၏။ မည်သည့်အရာဝတ္ထုမျိုးကိုပင်ဖြစ်စေ လေသည် တိုက်ခတ် သယ်ဆောင်တတ်၏။ သန့်ရှင်းစင်ကြယ်သော အရာဝတ္ထုကိုပင်ဖြစ်စေ၊ မသန့်ရှင်းသော အညစ်အကြေးကိုပင်ဖြစ်စေ တိုက်ခတ် သယ်ဆောင်၏။မွှေးကြိုင်သော ရနံ့ကိုပင်ဖြစ်စေ၊ ပုပ်ညှီသော ရနံ့ကိုပင်ဖြစ်စေ ကွဲပြားခြားနားခြင်းမရှိဘဲ တိုက်ခတ် သယ်ဆောင်၏။

× × ×

မီး၏သဘောသတ္တိကား လောင်ကျွမ်းခြင်းတည်း။ နှစ်သက်ဖွယ်ရာသော အရာဝတ္ထု၊ မနှစ်သက်ဖွယ်ရာသော အရာဝတ္ထု၊ သန့်ရှင်းစင်ကြယ်သော အရာဝတ္ထု၊ မသန့်ရှင်းမစင်ကြယ်သော

အရာဝတ္ထု-စသည်ဖြင့် ကွဲပြားခြားနားခြင်းမရှိ၊ မီးသည် အလုံးစုံသော အရာဝတ္ထုကို လောင်ကြွမ်းသည်သာဖြစ်၏။

× × ×

ဤလောကလူ့ဘောင်၌ လူသားတို့သည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော ညှိခေတ်-ဆွဲငင်ခေတ်ကို ကျော်လွှန် လွှမ်းမိုးနိုင်ခဲလှ၏။ လွှမ်းမိုး ကျော်လွန်နိုင်သူသည်လည်း အများတကာနှင့်မတူ၊ထူးချွန်သူသာလျှင်ဖြစ်ပေ၏။အရာရာ၌ အောင်မြင်ကြီးပွား၍ ချမ်းသာခြင်းအစစ်ကို ရယူနိုင်သော မြင့်မြတ်သူသာလျှင်ဖြစ်ပေ၏။

ညှိခေတ်-ဆွဲငင်ခေတ်တည်းဟူသော ပိုက်ကွန်ကျော့ကွင်းကို ကျော်လွှား လွှန်မြောက်နိုင်ရေး လမ်းစဉ်ကား မြေ-ရေ-လေ-မီး ကဲ့သို့ ကျင့်သုံးရေးပေတည်း။

မြေ-ရေ-လေ-မီးတို့သည် မိမိတို့ထံ ကျရောက်တွေ့ထိလာသော အရာဝတ္ထုဟူသမျှကို ကွဲပြားခြားနားခြင်းမရှိ ကျင့်သုံးကြကုန်၏။ နှစ်သက်ဖွယ်-မနှစ်သက်ဖွယ်ဟူ၍ရင်း၊ စင်ကြယ်၏-ညစ်ညမ်း၏ ဟူ၍ရင်း၊ အဖိုးတန်သည်-မတန်သည်ဟူ၍ရင်း အမျိုးအစား ခြားနားခြင်းမရှိဘဲ မိမိတို့၏ သဘောသတ္တိအတိုင်းသာလျှင် ဆောင်ရွက်ကျင့်သုံးကြကုန်၏။

ထိုနည်းတူစွာပင် လူသားတို့သည် ကြုံရဆုံရလေသမျှသော အရာဝတ္ထုတိုင်း၊ အာရုံတိုင်းကို မတုန်လှုပ် မပြောင်းလဲဘဲ ခံယူကျင့်သုံးသင့်ပေ၏။ နှစ်သက်ဖွယ်-မနှစ်သက်ဖွယ်၊ စင်ကြယ်ခြင်း၊ ညစ်ညမ်းခြင်း၊ နူးညံ့ခြင်း၊ ကြမ်းတမ်းခြင်း၊ လှပခြင်း၊ အရုပ်ဆို

ခြင်း စသည်ဖြင့် အမျိုးအစား ခွဲခြား၍ ခံယူကျင့်သုံးခြင်း မပြု သင့်ပေ။

သက်ရှိ-သက်မဲ့ပုဂ္ဂိုလ်တိုင်း၊အရာဝတ္ထုတိုင်းသည်ရင်း၊ဖြစ်ပျက် ပြုပြင်-ဖန်တီးလျက် ရှိသော သဘော တရားတိုင်းသည်ရင်း မူလ သဘာဝအတိုင်းသာလျှင်ဖြစ်ပေါ်တည်ရှိနေကြသည်။ပြောင်းလဲ ရွေ့လျားနေကြသည်။ စင်စစ်အားဖြင့် အမြဲအစဉ် တည်တံ့နေကြ သည်မဟုတ်၊ စိုးပိုင်ချုပ်ကိုင်၍ ရသည်မဟုတ်။ နှစ်သက်ဖွယ်-လှပ တင့်တယ်သည်-စင်ကြယ်သည်ဟု မှတ်ထင်ရသော အရာဝတ္ထု- အဆင်း-အသံစသည်ကို စိစစ်ကြည့်ပါလေ။ မာခြင်း-ပျော့ခြင်း၊ ပူခြင်း၊ အေးခြင်း၊ ဖွဲ့စည်းခြင်း၊ လှုပ်ရှားခြင်း ဟူသော ပကတိ သဘော သတ္တိတို့သာလျှင် ဖြစ်၏။ လှပတင့်တယ် ရှုချင်စဖွယ် ကောင်းသည်ဟု ထင်ရသော မိန်းမပျိုကို စိစစ်ကြည့်ပါလေ။ မြေ-ရေ-လေ-မီးတို့၏ ခံယူကျင့်သုံးပုံလမ်းစဉ်ဖြင့် စိစစ်ကြည့်ပါ လေ။ မိန်းမပျိုကလေး၏ ခန္ဓာကိုယ်သည် အသား အရေ- အကြော-အဆီ-အသွေး-ဆံပင်-မွေးညှင်းစသည်တို့ ဖွဲ့စည်းထား သော အကောင်အထည်တခု ဖြစ်၏။ ထိုအကောင်အထည်ကြီး သည်ရင်း၊ အကောင်အထည်၏ အင်္ဂါအစိတ်အပိုင်းတို့သည်ရင်း မာခြင်း-ပျော့ခြင်း-ယိုစီးခြင်း-ဖွဲ့စည်းခြင်း-ပူနွေးခြင်း-အေးစက် ခြင်း-လှုပ်ရှားခြင်းတို့သာလျှင် အရင်းမူလ ရှိသည်သာတည်း။

ယင်းသို့လျှင် မြင်ရ- ကြားရ- တွေ့ထိ- ကြုံဆုံရတိုင်းသော အာရုံဟူသမျှ၌ အရှိအတိုင်း မူလသဘောသတ္တိကို ရှုမြင်သုံးသပ် နိုင်သောသူသည် လိုချင်မက်မောခြင်း၊ မနာလိုဝန်တိုခြင်း၊ နှိပ် စက်ဖျက်ဆီးလိုခြင်း၊ တွေဝေခြင်းဟူသော တဖက်စွန်းရောက်

အလိုဆိုးများမှ ကင်းရှင်း၏။ ယင်းသို့ ကင်းရှင်းသောကြောင့်ပင် ညှိုးခတ်-ဆွဲငင်ခတ်တည်းဟူသော ပိုက်ကွန်ကျော့ကွင်း၏ ချည်နှောင် ဖမ်းဆီးခြင်းမှ လွတ်မြောက်သည်မည်၏။

အာကာသ ကောင်းကင်ဟူသည်မှာ မည်သည့်အရပ်၌ တည်ရှိသည်ဟူ၍ ဆုပ်ကိုင်ရည်ညွှန်း၍ မပြနိုင်သကဲ့သို့ မြင်-ကြား-သိတွေ့-ကြုံဆုံလာလေသမျှသောအရာဝတ္ထု၊ အခြင်းအရာ၊ အဖြစ်အပျက်တိုင်းကို အစွဲအလမ်းမထားဘဲ ခံယူကျင့်သုံးရာ၏။ မတုန်မလှုပ်ဘဲခံယူကျင့်သုံးရာ၏။ ပကတိရှိရင်းစွဲ သဘောသတ္တိကို အရှိအတိုင်း မြင်အောင် ကြည့်ရှုဆင်ခြင်ရာ၏။

ယင်းသို့ ဆင်ခြင်နိုင်စွမ်းသူသည် ယထာဘူတ ဉာဏ်အမြင်ကို ရသူမည်၏။ ထူးမြတ်သော လူချွန်လူမွန်ဖြစ်၏။ လောက၌ အရာရာတိုင်းကို အောင်မြင်၍ အထက်တန်းရောက်နိုင်သောသူဖြစ်၏။

[(မဟာရာဟုလောဝါဒသုတ်)]

ဆရာကြီး၏ ကျမျက်ရည်

## ဥပါလိ အလင်းဝင်ခန်း

ဗုဒ္ဓမြတ်စွာသည် သရက်ဥယျာဉ် တနေရာ၌ တည်ငြိမ်အေးဆေးစွာ ရှိနေ၏။

သရက်ပင်တို့သည် အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ နှစ်လိုဘွယ်ရာ ကောင်းလှပေသည်။ ပင်ပျိုပင်ငယ်များက အတန်းလိုက် အစုလိုက် စိစိညီညီ၊ ပင်ကြီးပင်မြင့်များကလည်း အကိုင်းအခက်ချင်း ထိကာ ရှက်ကာ အရိပ်မိုးပေးနေသကဲ့သို့ ရှိပေ၏။ ဥယျာဉ်ကြီး တဝှန်းလုံးမှာ စိမ်းလန်းဝေဆာသော သရက်ရွက်တို့က ဖုံးလွှမ်းထားသဖြင့် နေပြောက်မထိုးလောက်အောင်ပင် အရိပ်ကောင်းနေလေသည်။ အချို့သော သရက်ပင်များ၌ သီးခိုင်တွဲကလေးများမှာ ဆွဲချိတ်ထားသကဲ့သို့ လှပဝေဆာနေ၏။ အချို့သော သရက်ပင်များ၌လည်း ဖူးခိုင် ပွင့်ခိုင် မြိုင်ဆိုင်စည်ကားလျက် ရှိနေ၏။ ကျေးငှက်ငယ်ကလေးများသည် ဟို-သည် ပျံကူးကာ ဂီတသံ တွန်ကြူးနေကြပေသည်။

နေ့လယ် မွန်းတည့်လုနီး အချိန်ဖြစ်၏။

ထို ဥယျာဉ်ကား နာဠန္ဒမြို့သား သူဌေးကြီး ဖါဝါရိက၏ သရက်ဥယျာဉ်ကြီး ဖြစ်ပေသည်။

နှလုံးမွေ့လျော်ဘွယ်ရာ ကောင်းလှသော ထိုသရက်ဥယျာဉ်ကြီးအတွင်း၌ ဗုဒ္ဓမြတ်စွာသည် တည်ငြိမ်ချမ်းမြေ့စွာ သီတင်းသုံးလျက် ရှိနေ၏။

ထိုစဉ်အခါဝယ် နိဂဏ္ဍာတဦးသည် ဗုဒ္ဓထံပါးသို့ ရောက်လာလေသည်။

ထိုသူကား ဒီဃတပဿီ အမည်ရှိသော နိဂဏ္ဍာပေတည်း။

ဒီဃတပဿီမှာ နာဋ္ဋပုတ္တနိဂဏ္ဍာ အမည်ရှိသော ဂိုဏ်းဆရာကြီး၏ တပည့်တဦးလည်း ဖြစ်ပေ၏။

ထိုခေတ်ထိုအခါက အယူဝါဒဆိုင်ရာ ဂိုဏ်းအဖွဲ့ အမျိုးမျိုးရှိနေသည်။ အချို့သော ဂိုဏ်းက အဝတ်မဝတ်ဘဲ ခွေးကဲ့သို့မြေကြီး၌ ခွေလျက်အိပ်နေခြင်းကို မြင့်မြတ်သည်ဟု အယူရှိ၏။ အချို့သောဂိုဏ်းက အစာစားရာ၌ နွားကဲ့သို့ လေးဘက်ထောက်ကာ ခွက်နှင့်ပါးစပ်ထိလျက် စားခြင်းကို မြတ်သောအကျင့်ဟု သတ်မှတ်၏။ ခန္ဓာကိုယ်ကို ပင်ပန်းအောင် နှိပ်စက်ခြင်းသည် မကောင်းမှု မဖြစ်ပေါ်စေရန် တားမြစ်သော အကျင့်ကောင်းဟု သတ်မှတ်ထားသည့် ဂိုဏ်းလည်း ရှိ၏။ ယင်းသို့ စသည်ဖြင့် အယူဝါဒအမျိုးမျိုး၊ ကျင့်သုံးပုံအမျိုးမျိုးရှိသော ဂိုဏ်းပေါင်းများစွာတို့တွင် နာဋ္ဋပုတ္တနိဂဏ္ဍာ ဆရာကြီး၏ ဂိုဏ်းသည်လည်း အပါအဝင်ဖြစ်၏။

ထိုနာဋ္ဋပုတ္တနိဂဏ္ဍာဂိုဏ်းကား မကောင်းမှုကိုပြုလုပ်ခြင်း၌ကိုယ်ဖြင့် ပြုလုပ်ခြင်းသည် ပဓာနကျ၏ဟူသော အယူဝါဒ စွဲကိုင်လျက်ရှိ၏။နှုတ်ဖြင့်ပြောဆိုခြင်းနှင့်၊ စိတ်ဖြင့် ကြံစည် တွေးတော

ခြင်းတို့မှာ အရေးမကြီး၊ ပဓာနမကျဟူ၍ ယူဆထားသောဂိုဏ်း ဖြစ်၏။

ထိုထိုသော ဂိုဏ်းအဖွဲ့အားလုံးသည် ဗုဒ္ဓကို ဆန့်ကျင်ကြလေ၏။ ဗုဒ္ဓ၏ ဟောပြောချက်၊ ဗုဒ္ဓ၏လမ်းစဉ်တို့ကို မမှန်ကန်ဟူ၍ ဝါဒဖြန့် စည်းရုံးကာ ဗုဒ္ဓ၏ ကျော်စောသတင်းကို တားဆီးနှောင့်ရှက်လျက်ရှိကြလေ၏။

ဗုဒ္ဓလမ်းစဉ်နောက်သို့လိုက်ပါကာ ဗုဒ္ဓ၏ပရိသတ် အဖြစ်သို့ တခဲနက်သော လူသားတို့သည် ပို၍ပို၍ တိုးပွားများပြားလျက်ရှိနေသည်။ ဗုဒ္ဓ၏ဂုဏ်သတင်းသည်လည်း အပြည်ပြည်အနယ်နယ်သို့ ပြန့်လွင့်လွှမ်းခြုံလျက်ရှိနေ၏။ ထို့ကြောင့်ပင် နိဂဏ္ဌဂိုဏ်းနှင့်တကွ ဂိုဏ်းအသီးသီးတို့သည် ဗုဒ္ဓ၏ဂုဏ်သတင်းကို မနာလိုဝန်တိုလျက် ရှိနေကြလေသည်။

ဒီဃတပဿီနိဂဏ္ဌသည် ဗုဒ္ဓ၏အနီးသို့လာရောက်ကာ ဗုဒ္ဓနှင့် ဆွေးနွေးလိုဟန် အမူအရာပြလျက်ရှိ၏။

ထိုအခါ ဗုဒ္ဓက–"တပဿီ၊ထိုင်ရန်နေရာရှိပေသည်၊သင့်လျော်ရာမှာ ထိုင်နိုင်ပေ၏"ဟု အလိုက်သိစွာ ခွင့်ပြုလိုက်လေသည်။

ထို့နောက် ဗုဒ္ဓသည်– "တပဿီ၊ သင်တို့၏ဆရာ နာဋပုတ္တသည် မကောင်းမှု ပြုလုပ်ခြင်း၌၊ မကောင်းမှု ဖြစ်ပေါ်ခြင်း၌ အဘယ်မျှလောက်သော ကံတို့ကို ပညတ်သနည်း"ဟူ၍ ဆက်လက် မေးမြန်းတော်မူ၏။

"ငါ့ရှင် ဂေါတမ၊ ကျွန်ုပ်၏ဆရာ နာဋပုတ္တသည် 'ကံ' ဟူ၍ ဆိုလေ့မရှိ၊ ပညတ်လေ့မရှိ။ 'ဒဏ်'ဟူ၍သာ ဆိုလေ့ရှိ၏။ ပညတ်လေ့ရှိ၏"

"တပဿီ၊ ထိုသို့ဖြစ်လျှင် ထားလိုက်ပါတော့၊ ဒဏ်ကိုကော ဘယ်နှစ်ပါးဟူ၍ ပညတ်သနည်း"

"ကျွန်ုပ်တို့ဆရာသည် ဒဏ်သုံးပါးဟူ၍ ပညတ်ပါ၏။ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ဟူ၍ ဒဏ်သုံးပါး ရှိပါ၏"

"ကောင်းပြီ၊ သင်ပြောသော ဒဏ်သုံးပါးတို့တွင် မကောင်းမှုပြုရာ၌ အဘယ်ဒဏ်ကို အပြစ်အကြီးဆုံး ဟူ၍ ပညတ်သနည်း တပဿီ"

"ငါ့ရှင်ဂေါတမ၊ ဒဏ်သုံးပါးတို့တွင် ဝစီဒဏ်နှင့် မနောဒဏ်ကို အဘယ်မှာ ဆိုဘွယ်ရာရှိသနည်း၊ အရေးမပါကြပါ၊ အရေးပါသည်ကား ကာယဒဏ်ပေတည်း၊ ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟူ၍ ကျွန်ုပ်၏ဆရာက ပညတ်ထားပါသည်"

"တပဿီ၊ သင်တို့ဆရာက ဤအတိုင်းဘဲ ပညတ်သလား၊ မကောင်းပြုရာ၌၊ မကောင်းမှု ဖြစ်ပေါ်ရာ၌ ကာယဒဏ်သာလျှင် အကြီးဆုံးဟူ၍ ပညတ်သလား"

"ဟုတ်ပါသည်ငါ့ရှင်၊ ကျွန်ုပ်တို့ဆရာက ဤအတိုင်းပင် အမှန်ပညတ်ပါသည်၊ အမှန်တရားပေဘဲကလား။ နေစမ်းပါအုံး ငါ့ရှင်ဂေါတမ၊ အသင်ကကော မကောင်းမှုပြုရာ၌၊ မကောင်းမှု ဖြစ်ပေါ်ရာ၌ ဒဏ်ဘယ်နှစ်မျိုး ပညတ်ပါသနည်း၊ အဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟူ၍ ပညတ်ပါသနည်း"

"တပဿီ၊ ငါဘုရားသည် ဒဏ် ဟူ၍ မပညတ်၊ ကံ ဟူ၍သာလျှင် ပညတ်ပေ၏။ ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ ကံသုံးပါးကို ပညတ်ပေ၏။ မကောင်းမှုပြုရာ၌၊ မကောင်းမှုဖြစ်ပေါ်ရာ၌ မနောကံသည် အပြစ်အကြီးဆုံး၊ မနောကံသည် ပဓာန အကျ

ဆုံး၊ မနေ့ကသည်သာလျှင် အခြေခံဖြစ်၍ အရေးအကြီးဆုံးဟူ၍ ငါဘုရား ပညတ်ပေ၏”

“ငါ့ရှင်ဂေါတမ၊ သည်လိုဘဲပညတ်သလား၊ ကံသုံးပါးဟူ၍ ၎င်း၊ မနေ့ကသည် အပြစ်အကြီးဆုံး ဖြစ်သည်ဟူ၍၎င်း ပညတ်သလား”

“မှန်ပေသည် တပဿီ၊ ငါဘုရားသည် ဤအတိုင်းပင် ပညတ်ပေ၏။ ဗုဒ္ဓ၏ လမ်းစဉ်မှန်ကိုပင် ငါပညတ်ပေသည်”

ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် ဗုဒ္ဓ၏ ရှင်းပြချက်ကို မယုံကြည်လို၊ လက်မခံလိုသည့် အမူအရာဖြင့် နေရာမှ ထလေ၏။ ထို့နောက် သရက်ဥယျာဉ်မှ ထွက်ခွာလျက် နိဂဏ္ဌကျောင်းတိုက်သို့ ရှေးရှုသွားလေ၏။

ဂိုဏ်းဆရာကြီး နာဋပုတ္တနိဂဏ္ဌသည် သူ၏ တပည့်များနှင့် အတူရှိနေ၏။

ဗုဒ္ဓထံမှ ထွက်ခွာလာသော ဒီဃတပဿီနိဂဏ္ဌ ရောက်လာသည်ကိုတွေ့လျှင် ဂိုဏ်းဆရာကြီးက ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆို၍ စကားဆိုလေ၏။

“တပဿီ၊ သင်သည် ရဟန်းဂေါတမနှင့် တွေ့ခဲ့သလား၊ စကားကော ပြောခဲ့ရသလား၊ ဘာတွေ ပြောပစ်ခဲ့ရသလဲ”ဟူ၍ အားပါးတရ မေးမြန်း၏။ ထိုအခါ ဒီဃတပဿီက

“ကျွန်ုပ် ရဟန်းဂေါတမနှင့် ရေရေလယ်လယ်ဘဲ စကားပြောခဲ့ရပါ၏၊ အမေးပုစ္ဆာများလဲ ကောင်းကောင်းကြီး ထုတ်လိုက်နိုင်ပါ၏”ဟူ၍ ဝင့်ကြွားကာ ကံနှင့်ဒဏ် ပညတ်ပုံကို၎င်း၊

ဘာယဒတ်သာလျှင် အရေးပါသော ပဓာနပညတ်ဖြစ်ပုံကိုရှင်း အစုံအလင် ပြန်ပြောလေ၏။

ထိုအခါ နိဂဏ္ဌဆရာကြီးက– "တပဿီ၊ သင်သည် ဆရာ ကောင်းတဖည့် ပီသပေစွ၊ ပညာဗဟုသုတနှင့် ပြည့်စုံပေစွ၊ ငါ၏အဆုံးအမကို ကောင်းစွာနာယူလျက် ရဟန်းဂေါတမကို သုဥ်ပြိုင်နိုင်ပေစွ"ဟူ၍ ချီးမွမ်းလိုက်လေသည်။

နိဂဏ္ဌပရိသတ်ထဲ၌ ဥပါလိသူကြွယ်လည်း ပါရှိနေ၏။ ထို ဥပါလိသူကြွယ်သည် ဂိုဏ်းဆရာကြီးက ဒီဃတပဿီကို ချီးမွမ်း လိုက်သဖြင့် အားကျ စိတ်တက်ကြွလာကာ– "အရှင်ဘုရား၊ ကျွန်ုပ် ရဟန်းဂေါတမထံ ယခုဘဲသွားပါမည်၊ သည်ကိစ္စနှဲပတ် သက်ပြီး အပြစ်တင်ပါမည်၊ ရဟန်းဂေါတမကို ကောင်းကောင်း ကြီး အနိုင်ယူချေပါမည်"ဟူ၍ အားပါးတရ ပြောလိုက်လေ သည်။

တဖန်ဆက်လက်၍– "အကယ်၍ ရဟန်းဂေါတမနှင့် ကျွန်ုပ် စကားပြောခွင့်ရပါလျှင်၊ ဒီဃတပဿီလိုဘဲ စကားအရာ၌ ဆွေး နွေးခွင့်ရပါလျှင် ရဟန်းဂေါတမ မလှုပ်နိုင်အောင် အရေးဆိုပြီး အပြစ်တင်ပါမည်၊ ဥပမာအားဖြင့် – အား ကောင်း သော ယောကျ်ားသည် သိုးငယ်ကို အမွေးက ဆုပ်ကိုင်ပြီး ရှေ့ဆွဲ– နောက်တွန်း–အထက်မြှောက် စိတ်ရှိတိုင်း ကစားပြသလို ရဟန်း ဂေါတမ၏အယူဝါဒကို ဆွဲယူပစ်ပါမည်။ ဥပမာတနည်းအား ဖြင့်–သေသောက်ကြူးသော အရက်မူးသမားသည် အရက်ခွက် ကို နှုတ်ခမ်းမှကိုင်ဆုပ်၍ အောက်သို့နှိပ်ကာ ပွတ်တိုက်သလို၊ အထက်သို့မြှောက်ကာ ဝှေ့ယမ်းသလို၊ ဟိုဘက်–သည်ဘက် ဆွဲ

ငင်-လှုပ်ခါသလို ပြုလုပ်ပါမည်။ကျွန်ုပ်၏ အယူဝါဒဖြင့် ရဟန်း-ဂေါတမ၏အယူဝါဒကို နှိပ်၍ ကစားလိုက်ပါမည်၊ မြှောက်၍ ကစားလိုက်ပါမည်၊ ဆွဲငင်-လှုပ်ယမ်း၍လည်း ကစားပြပါမည်။ ကျွန်ုပ်သည် ရဟန်းဂေါတမကို ပြစ်တင်ရှုတ်ချရန် ယခုပင်သွားပါအံ့”

ဂိုဏ်းဆရာကြီး နာဋပုတ္တနိဂဏ္ဌသည် လွန်စွာ အားရဝမ်းသာဖြစ်နေ၏။ “ကောင်းလေစွ သူကြွယ်၊ အားကိုးထိုက်သော တပည့်ကောင်း ပီသပေစွ၊ သင် သွားချေလော့၊ ရဟန်း ဂေါတမကို အပြစ်ပြ၍ ဝါဒအားဖြင့် အနိုင်ယူပါချေလော့” ဟု ဆို၏။

ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် ပျာပျာသလဲ ဏ္ဍြေမရဖြစ်လာ၏။ “အရှင်ဘုရား၊ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမထံ မသွားပါစေနှင့်၊ ရဟန်းဂေါတမသည် လှည့်ပတ်တတ်ပါ၏။ စိတ်ညှို့တတ်ပါ၏။ သူ၏တပည့်မဟုတ်သူအား စိတ်ညှို့လှည့်ပတ်၍ တပည့်ဖြစ်အောင် ဖန်ဆင်းတတ်ပါ၏။ ကျွန်ုပ် တားမြစ်ပါရစေ၊ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမထံ မလွှတ်ပါနှင့်”

ယင်းသို့ ဒီဃတပဿီက တားမြစ်သော်လည်း ဂိုဏ်းဆရာကြီးက မနာခံပေ။ ဥပါလိသူကြွယ်အား ဗုဒ္ဓထံတော်သို့သွားရန် စေလွှတ်လိုက်လေ၏။ “ငါ့တပည့် တပဿီ၊ သင်မစိုးရိမ်ပါနှင့်၊ဥပါလိ သူကြွယ်သည် ရဟန်း ဂေါတမ၏ တပည့် ဖြစ်သွားရန် အကြောင်းမရှိပါချေ၊ ရဟန်း ဂေါတမသည်သာလျှင် ဥပါလိသူကြွယ်၏ တပည့် ဖြစ်လာပါလိမ့်မည်၊ စိတ်အေးအေးထားနေပါ” ဟူ၍လည်း နှစ်သိမ့်လိုက်လေသည်။

ယင်းသို့ဖြင့် ဥပါလိ သူကြွယ်သည် ဗုဒ္ဓမြတ်စွာ ထံပါး သို့ ရောက်သွားလေ၏။

"အရှင်ဘုရား၊ ဒီဃတပဿီ ဤနေရာသို့ လာရောက်ပါသလား၊ ဘယ်လိုအကြောင်းကို ပြောဆို ဆွေးနွေးခဲ့ပါသေးသလဲ"ဟူ၍ ဥပါလိသူကြွယ်က ဗုဒ္ဓကို လျှောက်ထား၏။

"သူကြွယ်၊ တပဿီ လာရောက်ပါ၏။ ဒဏ်သုံးပါးအကြောင်း ပြောသွားပါ၏။ မနောဒဏ်ကား အရေးမကြီး သာမန်မျှသာဟု လည်း ပြောသွားပါ၏"

"အရှင်ဘုရား၊ ဤသို့ဖြစ်ပါလျှင် ကောင်း ပါ လေ စွ၊ တပဿီသည် ဆရာကောင်းတပည့် ပီသလေစွ၊ အရှင်ဘုရား၊ အမှန်အားဖြင့် မကောင်းမှုပြုရာ၌၊ မကောင်းမှု ဖြစ်ပေါ်ရာ၌ ကာယဒဏ်သည်သာလျှင် အရေးကြီးလှပါ၏၊ ဤစကားသည် ယုံမှားဘွယ်မရှိအောင်ပင် ထင်ရှားပြီးသားပါတည်း။ ဝစီဒဏ် သည် တကယ်တမ်းတွင် အရေးကြီးသည်မဟုတ်ပါ၊ မနောဒဏ် ကား ပြောဘွယ်ရာပင် မလိုတော့ပါ၊ အလွန်သေးငယ်လှပါ၏။ ထို့ကြောင့် ကာယဒဏ်သည် အပြစ်ကြီးမားကြောင်း အဆိုပြု ခြင်းသည် မှန်ကန်ပေ၏။ မှန်သောစကားကို ဆိုခြင်းမည်ပေ၏"

"သူကြွယ်၊ သင်ပြောသောစကားကို ကောင်းစွာ မှတ်ထား လော့၊ တဖန်ထပ်၍ မပြောင်းပါလေနှင့်၊ ငါ ဥပမာတခုပြော မည်၊ သင်တို့၏ဆရာ နိဂဏ္ဌတယောက်သည် အနာရောဂါ နှိပ် စက်ခြင်းခံနေရ၏၊ ဆင်းရဲပင်ပန်းလျက်ရှိ၏၊ ပြင်းစွာနာ၍ ဆင်းရဲ လျက်ရှိ၏၊ ရေအေးကို စွန့်ပယ်၍ ရေနွေးကိုသာ သုံးဆောင်လေ့ ရှိ၏၊ ထိုနိဂဏ္ဌသည် ရေနွေးကိုမရသဖြင့် သေလေရာ၏။ သူကြွယ်၊

သင်၏ဆရာ နာဋ္ဋပုတ္တသည် ဤသေသူနိဂဏ္ဌ အဘယ်အရပ်၌ ဖြစ်သည်ဟု ပညတ်သနည်း"

"အရှင်ဘုရား၊ စိတ်စွဲလမ်း၍ဖြစ်သော နတ်မျိုးဟူ၍ ရှိပါ၏၊ သေသူ နိဂဏ္ဌသည် ထိုနတ်မျိုး၌ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနိဂဏ္ဌသည် စိတ်၌စွဲလမ်းလျက် သေသောကြောင့်ပေတည်း"

"သူကြွယ်၊ စဉ်းစား၍ ပြောလော့၊ သင် ပြောထားသော စကားကို စဉ်းစားလော့၊ ရှေ့စကားနှင့် နောက်စကား ညီလျှင်ကောင်းပေ၏ သူကြွယ်"

"အရှင်ဘုရား၊ မည်သို့ပင် ဖြစ်စေ၊ မကောင်းမှု ပြုရာ၌၊ မကောင်းမှု ဖြစ်ပေါ်ရာ၌ ကာယဒဏ်သည်သာလျှင် အပြစ်ကြီးကျယ်ပါ၏၊ ဝစီဒဏ်-မနောဒဏ်ကား သေးငယ်ပါ၏"

"သူကြွယ်၊ နိဂဏ္ဌတယောက်သည် မြေပြင်၌ လမ်းလျှောက်သွား၏။ ပိုးမွှားသတ္တဝါတို့သည် ခြေဖြင့်နင်းမိသဖြင့် သေကြရကုန်၏၊ ထိုနိဂဏ္ဌအား မည်သည့် အပြစ်သင့်သည်ဟူ၍ သင်တို့ဆရာ နာဋ္ဋပုတ္တက ပညတ်သနည်း"

"အရှင်ဘုရား၊ စေ့ဆော်ခြင်း စေတနာမရှိလျှင် ကြီးကျယ်သော အပြစ်မရှိပါ"

"အကယ်၍ စေ့ဆော်ခြင်းစေတနာရှိလျှင်ကော သူကြွယ်"

"အရှင်ဘုရား၊ စေတနာရှိလျှင် အပြစ်ကြီးပါ၏"

"သူကြွယ်၊ သင်တို့၏ဆရာ နာဋ္ဋပုတ္တနိဂဏ္ဌသည် ဒဏ်သုံးပါးကို ပညတ်ထားသည်ဟုဆို၏။ စေ့ဆော်ခြင်းစေတနာကို အဘယ်ဒဏ်ဟူ၍ ပညတ်သနည်း"

“အရှင်ဘုရား၊ စေ့ဆော်မှုစေတနာမှာ မနောဒွါရ်ဖြစ်ပါ၏”

“စဉ်းစား၍ ပြောကြားလေ့ သူကြွယ်၊ သင်၏ရှေ့စကားနှင့် နောက်စကားသည် မစပ်ဟပ်မိပါချေ၊ ရှေ့-နောက် စကား ညီလျှင် ကောင်းပေသည် သူကြွယ်”

“မည်သို့ပင်ရှိစေ၊ မကောင်းမှု ပြုရာ၌၊ မကောင်းမှု ဖြစ်ပေါ်ရာ၌ ကာယဒွါရ်သည်သာလျှင် အပြစ်ကြီးကျယ်ပါ၏။ ဝစီဒွါရ်-မနောဒွါရ်တို့ကား သေးငယ်ပါ၏၊ အရေးကြီးသည် မဟုတ်ပါ”

“သူကြွယ်၊ သင့်ကို ငါမေးဦးအံ့၊ ယခုအခါ၌ ဤ နာဠန္ဒမြို့သည် စည်ပင် ဝပြော၍ လူပရိသတ် များစွာရှိသည် မဟုတ်လော”

“ဟုတ်ပါသည် အရှင်ဘုရား၊ အလွန် များစွာသောလူ ရှိပါသည်”

“ဟုတ်ပေသည် သူကြွယ်၊ ဆက်၍ မေးဦးအံ့၊ ယောကျ်ား တယောက်သည် ဓားကိုကိုင်မိုးသျက် ပြေးလာရာ၏၊ ‘နာဠန္ဒမြို့သူ မြို့သား အားလုံးကို ယခုချက်ချင်း အကုန်သတ်မည်၊ ယခုချက်ချင်းပင် အရိုးစု-အသားပုံဖြစ်စေမည်’ ဟု ဆိုရာ၏၊ သူကြွယ်၊ ထိုစကားကို သင်ဘယ်သို့မှတ်ထင်သနည်း၊ ထိုယောကျ်ားသည် သူပြောသကဲ့သို့ ပြုလုပ်နိုင်ပါမည်လား၊ ဖြစ်နိုင်ပါမည်လား”

“မဖြစ်နိုင်ပါ၊ မပြုလုပ်နိုင်ပါ၊ အရှင်ဘုရား၊ ယောကျ်ား ဆယ်ယောက်ဖြစ်စေ၊ နှစ်ဆယ်ဖြစ်စေ၊ တရာဖြစ်စေ၊ ဤနာဠန္ဒမြို့ရှိ လူတို့ကို တကြိမ်တည်းဖြင့် ‘တခဏချင်း မသတ်နိုင်ပါ၊ တယောက်တည်းဖြင့် အဘယ်ဆိုဘွယ်ရာရှိပါမည်နည်း”

"စိတ်တန်ခိုးရှိသော၊ စိတ်တန်ခိုးရှိသည်၏အဖြစ်သို့ရောက်ပြီးသော ရသေ့-ယောဂီ၊ သမဏ၊ ဗြဟ္မဏတို့ အကြောင်းကို သင်ကြားဘူး-သိဘူးသလား သူကြွယ်"

"ကြားဘူးပါ၏၊ သိဘူးပါ၏ အရှင်ဘုရား၊ စိတ်တန်ခိုးရရှိပြီးသောပုဂ္ဂိုလ်ဟူသည်မှာ အံ့သြဘွယ်ကောင်းလှပါ၏၊ ပြောရှုမကုန်နိုင်လောက်အောင် ဆန်းကြယ်လှပါ၏၊ ထူးသော အစွမ်းသတ္တိနှင့် ပြည့်စုံပါ၏"

"ဟုတ်ပေသည် သူကြွယ်၊ ထို စိတ်တန်ခိုးရရှိပြီးသော ပုဂ္ဂိုလ်တဦးသည် ဤ နာဠန္ဒမြို့ကို တခဏချင်းဖြင့် ပြာကျအောင်ပြုလုပ်မည်ဟု ဆိုငြားအံ့၊ ထိုစကားကို သင် ဘယ်သို့မှတ်ထင်သနည်း၊ ဖြစ်နိုင်ကောင်းအံ့လော"

"အရှင်ဘုရား၊ ဖြစ်နိုင်သည်သာတည်း၊ ဤ နာဠန္ဒ တမြို့သာမဟုတ်၊ ဆယ်မြို့၊ မြို့ပေါင်းတရာမက ပြာကျ ပျက်စီးနိုင်သောသဘော ရှိပါ၏"

"သူကြွယ်၊ စဉ်းစား၍ ပြောလော့၊ သင်၏ ရှေ့စကားနှင့်နောက်စကားသည် မစပ်ဟပ်မိ ရှိချေ၏၊ ကာယဒဏ်သည်သာလျှင် ကြီးကျယ်သည်၊ ဝစီဒဏ်-မနောဒဏ်ကား ပြောဖွယ်ရာမရှိ၊ အလွန် သေးငယ်ပါ၏ဟု သင်ဆိုခဲ့သည် မဟုတ်လား"

"အရှင်မြတ်ဘုရား၊ ဆိုခဲ့သည်မှာ မှန်ပါသည်၊ သို့ပါသော်လည်း ယခုအခါ၌ တပည့်တော်သည် မြတ်စွာဘုရား၏ တရားစကားကို သဘောပေါက်ပါပြီ၊ မြတ်စွာဘုရား၏ တရားတို့သည် ဖုံးအုပ်ထားသော အရာဝတ္ထုကို လှစ်ဖော်၍ ပြသကဲ့သို့ရင်း

မှောက်ထားသော အရာဝတ္ထုကို လှန်၍ပြသကဲ့သို့ရင်း၊ မျက်စိကောင်းသောသူအား လမ်းခရီးကို ညွှန်ပြသကဲ့သို့ရင်း၊ အမှောင်ထဲ၌ ဆီမီးတန်ဆောင်ကို ထွန်းညှိပေးလိုက်သကဲ့သို့ရင်း နှစ်သက်ဖွယ် ရှိလှပါသည်၊ ဝမ်းမြောက်ဖွယ် ရှိလှပါသည်၊ တပည့်တော်ကို ဥပါသကာ တပည့်ရင်းအဖြစ် အမှတ် ပြုတော်မူပါ ဘုရား၊ အသက်ထက်ဆုံး မြတ်စွာဘုရားကို ကိုးကွယ်ပါ၏။ ဆည်းကပ်ပါ၏၊ တရားတော်-သံဃာတော်ကို ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏"

ဥပါလိသူကြွယ်သည် ဗုဒ္ဓ၏ခြေတော်ရင်း၌ ဝယ်ဦးခေါင်းညွှတ်လျက် ရှိခိုးပူဇော်လေသည်။ လွန်စွာ ရွှင်လန်းဝမ်းမြောက်၍ နေသည်။

"သူကြွယ်၊ စဉ်းစားဆင်ခြင်၍ ပြောပါလေ၊စဉ်းစားဆင်ခြင်၍ပြုလုပ်ပါလေ၊ သင်ကဲ့သို့ ကျော်စော ထင်ရှားသူသည် ဆရာတဦးမှ ဆရာတဦးသို့ပြောင်းလဲခြင်းသည်ရင်း၊ အယူဝါဒတမျိုးမှ အယူဝါဒတမျိုးသို့ ပြောင်းလဲခြင်းသည်ရင်း အရေးကြီးလှပေ၏၊ စဉ်းစားဆင်ခြင်ပြီးမှ ဆုံးဖြတ်လျှင် ကောင်းပါ၏"

ယင်းသို့ ဗုဒ္ဓက မိန့်ကြားလျှင် ဥပါလိသူကြွယ်မှာ ပို၍ပင် ရွှင်လန်းနှစ်သက် ဖြစ်ရပြန်၏။

"အရှင်မြတ်ဘုရား၊ အခြားသော နိဂဏ္ဌ-စသော ဂိုဏ်းဆရာတို့သည် တပည့်တော်ကဲ့သို့သော သူကြွယ်တဦးကို တပည့်အဖြစ် ရရှိပါမူ ဤနာဠန္ဒမြို့တဝှန်းလုံးသို့ သတင်း ပြန့်နှံ့စေရာ ပါ၏။ တံခွန်အောင်လံ စိုက်ထူရာပါ၏၊မြတ်စွာဘုရားမှာမူ ဤသို့မဟုတ်၊ စဉ်းစား ဆင်ခြင်ရန်ပင် တိုက်တွန်းပါ၏၊ အရှင်မြတ်ဘုရား၊

ဘပည့်တော်သည် စဉ်းစားဆင်ခြင်၍ ဆုံးဖြတ်ပါသည်၊ တပည့်တော်ကို ဥပါသကာတပည့်ရင်းအဖြစ်အမှတ်ပြုတော်မူပါဘုရား”

ထို့နောက် ဗုဒ္ဓမြတ်စွာသည် ဥပါလိသူကြွယ်အား အမြင်မှန်လမ်းစဉ်မှန်ရရှိကြောင်း သဘောတရားများကို ဟောပြတော်မူလေသည်။

ဤလောက၌ လူသားတို့သည် ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတည်းဟူသော ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရပ်တည်လျက်ရှိကြောင်း၊ ဖြစ်ပျက်ပြုပြင်ပြောင်းလဲခြင်းဟူသမျှသည် ကာယကံ-ဝစီကံ-မနောကံတို့သာအရင်းမူလဖြစ်ကြောင်း၊ ထို့ကြောင့် ထိုကံသုံးပါး၌ စောင့်စည်းသင့်သည်ကို စောင့်စည်း၍ ပြုလုပ်ကျင့်သုံးသင့်သည်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ သို့မှသာလျှင် လူသားတို့သည် လောက၌ တိုးတက်ကြီးပွား၍ရည်ရွယ်ချက်ပန်းတိုင်သို့ ရောက်ရှိအောင်မြင်မည့်အပြင် လောကမှလည်း လွတ်မြောက်နိုင်ကြောင်း-စသည်ကို ဟောပြတော်မူလေသည်။

ဥပါလိသူကြွယ်သည် လွန်စွာ အားရနှစ်သက်ခြင်းဖြစ်လျက် မိမိနေအိမ်သို့ ပြန်သွားလေ၏။

ဒီဃတပဿီနိဂဏ္ဌသည် ဥပါလိသူကြွယ် ဗုဒ္ဓ၏တပည့်အဖြစ်သို့ ပြောင်းလဲသွားပြီဖြစ်ကြောင်း သတင်းစကား ကြားရလေသည်။ ထို့ကြောင့် သူသည် ဂိုဏ်းဆရာကြီး နာဋပုတ္တနိဂဏ္ဌထံသို့ ပြေးသွားကာ- “အရှင်၊ ဥပါလိ သူကြွယ်သည် ရဟန်းဂေါတမ၏ စိတ်ညှို့ခံရလေပြီ၊ ကျွန်ုပ်တို့ ဆုံးရှုံးလေပြီ၊ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမထံသို့မလွှတ်ပါနှင့်၊ လှည့်ပတ်တတ်ပါသည်၊ စိတ်ညှို့တတ်ပါသည်ဟု ကျွန်ုပ် မပြောလား၊ ယခုတော့

ခက်ချေပြီ၊ ဥပါလိသူကြွယ်ကို ကျွန်ုပ်တို့ ဆုံးရှုံးရချေပြီ”ဟူ၍ ဝမ်းနည်းပက်လက် ပြောကြား၏၊ ယူကျုံးမရ နှလုံးမသာယာ ခြင်းဖြင့် ပြောကြားလေ၏။

ထိုအခါ ဂိုဏ်းဆရာကြီး နာဋပုတ္တက-“ငါ့တပည့်ကြီး တပသီ မစိုးရိမ်ပါနဲ့၊ ဤသတင်းသည် မမှန်နိုင်ပါ၊ ရဟန်းဂေါတမ၏ တပည့်အဖြစ်သို့ ဥပါလိ သူကြွယ်ရောက်ဖို့ အကြောင်းမရှိပါ၊ ရဟန်းဂေါတမသာလျှင် ဥပါလိသူကြွယ်၏တပည့်ဖြစ်ဖို့ ရှိပါ သည်၊ ငါ့တပည့်ကြီး စိတ်အေးအေး နေစမ်းပါ”ဟူ၍ နှစ်သိမ့် ပြောကြားလေ၏။

ဒီဃတပဿီနိဂဏ္ဌက အကြိမ်ကြိမ် ပြောပြသော်လည်း ဂိုဏ်း ဆရာကြီးက လက်မခံပေ။ ထို့ကြောင့် ဥပါလိသူကြွယ်၏ နေ အိမ် ဗိမာန်သို့ သွားရောက်လေ၏။

သူကြွယ်၏ နေအိမ်တံခါးစောင့်သည် တပဿီအား အတွင်း သို့ ဝင်ခွင့်မပေးပေ။ ဥပါလိသူကြွယ် မှာထားသည့်အတိုင်း- “အရှင်၊ ကျွန်ုပ်တို့၏သူကြွယ်သည် ဗုဒ္ဓမြတ်စွာ၏ တပည့်ဖြစ်လေ ပြီ၊ အရှင်တို့ လာရန်မရှိပြီ၊ ဆွမ်းလိုလျှင် ဤတံခါးအပြင်က စောင့်ပါ၊ ပေးလှူပါမည်”ဟု ဆို၏။

ထိုအခါ ဒီဃတပဿီနိဂဏ္ဌသည် ဂိုဏ်းဆရာကြီးထံသို့ အမြန် သွားရောက်ကာ အကြောင်းစုံကို ပြန်ပြောလေ၏။

ဂိုဏ်းဆရာကြီး နာဋပုတ္တနိဂဏ္ဌသည် သူ၏ တပည့် ပရိသတ် တို့ကို ခေါ်ဆောင်ကာ ဥပါလိသူကြွယ်ထံသို့ သွားရောက်လေ၏။

သူကြွယ်၏တံခါးစောင့်သည် နိဂဏ္ဌတို့ကို အတွင်းသို့ ဝင်ခွင့် မပြု။ ယခင်အတိုင်းပင် ပြောပြလေ၏။

နိဂဏ္ဌဆရာကြီးက တံခါးစောင့်ကို အကြိမ်ကြိမ် ပြောကြား သဖြင့် ဥပါလိသူကြွယ်ထံ အကြောင်းကြားလိုက်လေသည်။

ထိုအခါ သူကြွယ်က "အထဲသို့ဝင်လိုက ဝင်ပါစေ"ဟု ခွင့် ပြုလိုက်လေ၏။

နိဂဏ္ဌဂိုဏ်းသား ဂိုဏ်းသူများ အဆောင်တွင်းသို့ ရောက်လာ ကြသောအခါ သူကြွယ်သည် ကောင်းမြတ်သော နေရာထက်၌ ထိုင်လင့်၏။ နာဋပုတ္တနှင့်တကွသော နိဂဏ္ဌတို့အား ဗိမာန်ခန်းမ ဆောင်ကြီး၌ ထိုင်လိုက ထိုင်ကြရန်လည်း ပြောကြား၏။

ရှေးယခင်က မူ ဤကဲ့သို့ နိဂဏ္ဌပရိသတ်များ ရောက်လာလျှင် ခရီးဦးကြိုဆို၍ ကောင်းမွန်သော နေရာထိုင်ခင်းပေး၏။ ရှိသေစွာ ရှိခိုး၏။ ယခုမူကား မိမိက မြင့်သောနေရာ၌ထိုင်ကာ သာမန် ညွှန်သည်ကို လက်ခံစကားပြောသကဲ့သို့ ဆက်ဆံလေ၏။

ထိုအခါ နာဋပုတ္တနိဂဏ္ဌဆရာကြီးက "သူကြွယ်၊ သင် ရူးပြီ လား၊ သင် စိတ်ဖောက်ပြန်နေပြီလား" ဟု မခံမရပ်နိုင်သော အမူအရာဖြင့် ပြော၏။

"သူကြွယ်၊ သင်သည် ရဟန်းဂေါတမကို ဝါဒဖြင့် စွပ်စွဲမည်၊ ပြစ်တင်မည်၊ ဆွဲငင်၍ယူမည်ဟု ဆိုခဲ့သည်မဟုတ်လား၊ ယခုသော် သင်သည်သာလျှင် ရဟန်းဂေါတမ၏ စွပ်စွဲခြင်းခံရ၏၊ ပြစ်တင် ဆွဲငင်ခြင်းခံရ၏၊ ဥပမာအားဖြင့် ဝှေးစေ့ထုတ် ရန် သွား သော ယောကျ်ားသည် ဝှေးစေ့ထုတ်ခံပြီး ပြန်လာသကဲ့သို့၊ မျက်လုံး ဖောက်ထုတ်ရန် သွားသော ယောကျ်ားသည် မျက် လုံး ဖောက်

ဆုတ်ခြင်းခံ၍ ပြန်လာသကဲ့သို့၊ သူကြွယ်၊ သင်သည် ရဟန်းဂေါတမ၏ စိတ်ညှို့ခြင်းကို ခံရလေပြီ” ဟူ၍လည်း ပြစ်တင်ပြောဆိုလေ၏။

ထိုအခါ ဥပါလိ သူကြွယ်သည်-

“နိဂဏ္ဌဆရာကြီး၊ ဗုဒ္ဓမြတ်စွာ၏ စိတ်ညှို့ခြင်းသည် မှန်ကန်ပါ၏၊ မွန်မြတ်ပါ၏၊ ဤလောက၌ လူအပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ စိတ်ညှို့ခြင်းကိုခံရပါမူ ကောင်းလေစွ၊လောကအလုံးသည် သာယာချမ်းမြေ့၍ ဆင်းရဲပင်ပန်းခြင်း ကင်းကြပေအံ့၊ ဗုဒ္ဓမြတ်စွာ၏ စိတ်ညှို့ပညာကား လောကလူသားတို့၏ အကျိုးစီးပွားအတွက် ဖြစ်ပေသည်တကား” ဟူ၍ ပီပြင် ပြတ်သားစွာ ပြန်ပြောလိုက်လေသည်။

နာဋပုတ္တနိဂဏ္ဌသည် မပြောသင့်သော ဆုံး ရှုံး မှု ကြောင့် ဆင်းရဲပင်ပန်းလျက်ရှိ၏။ မသာယာသောမျက်နှာဖြင့် ဥပါလိသူကြွယ်ကို စိန်းစိန်းကြည့်လျက်ရှိ၏။

ဥပါလိသည် တဖန်ထပ်မံ၍ ရှင်းလင်းပြောကြားပြန်၏။

“နာဋပုတ္တ၊ ကျွန်ုပ်ဥပမာတခုကို ဆိုပါဦးမည်၊ သစ်သားဖြင့် ပြုလုပ်ထားသော မျောက်ရုပ်ငယ်သည်ပန်းဆိုးသမား၏ အရောင်ဆိုးခြင်း၊ ခြယ်ခြင်းကို ခံယူနိုင်၏။ ထိုသစ်သား မျောက်ရုပ်ငယ်သည် အရောင်ဖြင့်စွဲနိုင်၏။ ထိုမျောက်ရုပ်ငယ်သည် အဝတ်ဖွပ်သော ကဝါသည်၏ ထုရိုက်ဖွပ်လျှော်ခြင်းကိုကားမခံနိုင်၊ ပွတ်တိုက်ခြင်းကို မခံနိုင်။

“ဤနည်းတူပင် နိဂဏ္ဍာတို့၏အယူဝါဒသည် သူမိုက်တို့၏အစွဲကိုသာ ခံနိုင်ပေ၏၊ပညာရှိတို့၏ အစွဲကိုမခံနိုင်၊အစိစစ်ကို မခံနိုင်၊ အစမ်းသပ်ကို မခံနိုင်။

“ပုဆိုးသစ်သည်ကား ကဝါသည်၏ ပွတ်တိုက်ခြင်း၊ ထုရိုက်ဖွပ်လျှော်ခြင်းကိုလည်း ခံနိုင်၏၊ ပန်းဆိုးသမား၏ အရောင်ခြယ်ခြင်း-ဆိုးခြင်းကိုလည်း ခံနိုင်၏။ဗုဒ္ဓမြတ်စွာ၏ အယူဝါဒလမ်းစဉ်သည် မည်သည့်ပုဂ္ဂိုလ်၏ အစမ်းသပ်ပင်ဖြစ်စေ ခံနိုင်ပါ၏၊ အစိစစ်ကိုလည်း ခံနိုင်ပါ၏။ ပညာရှိသောသူတို့သည် ဗုဒ္ဓမြတ်စွာ၏ အယူဝါဒလမ်းစဉ်ကို သက်ဝင်စွဲမြဲနိုင်သည်သာတည်း”

“သူကြွယ်၊ သင့်ကို ငါ၏တပည့်၊ ငါ၏နောက်လိုက် ပရိသတ်ဟူ၍ လူအပေါင်းတို့က သိနေကြသည်မဟုတ်လား၊ ယခုအခါ၌ သင့်ကို မည်သူ၏တပည့်ဟူ၍ မှတ်ကြရကုန်မည်နည်း”

နာဋပုတ္တနိဂဏ္ဍာသည် ဝမ်းနည်းကျေကွဲသောအသံဖြင့် မေးမြန်းလေ၏။

“ကျွန်ုပ်၏ ဆရာကား လူအပေါင်းတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော၊ ကောင်းမြတ်မှန်ကန်သည့် လမ်းစဉ်ကို ညွှန်ပြတော်မူတတ်သော၊ ကောင်းမြတ် မှန်ကန်သည့် လမ်းစဉ်ကို ကိုယ်တော်တိုင်ကောင်းစွာ သိမြင်တော်မူပြီးဖြစ်သော ဗုဒ္ဓမြတ်စွာပါတည်း”

ဥပါလိသူကြွယ်သည် ယင်းသို့ပြောကြားလျက် ဗုဒ္ဓ တည်ရှိရာဘက်သို့ မျက်နှာမူကာ လက်အုပ်ချီ ရှိခိုးလိုက်လေ၏။

ထိုအခါ နာဠပုတ္တနိဂဏ္ဍသည် ကြီးစွာသော ဆုံးရှုံးခြင်းဖြင့် ဆုံးရှုံးရလေပြီတကား ဟူ၍ ပူပန်ဆင်းရဲလျက်ရှိ၏။ ဦးခေါင်းကို အောက်သို့စိုက်ကာ မလှုပ်မရှက် မျက်ရည်စက်လက်ဖြင့် အသက်ရှူ မမှန်အောင် ပုံပန်းပျက်လျက်ရှိနေ၏။ နိဂဏ္ဍပရိသတ်သည်လည်း ရေလယ်တွင် ဖောင်ပျက်သူများကဲ့သို့ ညှိုးငယ် ပူပန်လျက် ရှိနေကြလေ၏။

[(ဥပါလိသုတ်)]

ဗုဒ္ဓ၏ ဥပမာတထောင်
ဒုတိယပိုင်း ဆက်လက်ထွက်လာပါမည်

# ရေခပ်ချိန်

## ကဗျာများ

ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ဟူသော အတိတ်ခေတ်မှသည် ယနေ့ မျက်မှောက်ခေတ်အထိ မြန်မာ့သမိုင်းတလျှောက်လုံးတွင် သမိုင်းတင်အပ်သော၊ သမိုင်းထူအပ်သော၊ မမေ့နိုင်သော၊ မေ့၍မရသော ပုဂ္ဂိုလ်များ၊ ဖြစ်ရပ်များ၊ နေရာဒေသများ၊ ထူးခြားသော ဝိသေသ လက္ခဏာများ။

မင်းယုဝေ၏ ရေခပ်ချိန် ကဗျာများသည် ခေတ် တခေတ်ကိုသာ တင်ပြခြင်းမဟုတ်။ ခေတ်အဆက်ဆက်ကို တင်ပြသည်။ လူ့လောကကို တင်ပြသည်။

မြန်မာ့လူ့ဘောင်ကို အဖက်ဖက်က ရှုမြင်သုံးသပ်၍၊ လေ့လာစူးစမ်း၍၊ စာနာ၍၊ ခံစား၍ အလက်ာမြောက် ဖွဲ့ဆိုချက်များ။

**ရေခပ်ချိန် ကဗျာများ**သည် ကဗျာမွေ့သူ စာမွေ့သူများ အတွက် အထူး တင်ဆက်လိုက်သော မင်းယုဝေ၏ ပန်းလက်ဆောင်။

ဘဝမာလာ....၊ ရတနာ....၊ အိမ်ပြန်ချိန်.... ကဗျာ စာအုပ်များတွင် မပါရှိသေးသော သီးသန့်ကဗျာများ။ ၁၉၆၄ မှ ၁၉၇၂ အတွင်း ဖွဲ့ဆိုခဲ့သော လက်ရွေးစင် ကဗျာသစ်များ။

မင်းယုဝေ၏ စေတနာ၊ မင်းယုဝေ၏ အားမာန်၊ မင်းယုဝေ၏ အမြင်၊ မင်းယုဝေ၏ အတွေး၊ မင်းယုဝေ၏ ခံစားချက်များကို ဖွဲ့ဆို သီကုံးထားသည်။

ပုဏ္ဏမိ စာပေ၏ အထူးအစီအစဉ်ဖြင့် လှပခန့်ညားစွာ ထွက်လာပါတော့မည်။

တအုပ် နှစ်ကျပ်။

# မင်းယုဝေ၏ သီးသန့်ကဗျာများ

# ဗုဒ္ဓ၏ ဥပမာစကားပြေ

## ဒုတိယပိုင်း

ဗုဒ္ဓ၏ သီးခြား ဥပမာ စကားကောင်းများကို ရွေးချယ် စုစည်းထားသည်။ ထို့ပြင်—

အရှင်မဟာကဿပ၊ အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်အာနန္ဒာ၊ အရှင်ရာဟုလာ၊ အရှင်ဥပါလိ၊ အရှင်ဝက္ကလိ၊ အရှင်အင်္ဂုလိမာလ-စသော ထေရဂ်ရ ရဟန္တာကြီးများနှင့်—

ခေမာထေရီ၊ ဝိသာခါထေရီ၊ ပဋာစာရီထေရီ၊ ဂေါတမီထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ သုမနထေရီ၊ ပုဏ္ဏာထေရီ၊ သုန္ဒရီထေရီ-စသော ထေရဂ်ရ ရဟန္တာမကြီးများ၏ လက်ရွေးစင် ဥပမာစကားကောင်းများ။ ထို့ပြင်—

မိလိန္ဒမင်းကြီး၏ ခက်ခဲသော အမေးပြဿနာများကို အရှင်နာဂသိန် ဖြေကြားရာ၌ သုံးနှုန်းသော ဥပမာများ။(လူတိုင်းနှင့် သက်ဆိုင်သော အကြောင်းအရာများ၊ ဥပမာစကားများကိုသာ ရွေးချယ်ထားသည်။)

အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေးနှင့် လူမှုရေးအထွေထွေ၊ ထို့ပြင် လောကီဘုံ၌ စနစ်တကျ အထက်တန်းကျကျ နေထိုင်နိုင်ရေး၊ ဘဝလွတ်မြောက်ရေးအတွက် အမှန်တကယ် လုပ်ဆောင်ရမည့် လမ်းစဉ်။

ဗုဒ္ဓလက်ထက်က တကယ်-ဖြစ်ပျက်ခဲ့သော စိတ်ဝင်စားဘွယ်ရာ ဝတ္ထုကြီးများ၊ ထိုဝတ္ထုကြီးများ၌ ဖြစ်ရပ်နှင့်ယှဉ်၍ ဗုဒ္ဓပြောပြသော ဥပမာစကားကောင်းများ။

လွယ်လွယ်ရှင်းရှင်းနှင့် လိုရင်းကို သိသာမြင်သာအောင် အထူးစီစဉ်ထားသော ဗုဒ္ဓ၏ဥပမာတထောင် ဒုတိယပိုင်းကို ပုဏ္ဏမိစာပေက စက္ကူဖြူ စက္ကူချောဖြင့် ခန့်ညားစွာ တင်ဆက်ပါမည်။

# သူတို့ရေးသောအိမ်ထောင်ရေး

## အနုပညာရှင် ၁၀၀-ကျော်တို့၏ အကူးလက်ရာ

စာရေးဆရာများ၊ စာရေးဆရာမများ၊ ကဗျာဆရာများ၊ ကဗျာ ဆရာမများ၊ သတင်းစာ ဆရာများ၊ အယ်ဒီတာများ၊ သတင်းထောက်များ၊ ရုပ်ရှင် မင်းသမီး - မင်းသား - အဆိုကျော် များ။

အချစ်ရေး-အိမ်ထောင်ရေးနှင့် ပတ်သက်၍ သူတို့ - သူတို့ - သူတို့၏ အထင် အမြင် အတွေးနှင့် အတွေ့အကြုံများ၊ ခံစား ချက်များ။

အမှက်မထင် ရေးမိကြ၏။ ပွင့်ပွင့်လင်းလင်း မကွယ် မဝှက် ရေးမိကြ၏။ ကိုယ်ရေးကိုယ်တာ ခံစားချက်ကို လွတ်လွတ် လပ် လပ် ဖော်ထုတ်ထားကြ၏။

စာဖတ် ပရိသတ်အတွက် အခွင့်ကောင်းကို ပုဏ္ဏမိ စာပေက ဖော်ကောင် လုပ်လိုက်ပါသည်။

ထွက်တော့မည်     တအုပ် သုံးကျပ်။

# မြန်မာ

မြန်မာနိုင်ငံ

မြန်မာလူမျိုး

မြန်မာ့ စရိုက်

မြန်မာ့ ဓလေ့

မြန်မာ့ ရိုးရာ

မြန်မာ့ စိတ်ဓာတ်

မြန်မာ့ယဉ်ကျေးမှုအထွေထွေ

ဘာသာပြန် မဟုတ်၊ တကြိမ်တခါမျှ မထွက်ပေါ်ဘူးသေးသော စာအုပ်။

မြန်မာ့အကြောင်းကို မြန်မာတို့ သိရှိရေးအတွက် အယ်ဒီတာဦးလေးမြိုင် နှစ်ပေါင်းများစွာ လေ့လာစူးစမ်း၍ အထူးကြိုးပမ်းရေးသားထားသော စာအုပ်ကောင်းတအုပ်။

ပုဂ္ဂမိ စာပေ၏ မြန်မာ့မှု အထူးထုတ်စာအုပ်၊ လုပ ခန့်ညားစွာ စီမံတင်ဆက်ပါမည်။ တအုပ် သုံးကျပ်။

# အယ်ဒီတာ့ စာပွဲ

နှစ်ပေါင်းများစွာ

လပေါင်းများစွာ

ရက်ပေါင်းများစွာ

ထို စားပွဲတွင် လာရောက်ထိုင်ခဲ့ဘူးသူ စာရေးဆရာ ကြီး-ငယ်များ၊ စာရေးဆရာမ ကြီး-ငယ်များ၊ ကဗျာဆရာ-ကဗျာဆရာမ ကြီး-ငယ်များ၊ ပန်းချီဆရာ၊ ကာတွန်းဆရာများ၊ စာဖတ်ပရိသတ်များ....။

သူတို့-သူတို့နှင့် အယ်ဒီတာများ ဆက်ဆံရေး အဖုံဖုံ။ ထို့ပြင်-

လုပ်ငန်းဆိုင်ရာ၊ ကိုယ်ရေးကိုယ်တာ၊ မြုပ်ကွက်၊ ဖော်ကွက်၊ ကတ်လုံး၊ ကွက်ကျော်....စသည်-စသည်ဖြင့် စာပေပရိသတ်ကြီး မသိလိုက်ရသော မဂ္ဂဇင်း နောက်ကွယ်မှ ဖြစ်ရပ်များ။

ပုဏ္ဏမီစာပေ၏ စွန့်စွန့်စားစား ဖော်ထုတ်ချက်။

ထူးထူးခြားခြား ထွက်လာပါမည်။ တအုပ် သုံးကျပ်။